# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၂၈ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၇၉)


# ခေတ်သစ်စစ်ပွဲဆင်နွှဲနိုင်သည့် တပ်မတော်ဖြစ်အောင် ကြိုးစားတည်ဆောက်
## နည်းပညာများနှင့် လိုက်လျောညီထွေပြောင်းလဲနေသည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကိုလေ့လာ




၂၀၁၇ ခုနှစ် (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ယန္တရားတပ်များ စစ်ချီလာမှုကို တွေ့ရစဉ် (သတင်းစဉ်)

**နေပြည်တော် မတ် ၂၇**

"တိုင်းချစ်ပြည်ချစ်စိတ်ရှိသူ လူငယ်လူရွယ်များရဲ့နိုင်ငံကာကွယ်ရေးအတွက် စိတ်အားထက်သန်မှုဟာ အလွန်တန်ဖိုးရှိတဲ့ တိုင်းပြည်ရဲ့အားပဲ ဖြစ်တယ်။ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲရှိတယ်ဆိုတာ မမေ့ကြဖို့ ပြောလိုတယ်"ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က ပြောကြားသည်။

၂၀၁၇ ခုနှစ် (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပစဉ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားလိုက်ခြင်းဖြစ်သည်။

ယနေ့ ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများကို လေ့လာကြည့်လျှင် အခြေခံအားဖြင့် တည်ငြိမ်အေးချမ်းမှုရှိပြီး ဖြစ်သည်ကို တွေ့နိုင်ကြောင်း၊ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည့်နိုင်ငံများကိုကြည့်လျှင် နိုင်ငံရေး၊ လူမျိုးရေးအမြင်ကျဉ်းမှုနှင့် လူမျိုးကြီးဝါဒ၊ ဘာသာရေးအစွန်းရောက်မှုများကြောင့်


*စာမျက်နှာ ၄ ကော်လံ ၁* ✻


**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပထမ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို(၈) မျက်နှာဖြင့် ဖော်ပြထားသည်။

## ဒီမိုကရေစီ၏ပြယုဂ်သည် လွှတ်တော်များဖြစ်သည့်အတွက် လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းရန် ကြိုးပမ်း


စာမျက်နှာ - ၃


## န္ယူကလီးယားလက်နက် ပိတ်ပင်တားဆီးရေး ဘုံသဘောတူညီမှု ညှိနှိုင်းဆွေးနွေးပွဲစတင်


စာမျက်နှာ - ၁၀



ငွေစုချင်သူများအတွက်
အထူးအစီအစဉ်
FIXED DEPOSIT
FOR THREE MONTHS
10% p.a
INTEREST
AGDBANK
Asia Green Development Bank Limited.
Tel: 01-23 99 333
(၂၀-၄-၂၀၁၇)ရက်အထိ၁၀၀,၀၀၀/-(ကျပ်တစ်သိန်းတိတိ)နှင့်အထက်(၃)လတိတိအပ်နှံသူများခံစားခွင့်ရှိပါသည်။

# အမှုမဲ့ အမှတ်မဲ့ မနေစေလို

နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မီဒီယာများမှတစ်ဆင့် ကြိုတင်သတိပေးနှိုးဆော်ချက်များထုတ်ပြန်ခဲ့ပြီး ရက်သတ္တနှစ်ပတ်ခန့်ကာလအတွင်း ထူးခြားသည့် မိုးလေဝသဖြစ်စဉ်များမှာလည်း ဖြစ်ပေါ်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း အရပ်ဒေသများတွင် နွေကာလဖြစ်သည့်အလျောက် နေ့အပူချိန်များမြင့်တက်လာခြင်း၊ ယင်းနှင့်ဆက်နွယ်၍ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ကြောင်း၊ လေပြင်းတိုက်ခတ်စဉ် မြေပြင်၊ ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးထားခဲ့သကဲ့သို့ပင် လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ပန်ကြားချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ထားပြီး နေအိမ်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ပြင်ဆင် ရန် အကြံပြုချက်များ၊ မိုးသည်းထန်စွာရွာသွန်းချိန် လေပြင်းတိုက် ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းတို့ ဖြစ်ပေါ်လာချိန်တွင် သတိပြုဆောင်ရွက်ရန်များ၊ သဘာဝဘေးနှင့်ကြုံတွေ့ရပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ဖော်ပြအသိပေးထားခဲ့ပြီးဖြစ်သည်။

သဘာဝဖြစ်စဉ်များဖြစ်သည့် နွေကာလနေ့အပူချိန် မြင့်တက်ခြင်းကြောင့် ပြည်သူများကျန်းမာရေးဆိုင်ရာဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ရာ အပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဆားဓာတ်များဆုံးရှုံးမှုများပြားကာ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ နုံးချည့်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်၍ ကိုယ်အပူချိန်တက်ခြင်း၊ အတက်ရောဂါဖြစ်ပွားခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေများဖြစ်ပေါ်တတ်ရာ အပူဒဏ်အန္တရာယ်ကာကွယ်ရေးအတွက်လည်း မီဒီယာများမှတစ်ဆင့် နှိုးဆော်ပေးလျက်ရှိသည်။

ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် မိုးလေဝသဖြစ်စဉ်များမှာလည်း ပိုမိုပြင်းထန်ကြမ်းတမ်းလျက်ရှိသည်။ တစ်ဖက်တွင်လည်း မိမိတို့မြန်မာနိုင်ငံသည် သဘာဝဘေးကျရောက်မှုကြောင့် ထိခိုက်နိုင်ခြေအများဆုံးနိုင်ငံများအနက် ဒုတိယနေရာတွင်ရှိနေရာ မိုးလေဝသဖြစ်စဉ်များအပေါ် လူတိုင်းက အာရုံစိုက်သတိပြုကြရန်လိုအပ်ပြီး သဘာဝဘေးအန္တရာယ်များ မကျရောက်မီကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ ဘေးအန္တရာယ်ကျရောက်လာချိန်တွင်လည်း အလျင်မြန်ဆုံးနှင့်အကောင်းဆုံးတုံ့ပြန်နိုင်ရန် လေ့ကျင့်စီမံထားခြင်း၊ ဘေးအန္တရာယ်ကျရောက်ပြီးအချိန်တွင် ဆောင်ရွက်ကြရမည့် နောက်ဆက်တွဲလုပ်ငန်းများအတွက် ကြိုတင်စီမံချက်များရေးဆွဲထားခြင်းတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများက ပြင်ဆင်ဆောင်ရွက်နေကြသလို ဒေသတွင်းနေထိုင်သူများကလည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်။

အထူးသဖြင့် ထူးခြားသော မိုးလေဝသဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန် ဂရုပြုဖွယ်တို့ကို သက်ဆိုင်ရာဌာန အသီးသီးတို့က မီဒီယာနည်းလမ်းများမှတစ်ဆင့် အသိပေးနှိုးဆော်ထုတ်ပြန်လျက်ရှိရာ အမှုမဲ့၊ အမှတ်မဲ့ လျစ်လျူပြုမနေဘဲ သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ရှောင်လွှဲကျော်လွှားနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

# ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များ အခမဲ့ရယူနိုင်




# တောင်ကြီးမြို့မစျေးတွင် လက်တွေ့မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်

**တောင်ကြီး မတ် ၂၇**

တောင်ကြီးမြို့မစျေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်မှုနှင့် အသက်ကယ်ဆယ်ရေးလုပ်ငန်းများဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဈေးဝန်ထမ်းများပူးပေါင်း၍ မတ် ၂၇ ရက်က မြို့မစျေးအတွင်း သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်သောသန္နမီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးမှ ဈေးသူဈေးသားများနှင့်ဈေးဝန်ထမ်းတစ်ဦးချင်းအား ရှေးဦးမီးငြိမ်းသတ်နည်းဖြစ်သည့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းကို လက်တွေ့သင်ပြလုပ်ဆောင်စေခဲ့သည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးကျော်ကိုကိုနှင့် သန္နမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးဝန်ထမ်းများပူးပေါင်းကာ မီးသတ်ယာဉ်လေးစီး၊ မြို့နယ်စည်ပင်သာယာရေး ရေသယ်ယာဉ်တစ်စီး၊မီးသတ်ရေသယ်ယာဉ်သုံးစီးနှင့် မီးသတ်စက်ကြီးစွမ်းရည်ကို သရုပ်ပြခဲ့ကြသည်။

မီးဘေးကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ရာသို့ တောင်ကြီးခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးကျော်ကိုကို၊ မြို့နယ် ရဲတပ်ဖွဲ့၊ နယ်မြေခံခန်း ဒုရဲအုပ်သက်နိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးဌာန ဈေးတာဝန်ခံ ဦးခင်အေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ဈေးဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်များ၊ ဈေးသူဈေးသားများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**စိုင်းသန်းကျော်(မြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း  ၂၇-၃-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၉၀၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၁၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၅၅/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၅ ကျပ် | (လက်ကားဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၂ . ၄၄ |
| ထိုင်း | တစ်ဘတ် | ၃၉ . ၅၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၈၀ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ . ၆၂ |

မြန်မာ့အလင်း
၁၂၇၃ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဒီမိုကရေစီ၏ပြယုဂ်သည် လွှတ်တော်များဖြစ်သည့်အတွက် လုပ်ငန်းစဉ်များခိုင်မာအားကောင်းရန် ကြိုးပမ်း

**နေပြည်တော် မတ် ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ချင်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲ ၂ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ရှိ ပြည်ထောင်စုရိပ်သာအစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဥပဒေပြုရေး၊ ဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လွှတ်တော် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကာလသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို ဒီမိုကရေစီစနစ်ထွန်းကားရန်၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သို့မှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလ တရားများလည်း ထွန်းကားလာမည်ဖြစ်ကြောင်း။

ဒီမိုကရေစီ အခွင့်အရေးများရရှိမှ တရားဥပဒေစိုးမိုးမှုရှိမည်ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုရှိမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်ရသည့် မဏ္ဍိုင်ကြီး (၃) ရပ်သည် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ မဏ္ဍိုင်(၃)ခုသည် တစ်ခုနှင့်တစ်ခုလွှမ်းမိုးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းမျိုး ပြုလုပ်၍မရပါကြောင်း၊ အပြန်အလှန်သာ ထိန်းကျောင်းနိုင်ပါကြောင်း။

မေးမြန်းသည့်မေးခွန်း၊ တင်သွင်းသည့်အဆိုများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးနိုင်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်လျှို့ဝှက်ကိစ္စရပ်များဖြစ်၍ မရပါကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင်ပါရှိသည့် မေးခွန်း၊ အဆိုတို့နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များကို လိုက်နာကြရန်လိုကြောင်း။

ဥပဒေပြဋ္ဌာန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသည့် ဥပဒေဖြစ်ရန်လိုကြောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ခေတ်ကာလအခြေအနေတို့နှင့် လိုက်လျောညီထွေမှုမရှိသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်ရန်လိုကြောင်း၊ ထို့ပြင် ပြည်သူများလေးစားလိုက်နာနိုင်သည့် ဥပဒေဖြစ်ရန်လည်း အထူးလိုအပ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံတည်ဆောက်မည်ဆိုပါက သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ နားလည်မှုရှိခြင်း၊ ယုံကြည်မှုရှိခြင်းများဖြင့် တိုင်းပြည်နှင့်ပြည်သူလူထုအတွက်၊ အနာဂတ်မျိုးဆက်များအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ပြယုဂ်သည် လွှတ်တော်များဖြစ်သည့်အတွက် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစွာ လည်ပတ်နိုင်ရန် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက အစဉ်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရာတွင် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရှိရန် ကိုယ်စားလှယ်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အစဉ်ရေးရှုဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများကို အလေးထား ဆောင်ရွက်နေသည်မှာလည်း အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းများတွင်လည်း တိုင်းရင်းသားများကို ထိုက်သင့်သည့်နေရာများ ပေး၍ ထည့်သွင်း ဖွဲ့စည်းထားရှိပါကြောင်း။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အပြန်အလှန် ထိန်းကျောင်းခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Check and Balance ပြုလုပ်သည့်နေရာတွင် ကန့်သတ်ချက်ဘောင်များကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဖြစ်ရအောင် အထူးသတိပြုရန်လိုကြောင်း၊ မိမိတို့ မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်အောင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ခွင့်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် လွှတ်တော်တွင်း ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြပြီး သိရှိလိုသည်များကို မေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဟားခါးမြို့ မြို့သစ်ရပ်ကွက်ရှိ ချင်းပြည်နယ်လွှတ်တော်ရုံး တည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဟားခါးမြို့ အိပ်မက်တော်ရ သစ္စာအောင်မြေကုန်းတော်၊ ဇေတဝန်တောရကျောင်းတိုက်၏ လက်ထောက်ဆရာတော် ဦးဇဋိတနှင့် ဟားခါးမြို့ပေါ်ရှိ သာသနာပြုဆရာတော် ရှစ်ပါးအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဟားခါး ချင်းနှစ်ခြင်းအသင်းတော်သို့ သွားရောက်၍ အသင်းဝင်များအား တွေ့ဆုံနှုတ်ဆက်စကား ပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်စဉ်ကြောင့် ရွှေ့ပြောင်းနေထိုင်ရန် ရန်းတောင်ပြိုကျခဲ့သည့် နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ချင်းပြည်နယ်၊ စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထလာဟရဲနှင့် ပြည်နယ် ဆည်မြောင်းဦးစီးဌာနဦးစီးမှူး ဦးတင်အေးတို့က ရန်းတောင်သဘာဝဘေး ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဟားခါးမြို့အား သဘာဝဘေးမှ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**(သတင်းစဉ်)**

# (၇၂)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားကို ရန်ကုန်မြို့ရှိ NLD ရုံးချုပ်၌ ကျင်းပ

**ရန်ကုန် မတ် ၂၇**

(၇၂)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ရုံးချုပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကသူရ ဦးတင်ဦးက “ ဒီကနေ့အခမ်းအနားဟာ လွတ်လပ်ရေးဗိသုကာကြီး၊ အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တကွ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများဟာ တပ်မတော်နဲ့ ပေါင်းစည်းညီညွတ်မှုဖြင့် ဖက်ဆစ်ကို အောင်မြင်စွာ တွန်းလှန်တိုက်ပွဲဝင်ခဲ့တဲ့ (၇၂) နှစ်မြောက် သမိုင်းဝင်နှစ်ပတ်လည်နေ့ဖြစ်ပါတယ်။ ဒီဖက်ဆစ်တော်လှန်ရေးကြီးမှာ တပ်မတော်၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီမှအစ အခြားနိုင်ငံရေး အင်အားစုများဟာ မတူခြားနားတဲ့ နိုင်ငံရေးခံယူချက်တွေ ဘယ်လောက်ပဲ ရှိနေ ရှိနေ အမျိုးသားလွတ်လပ်ရေးဆိုတဲ့ ဘုံရပ်တည်ချက်နဲ့ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ပြီး တိုက်ပွဲဝင်ခဲ့ကြလို့ အချိန်တိုအတွင်းမှာ အောင်ပွဲရခဲ့ခြင်းဖြစ်ပါတယ်။ ဒီအောင်ပွဲရဲ့ရလဒ်ကြောင့် အမျိုးသားလွတ်လပ်ရေးကို ဂုဏ်ယူဝံ့ကြွားစွာ အရယူနိုင်ခဲ့ခြင်းဖြစ်ပါတယ်”ဟု ပြောကြားသည်။**(ယာပုံ)**

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ (၇၂) နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ ကြေညာချက်ကို ဖတ်ကြားပြီး ယနေ့အခမ်းအနားသို့ ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များမှ ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

ယနေ့အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြီးမှူးကျင်းပပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နာယကနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ သံတမန်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **ဇော်ကြီး(ပဏ္ဍိတ)**



* ရှေ့ဖုံးမှ

လက်နက်စွဲကိုင်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာသည့် ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအယူဝါဒကွဲလွဲမှုများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးတည်ဆောက်ခဲ့ကြရာတွင်လည်း မိမိတို့တပ်မတော်အနေဖြင့် အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း။

ယနေ့ခေတ်သည် သိပ္ပံနှင့် နည်းပညာသာမက သတင်းဆက်သွယ်ရေးနည်းပညာ (ICT)များ လျင်မြန်သည့် အရှိန်အဟုန်ဖြင့် တိုးတက်လာသည့်အတွက် စစ်မှုရေးရာများလည်း ပြောင်းလဲစစ်နည်းဗျူဟာများကိုလည်း လေ့လာနေရမည်ဖြစ်ကြောင်း၊ ၂၁ ရာစု စစ်မြေပြင်တွင် နည်းပညာသာလွန်သည့် တပ်မတော်ကသာ စစ်ပွဲကို အောင်မြင်မည်ဖြစ်သည့်အတွက် ၂၁ ရာစု ခေတ်သစ်စစ်ပွဲကို ဆင်နွှဲနိုင်သည့် တပ်မတော်ဖြစ်အောင် ကြိုးစားတည်ဆောက်ရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က “နိုင်ငံတော်ကာကွယ်ရေး ဆောင်ရွက်ရာမှာ စစ်ရေးတစ်ခုတည်းသာမက တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကိုပါ ဆောင်ရွက်ရမှာဖြစ်တယ်။ ဒီလိုကျယ်ပြောတဲ့ နိုင်ငံတော်ကာကွယ်အဖွဲ့အစည်းများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ဥပဒေအရ စောင့်ရှောက်ပေးရပြီး ဥပဒေစိုးမိုးမှုနဲ့ လုံခြုံရေးအားနည်းတဲ့နေရာမှာ တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ပေးရမှာ ဖြစ်တယ်”ဟု ပြောကြားခဲ့သည်။

မိမိတို့ တပ်မတော်အနေဖြင့် တိုင်းပြည်အတွက် ပညာတတ်များ ပေါ်ပေါက်လာရန် ပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးရမည် ဖြစ်ကြောင်း၊ အတန်းပညာတတ်မှ အတတ်ပညာတတ်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် လူငယ်များတွင် ဗလငါးတန်ပြည့်စုံပြီးနေကြောင်း။

ပြည်သူလူထု၏ ကုန်ထုတ်လုပ်ငန်းများ၊ ဝင်ငွေရမည့်လုပ်ငန်းများ အောင်မြင်စေရန် ကူညီပေးရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ကုန်ထုတ်လုပ်ငန်းများကို စိတ်ဝင်စားလာစေရန်နှင့် ထုတ်ကုန်များ ဈေးကွက်ဝင်စေရန်လည်း ကူညီပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာနယ်မြေအလိုက် ဒေသခံလူထုအတွက် ထိုလုပ်ငန်းများ အောင်မြင်စေရန် တပ်မတော်က အားပေးကူညီခြင်းဖြင့် ဒေသဖွံ့ဖြိုးပြီး မြို့ပြသို့ လူစီးဆင်းမှုကို လျော့ကျသက်သာစေမည်ဖြစ်ကြောင်း၊ တစ်ဖက်က ပြည်ပသွားရောက်လုပ်ကိုင်မှုများ လျော့ကျစေပြီး ရပ်ဝေး



တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ၂၀၁၇ ခုနှစ် (၇၂) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)




၂၀၁၇ ခုနှစ် (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ် (သတင်းစဉ်)

လာကြောင်း၊ ၂၁ ရာစု ခေတ်သစ်စစ်ပွဲများသည် အကန့်အသတ် အတားအဆီးမဲ့ပုံစံဖြင့် အရပ်မျက်နှာအမျိုးမျိုး၊ နယ်ပယ်အမျိုးမျိုးမှ ပုံသဏ္ဌာန်မျိုးစုံဖြင့် ပုံဖော်တိုက်ခိုက်လာမည်ဖြစ်ကြောင်း၊ ၂၁ ရာစု ခေတ်သစ်စစ်ပွဲ အောင်နိုင်ရန်အတွက် သတင်းဆက်သွယ်ရေး နည်းပညာများ၊ အီလက်ထရွန်နစ် နည်းပညာများ၊ စက်မှုနည်းပညာများအဆင့်မီ သင်ကြားတတ်မြောက်ထားရမည် ဖြစ်ကြောင်း၊ နည်းပညာများနှင့် လိုက်လျောညီထွေပြောင်းလဲနေသည့် စစ်မဟာဗျူဟာ၊ ရေးအတွက် ဆောင်ရွက်ရာမှာ တပ်မတော်တစ်ခုတည်းမဟုတ်ဘဲ နိုင်ငံသားတိုင်းမှာလည်း တာဝန်ရှိတယ်။ နိုင်ငံတော်ကာကွယ်ရေးမှာ ပြည်တွင်း ပြည်ပအန္တရာယ်တွေကနေ လုံခြုံအောင် ကာကွယ်ရုံမျှမက ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်၊ ပြည်သူလူထုနဲ့ နိုင်ငံရဲ့ အကျိုးစီးပွားတွေ၊ တိုင်းပြည်ရဲ့ မြေပေါ်မြေအောက် သယံဇာတတွေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားကြဖို့ တာဝန်ရှိတယ်။ တရားဥပဒေစိုးမိုးရေးမှာ အုပ်ချုပ်ရေးတိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် နိုင်ငံတော်ကာကွယ်လိုစိတ်များ ဖြစ်ပေါ်အောင်၊ တိုင်းပြည်အတွက် အကျိုးပြုသည့်သူများဖြစ်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်ပေးထားသကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးအတွက် စိတ်ဝင်စားသည့် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများကိုလည်း တက္ကသိုလ်လေ့ကျင့်ရေးတပ် (UTC) များ ဖွင့်လှစ်ပြီး အခြေခံစစ်ပညာများ သင်ကြားလေ့ကျင့်ပေးမြေခြားတွင် မိမိတို့နိုင်ငံသားများ ရင်ဆိုင်ရသည့် အခက်အခဲအကျပ်အတည်းများဒဏ်မှ လွတ်မြောက်စေလိမ့်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပြောကြားသည်။

၂၀၁၇ ခုနှစ် (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စစ်ကြောင်းများသည် သစ်တပ်စစ်ရေးပြကွင်း၌ နံနက် ၅ နာရီမှ စတင်ရောက်ရှိနေရာယူကြသည်။

စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ဇော်တင် ဦးဆောင်သည့် အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အောင်ဇေယျနှင့် ဆင်ဖြူရှင်စစ်ကြောင်း အသီးသီးသည် အခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးသို့ ချီတက်လာစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် ဒေသခံပြည်သူများက စစ်ကြောင်းကြီးများချီတက်ရာ လမ်းတစ်လျှောက်မှ ဂုဏ်ပြုပန်းကုံးများဖြင့် ကြိုဆိုကြသည်။

(၇၂)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်

*စာမျက်နှာ ၅ သို့*




၂၀၁၇ ခုနှစ် (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ချီတက်လာသော တပ်မတော်စစ်ကြောင်းကြီးများအား ပြည်သူများက ကြိုဆိုဂုဏ်ပြုစဉ် (သတင်းစဉ်)

စာမျက်နှာ ၄ မှ

အရာရှိကြီးများ၊ ဗမာ့လွတ်လပ်ရေး တပ်မတော်(BIA) တပ်သားဟောင်းကြီး ဦးကျော်ဇံ၊ လွတ်လပ်ရေး မော်ကွန်းဝင် ပုဂ္ဂိုလ်များ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ လွှတ်တော်ကော်မတီ များမှ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား လွှတ်တော်ကိုယ်စား လှယ်များ၊ စွမ်းရည်ဘွဲ့တံဆိပ်ရရှိသူများ နှင့် အမွေခံများ၊ NCA လက်မှတ်ရေးထိုး ထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်သူ့ စစ်နှင့်နယ်ခြားစောင့် ဗဟိုအကြံပေး ကွပ်ကဲရေးအဖွဲ့များ နိုင်ငံခြားစစ်သံရုံး များမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းတို့မှ အဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေး တက္ကသိုလ်မှ ကျောင်းသားကျောင်းသူ များ၊ တက္ကသိုလ်လေ့ကျင့်တပ်များမှ


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများကို စစ်ဆေးစဉ်

တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီအဖွဲ့ဝင်များ၊ အနုပညာ ရှင်များ၊ စစ်ချီသီချင်း၊ စစ်သည် တေး သီချင်း၊ ကဗျာ၊ ဝတ္ထုတိုနှင့် ဝတ္ထုရှည်ပြိုင်ပွဲ များတွင် ဆုရရှိကြသူများ၊ ရေကြောင်း လူငယ်၊ လေကြောင်းလူငယ်သင်တန်း များမှ အုပ်ချုပ်သူနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။

စစ်ရေးပြအခမ်းအနားတွင် စစ်ရေး ပြစစ်ကြောင်းကြီးများကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က မော်တော် ယာဉ်ဖြင့် စစ်ဆေးခြင်း၊ မိန့်ခွန်းနာခံပြီး နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အား စစ်ရေးပြမှူးကြီး ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းကြီးများနှင့် ယန္တရား စစ်ကြောင်းများက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်း၊ တစ်ချိန်တည်းတွင် အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး)ကိုယ်စားပြု စစ်ရေးပြတပ်စု မှ အရာရှိစစ်သည်များ၊ တပ်မတော် (ရေ)မှ ရေတပ်စစ်ဆင်ရေး အထူးတပ်ဖွဲ့

*စာမျက်နှာ ၆ သို့*


တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ စစ်ကြောင်းကြီးများအား ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်


ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ် စစ်ကြောင်းကြီးများအား ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် မြင်းစီးတပ်ဖွဲ့ဝင်များခြံရံလျက် စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိလာစဉ်


တပ်မတော်စစ်ကြောင်းကြီးများ စစ်ရေးပြကွင်းကြီးအတွင်းသို့ ချီတက်လာစဉ်

# တပ်မတော်နေ့အထိမ်းအမှတ် သူရဲကောင်းဗိမာန်(နေပြည်တော်)ဖွင့်လှစ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် သူရဲကောင်းဗိမာန်အဆောက်အအုံအတွင်း ဂုဏ်ပြုကျောက်တိုင်ဘေးရှိ ကြယ်လေးပွင့်မှ ဂုဏ်ပြုမီးညွန့်များအား စက်ခလုတ်နှိပ် ထွန်းညှိပေးစဉ်။

**နေပြည်တော် မတ် ၂၇**

(၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သူရဲကောင်းဗိမာန် (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိ အဆိုပါနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က သူရဲကောင်းဗိမာန်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် သူရဲကောင်းဗိမာန် အဆောက်အအုံအတွင်း ဂုဏ်ပြုကျောက်တိုင်ဘေးရှိ ကြယ်လေးပွင့်မှ ဂုဏ်ပြုမီးညွန့်များအား စက်ခလုတ်နှိပ်ထွန်းညှိပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းဗိမာန်အတွင်းရှိ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းချ၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်စွန့်လှူတ်ခဲ့ရသူများအား အလေးပြုကြသည်။

သူရဲကောင်းဗိမာန်(နေပြည်တော်)ကြီးကို နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်ကိုစွန့်လှူတ်ခဲ့ရသည့် မြန်မာ့သူရဲကောင်းများကိုဂုဏ်ပြုရန်၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်စွာ အုပ်ချုပ်ခွင့်ရရှိပြီးသည့်နောက် အသိအမှတ်ပြုဖွယ်ရာ ရဲစွမ်းသတ္တိရှိစွာ ကြိုးစားအားထုတ်မှုများ ပြုလုပ်ရာတွင် အသက်ကိုစွန့်လှူတ်ခဲ့သည့် သူရဲကောင်းများကို ဂုဏ်ပြုရန်ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည့်အပြင် ယင်းသူရဲကောင်းများအား နောင်လာနောက်သားများက အမြဲအမှတ်ရနေစေရန် မျိုးဆက်သစ် လူငယ်များ၏စိတ်ထဲတွင် နိုင်ငံတော်ကိုချစ်သည့်စိတ်နှင့် နိုင်ငံတော်အတွက် စွန့်လှူတ်စွန့်စားလိုသည့်စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းလာစေရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သူရဲကောင်းဗိမာန်(နေပြည်တော်)ကို တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီး၏ အရှေ့ဘက် ပေ ၃၀၀၀ ခန့်အကွာ အကျယ်အဝန်း ၃၈ ဒသမ ၅ ဧကခန့်ရှိ တောင်ကုန်းပေါ်၌ ၂၀၁၆ ခုနှစ် မတ် ၂၉ ရက်တွင် စတင်ပန္နက်ရိုက်၍ စကျင်ကျောက်များဖြင့် တည်ဆောက်ထားပြီး ဗိမာန်ကြီး၏ အလျား၊ အနံ၊ အမြင့်မှာ ၅၄ ပေစီရှိကာ မြန်မာမှုလက်ရာ ၃၄ မျိုးဖြင့် ပုံဖော်ထုဆစ်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

---

*စာမျက်နှာ ၅ မှ*

(Navy SEALs)မှ အရာရှိစစ်သည်များက ရဟတ်ယာဉ်များပေါ်မှ အမြန်ဆင်းကြိုးများဖြင့် မြေပြင်သို့ဆင်းသက်ကြပြီး စစ်ရေးပြစစ်ကြောင်းများနှင့်အတူ လိုက်ပါ ချီတက်ခြင်း၊ တပ်မတော်(လေ)မှ ရဟတ်ယာဉ်၊ လေယာဉ်နှင့် တိုက်လေယာဉ်များက သရုပ်ပြပျံသန်းကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကို နေပြည်တော်ရှိ သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

### ဆုများပေးအပ်ချီးမြှင့်

ဆုပေးပွဲတွင် စစ်ရေးပြဂုဏ်ပြုဆု၊ အလံကိုင်အဖွဲ့ဂုဏ်ပြုဆု၊ အထူးတာဝန်တပ်ဖွဲ့အမျိုးသမီးတပ်ခွဲဂုဏ်ပြုဆု၊ မြင်းစီးစစ်ရေးပြတပ်စု ဂုဏ်ပြုဆု၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့ ဂုဏ်ပြုဆု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းဂုဏ်ပြုဆု၊ အလံကိုင်အဖွဲ့ အကောင်းဆုံးဆု၊ စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုများကို လည်းကောင်း၊ အကောင်းဆုံးစခန်း ပထမ၊ ဒုတိယ၊ တတိယဆု၊ စစ်ချီသီချင်း အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆု၊ စစ်စည်းကမ်း အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆု၊ စစ်ရေးပြအကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆု၊ စံပြတပ်ခွဲ ပထမ၊ ဒုတိယ၊ တတိယဆုများကို လည်းကောင်း ညွှန်ကြားရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။




(၇၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်



**(၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပထမဆုရရှိသည့် စံပြတပ်ခွဲအား ညွှန်ကြားရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆုချီးမြှင့်စဉ်**

ထို့နောက် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ (၇၂) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် ပြည်ထောင်စုသစ္စာ ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထု စာမူဆုရရှိသူ စာပေပညာရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

### လက်ဆောင်ပစ္စည်းများ ပေးအပ်

မွန်းလွဲပိုင်းတွင် (၇၂) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် အငြိမ်းစား တပ်မတော် အရာရှိကြီးများအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်၌ ဂါရဝပြု ကန်တော့ကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ညပိုင်းတွင် (၇၂)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့်ဧည့်သည်တော်များအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

# (၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား မြင်ကွင်းပုံရိပ်များ




(၇၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်ကြောင်းကြီးများ ချီတက်လာကြစဉ်

(၇၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ရေ) ရေတပ်စစ်ဆင်ရေးအထူးတပ်ဖွဲ့မှ စစ်သည်များ ရဟတ်ယာဉ်များပေါ်မှ အမြန်ဆင်းကြိုးများဖြင့် မြေပြင်သို့ ဆင်းသက်လာကြသည်ကို တွေ့ရစဉ်





(၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်ချီတက်သည့် စစ်ကြောင်းများ (အပေါ်ပုံနှင့် ယာပုံ)





(၇၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်သည့် ယန္တရားစစ်ကြောင်းကြီးများကို တွေ့ရစဉ်





# ရခိုင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မတ် ၂၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မတ် ၂၅ ရက် နေ့လယ်ပိုင်းတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်နေသော အရှည်ပေ ၆၀၀ စိုင်းဒင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။



ထို့နောက် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်ရှိ အရှည်ပေ ၈၈၀ ရသေ့တောင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၇) မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦးက ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်း ၂၂ မိုင်ခြောက်ဖာလုံပေါ်တွင် ဘဏ္ဍာရေးနှစ်အလိုက်ဆောင်ရွက်သည့် အရှည်ပေ ၁၂၀၀ တောဖျားချောင်းတံတား၊ အရှည်ပေ ၁၄၀ ဝါးခွပ်ချောင်းတံတား၊ အရှည်ပေ ၁၂၀ ပြွန်ချောင်းတံတား၊ အရှည်ပေ ၄၅၀ ထွန်းရဝေတံတားများ ဆောင်ရွက်ပြီးစီးမှုနှင့် အရှည်ပေ ၈၈၀ ရသေ့တောင်တံတား တည်ဆောက်နေမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျပါကြောင်း၊ လမ်းကွန်ရက်များ ချိတ်ဆက်မိရန် တံတားများကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းအခြေအနေနှင့် အဆိုပါလမ်းပေါ်ရှိ အရှည်ပေ ၁၂၀၀ တောဖျားချောင်းတံတား တည်ဆောက်ပြီးစီးမှုတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၆ရက် နံနက်ပိုင်းတွင် ရန်ကုန်-အမ်း-စစ်တွေလမ်း (အမ်း-စစ်တွေအပိုင်း) လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ **(အပေါ်ပုံ)**ကွန်ကရစ်တံတားများ တည်ဆောက်နေမှု၊ မြောက်ဦးမြို့အဝင် ရေကျော်သည့်နေရာတွင် လမ်းတာပေါင်တင်ခြင်းနှင့် မြေထိန်းနံရံတည်ဆောက်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ ရာမောင်ကြိုးတံတား အကြီးစားပြင်ဆင်ပြီးစီးမှုတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ်စစ်ဆေးပေးရန်နှင့် ကုန်တင်ယာဉ်များ၊ သတ်မှတ်ထားရှိသည့် တန်ချိန်အတိုင်း စနစ်တကျ ဖြတ်သန်းမောင်းနှင်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လမ်းတစ်လျှောက် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၇)မှ ကြံ့ခိုင်မှုအားနည်းသော ဒါးလက်ချောင်းဘေလီတံတားနေရာတွင် ကွန်ကရစ်တံတားသစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းဆောင်တွင် တံတားတည်ဆောက်ရေးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြင့်နိုင်ဦးက သဘာဝဘေးဒဏ်ကြောင့် ဘေလီတံတားဟောင်းပျက်စီးမှုနှင့် ပြည်လည်အသစ် တည်ဆောက်နေသည့် တံတားလုပ်ငန်းများနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အသစ်တည်ဆောက်သည့်တံတား Bored Pile တူးရာတွင် သတ်မှတ်အနက်ရရှိရေး စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ယခုတည်ဆောက်နေသည့် ဒါးလက်ချောင်းတံတားသစ်သည် အရှည်ပေ ၉၆၀ တံတား အမျိုးအစားမှာ အောက်ထည်အုတ်မြစ် Bored Pile Foundation အပေါ်ထည် - သံကူကွန်ကရစ် ရက်မ၊ Box Girder ၊ သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့်တည်ဆောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေ့လယ်ပိုင်းတွင် အမ်းမြို့မှ ဆက်လက်ထွက်ခွာပြီး အမ်း - ပဒဲကြော-မအီလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ မအီ-တောင်ကုတ်လမ်းအပိုင်း အတက်အဆင်း မတ်စောက်သည့် နေရာများတွင် စက်ယန္တရားများဖြင့် အနိမ့်အမြင့် ဖြေညှိခြင်း၊ ဖြတ်မြေ၊ ဖို့မြေလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ သံတွဲ - တောင်ကုတ်လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု၊ ရွှေလှေတံတားကြံ့ခိုင်မှုနှင့် ရေလမ်းကြောင်းအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ညနေပိုင်းတွင် သံတွဲမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# (၇၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် နယ်လှည့်အသိပညာပေးလုပ်ငန်းများ မောင်တောၐ်ဆောင်ရွက်

**မောင်တော မတ် ၂၇**

(၇၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် နယ်လှည့်အသိပညာပေးလုပ်ငန်းများကို မောင်တောမြို့နယ် ခရေမြိုင်နတလကျေးရွာ၌ ယနေ့နံနက်ပိုင်းက မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

ယင်းသို့ပြုလုပ်ရာ၌ ကျေးရွာနေပြည်သူများအား နံရံကပ်စာစောင်နှင့် ဓာတ်ပုံများ ပြသခြင်း၊ ကျေးရွာစာကြည့်တိုက်စတင်ထူထောင်ရန်အတွက် စာအုပ်စာစောင်များ လှူဒါန်းခြင်း၊ ဖျော်ဖြေရေးနှင့် အသိပညာပေးအဖြစ် သီချင်းနှင့်ပညာပေး VCD များပေးအပ်ခြင်း၊ နယ်လှည့်စာဖတ်ဝိုင်းနှင့် စာအုပ်များအကြောင်း မိတ်ဆက်ရှင်းပြခြင်း၊ (၇၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်လက်ကမ်းစာစောင်များ၊ အခြားဗဟုသုတရရှိစေမည့် လက်ကမ်းစာစောင်နှင့် စာအုပ်ငယ်များကို အခမဲ့ပေးဝေခဲ့သည်။

ထို့အပြင် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြသည့် ကလေးငယ်များအား အာဟာရအဖြစ် မုန့်များဝေငှခြင်း၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခြင်း၊ ပျော်ရွှင်မှုရရှိစေရန်၊ ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ဉာဏစွမ်းရည်ဖွံ့ဖြိုးလာစေရန်အတွက် ကလေးများအား ပုံပြောပြခြင်း၊ ပန်းချီဆွဲစေခြင်း၊ စက္ကူခေါက်၍ အရုပ်ငယ်များ ပြုလုပ်စေခြင်း၊ အရုပ်ဆက်ကစားခြင်း၊ ပုံနှင့်စာ မှောက်ကစားခြင်း၊ ရောင်စုံပူဖောင်းငယ်များ လက်ဆောင်ပေးခြင်းတို့ကို ပြန်/ဆက် ဝန်ထမ်းများနှင့် သာလီစွ ပရဟိတလူငယ်များက ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။

နယ်လှည့်ပညာပေး လုပ်ငန်းသို့ ခရေမြိုင် နတလစံပြကျေးရွာနှင့် DPA ငြိမ်းချမ်းရေးကျေးရွာတို့မှ လူကြီးလူငယ်အင်အား ၄၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ကျေးရွာနှစ်ရွာအတွက် စာကြည့်တိုက်မတည်ရန် စာအုပ်စာစောင် ၁၆၁ အုပ်ကို ခရိုင် ပြန်/ဆက်မှ လှူဒါန်းခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်နှင့် စာအုပ်ငယ်ပေါင်း ၇၀၁ အုပ်ကို ဝေငှပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ရာမည၊ တင်စိုး**



# ဘူးသီးတောင်မြို့နယ်အတွင်းရှိ ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**ဘူးသီးတောင် မတ် ၂၇**

ယခုနှစ်မတ်လအတွင်း အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာသဖြင့် ကျေးလက်ဒေသအချို့၌ သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်လာရလျက်ရှိရာ ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှာလည်း သောက်သုံးရေ ရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် (Water Donar Association Buthidaung-WDAB) အဖွဲ့တို့ပူးပေါင်း၍ ဘူးသီးတောင်မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသောကျေးရွာများသို့ မတ်လတတိယပတ်အတွင်းက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ထိုသို့လှူဒါန်းရာတွင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျိန်ကျောင်ကျေးရွာသို့ မတ် ၂၃ ရက်တွင်လည်းကောင်း၊ မတ် ၂၅ ရက်တွင် သာစည်၊ သရက်ပြင်၊ကြာညိုပြင်ကျေးရွာများသို့လည်းကောင်း တစ်ရွာလျှင် ရေဂါလန် ၅၀၀ နှုန်းဖြင့် နှစ်ကြိမ်သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် ငလှမ်းပြင်၊ မာန်အောင်၊ ကျွဲဂြိုမော်ကျေးရွာများသို့လည်း မတ်လမကုန်မီ ဆက်လက်သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး**

# ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ကတ္တရာလမ်းသစ်ဖွင့်

**မော်လမြိုင်ကျွန်း မတ် ၂၇**

(၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မော်လမြိုင်ကျွန်းမြို့တွင် အရေးပါသော အမှတ်(၉)ရပ်ကွက် အေးရိပ်သာရလမ်းလမ်းမကြီးအား ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၅ ရက်က အေးရိပ်သာရလမ်း လမ်းမကြီးယာယီ မဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်သိန်းနှင့် မတည်အလှူရှင် ဦးမြင့်ထွန်းတို့က ကွန်ကရစ်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းလမ်းမကြီးမှာ လမ်းအရှည်ပေ ၃၆၀၊ အကျယ် ၁၀ပေ ရှိပြီး ဒေသခံပြည်သူများက ငွေကျပ် ၄၅ သိန်းဖြင့် ကွန်ကရစ် ကတ္တရာလမ်းခင်းပေးနိုင်ခဲ့သောကြောင့် အမှတ်(၉)ရပ်ကွက်ရှိ ဆက်သွယ်ရေးလမ်းမ (၂၆)လမ်းတို့နှင့် ဆက်သွယ်သွားလာရေး အဆင်ပြေလွယ်ကူသွားပြီဖြစ်သည်။ **မော်ကျွန်း-မြင့်အောင်**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

# ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် သူငယ်တော်-ကတဲ-ပနန်-ပန်းခွာလမ်းနှင့် ပန်းလောင်မြစ်ကူးကွန်ကရစ်တံတားသစ်ဖွင့်

**ကျောက်ဆည်  မတ် ၂၇**

ကျောက်ဆည်ခရိုင် ပနန်ကျေးရွာတွင် သူငယ်တော်-ကတဲ-ပနန်-ပန်းခွာလမ်းနှင့် ပန်းလောင်မြစ်ကူးကွန်ကရစ်တံတားသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်သည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးဘတ်ဂျက်ငွေများ ရရှိသည့်အပေါ်တွင် စိစိစစ်စစ် သုံးစွဲဆောင်ရွက်ခဲ့ခြင်းကြောင့် ပိုလျှံငွေများရရှိခဲ့ကြောင်း၊ အဆိုပါငွေများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲနေကြောင်း၊ မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ် အတွင်း မဖွံ့ဖြိုးသေးသည့် ကျေးရွာများကို အဓိကဦးတည်ပြီးဆောင်ရွက်နေကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ ပညာရေးမြှင့်တင်မှုလုပ်ငန်းများအပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း ကျေးလက်လမ်းတံတားများဖောက်လုပ်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရန် ဆောင်ရွက်ခြင်း၊ ကျေးလက်မီးလင်းရေးစီမံကိန်းလုပ်ငန်းများကို အဓိကထားအကောင်အထည်ဖော်ဆောင်ရွက်ပြီး မျှမျှတတဖြစ်အောင် ဆောင်ရွက်နေကြောင်း ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၁၁ လမ်း၊ ကျောက်ချောလမ်း ၆၇ လမ်း၊ ဂျင်းလမ်း ၄၀၊ မြေသားလမ်း ၃၄ လမ်း စုစုပေါင်း ၁၅၂ လမ်း၊ အရှည် ၂၀၃ မိုင် ၀ ဒသမ ၃၆၆၇ ဖာလုံကို ရန်ပုံငွေကျပ် ၇၂၅၂ ဒသမ ၂၈၈၅ သန်း၊ ကွန်ကရစ်တံတား ၃၈ စင်း၊ သစ်သားတံတား ၂၂ စင်း၊ ရေကျော် ၈၉ စင်း၊ ရေပြွန် ၁၄၀ စင်း စုစုပေါင်း ၂၈၉ စင်းကို ခွင့်ပြုရန်ပုံငွေကျပ် ၂၅၀၅ ဒသမ ၀၉၆၅ သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းလည်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အာခေါင်ကွဲဝေဒနာရှင်များအား အခမဲ့ကုသ

**ဘားအံ  မတ် ၂၇**

ကရင်ပြည်နယ် ဘားအံမြို့တွင် သီတဂူခွဲစိတ်ကုသရေးအဖွဲ့နှင့် ဘားအံပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ မတ် ၂၆ ရက် နံနက် ၉ နာရီမှစ၍ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အာခေါင်ကွဲဝေဒနာရှင်များအား ဘားအံပြည်သူ့ဆေးရုံကြီး ခွဲစိတ်ဆောင်နှင့် နား၊ နှာခေါင်း၊ လည်ချောင်းအဆောင်တို့တွင် အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စမ်းသပ်ခွဲစိတ်ကုသသည့်အဖွဲ့တွင် ခွဲစိတ်အထူးကုဆရာဝန်ကြီး Ms. BRREYER ISABELLE ဦးဆောင်သော ဘယ်လ်ဂျီယံနိုင်ငံသား ရှစ်ဦး၊ ဘယ်လ်ဂျီယံနိုင်ငံသူ ခြောက်ဦး၊ အမေရိကန်နိုင်ငံသူတစ်ဦး ပါဝင်သောအဖွဲ့နှင့် ဘားအံပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ဒေါက်တာ မေနွယ်သန်း၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဒေါ်လုလု၊ အထူးကုဆရာဝန်များနှင့် သူနာပြုများဦးစီး၍ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ နှုတ်ခမ်းကွဲရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခြင်းဖြစ်ပြီး ဘားအံမြို့နယ်နှင့် ပတ်ဝန်းကျင်မြို့နယ်များရှိ ရပ်ကွက်/ကျေးရွာများမှ ဝေဒနာရှင်များ လာရောက်၍ ကုသမှုခံယူကြကြောင်း သိရသည်။

ခွဲစိတ်အထူးကုဆရာဝန်ကြီးများသည် မတ် ၂၆ ရက်မှ ၂၈ ရက်ထိ သုံးရက်တိုင်တိုင် အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ပြီး မတ် ၂၆ ရက်တွင် မျက်စိရောဂါဝေဒနာရှင် အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၆၃ ဦး စုစုပေါင်း ၁၁၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းဝေဒနာရှင် အမျိုးသား ၂၆ဦး၊ အမျိုးသမီး ၄၂ ဦး စုစုပေါင်း ၆၈ ဦး လာရောက်စမ်းသပ်ကုသပြီး ခွဲစိတ်မှုမရှိသေးကြောင်း၊ နှုတ်ခမ်းကွဲရောဂါဝေဒနာရှင် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ရှစ်ဦး၊ သံဃာတစ်ပါး စုစုပေါင်း ၂၂ ဦးကို ခွဲစိတ်ကုသပေးခဲ့ကြောင်း၊ မတ် ၂၇ ရက်တွင် နှုတ်ခမ်းကွဲရောဂါဝေဒနာရှင် ၂၃ ဦးကို ထပ်မံ၍ ခွဲစိတ်ကုသပေးခဲ့ကြောင်းနှင့် ခွဲစိတ်ကုသမှုကို မတ် ၂၈ ရက် ညနေပိုင်းအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**





**ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်မင်း ဦးဆောင်၍ မတ် ၂၅ ရက်က ပဲခူးခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများစုပေါင်း၍ သောက်သုံးရေပြတ်လပ်သော ကဝမြို့နယ် ရွှေတဆုပ်ကျေးရွာသို့ သောက်ရေသန့်ဘူးကြီး ၁၅၀ နှင့် သုံးရေဂါလန် ၃၅၀၀ တို့ကို သွားရောက်လှူဒါန်းစဉ်** သန့်စင် (ပဲခူး)

# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော်  မတ်  ၂၆**

တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင်နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်သင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

# ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း ရေရှားပါးဒေသများသို့ ရေလှူခြင်းနှင့် စက်ရေတွင်းများ တူးဖော်လှူဒါန်း

**နေပြည်တော်  မတ် ၂၇**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ညွှန်ကြားမှုဖြင့် ရေရှားပါးသည့်နေရာဒေသများတွင် ပြည်သူများအဆင်ပြေစွာ အသုံးပြုရန်အတွက် ရေသယ်ယာဉ်အသစ်များ ပေးအပ်လှူဒါန်းလျက်ရှိရာ မတ် ၂၆ ရက်တွင် မကွေးမြို့ပြည်သူများအသုံးပြုရန်အတွက် ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ် နှစ်စီးကို ပြည်သူများကိုယ်စား အောင်ပရဟိတအသင်းထံသို့ လည်းကောင်း၊ မတ် ၂၅ ရက်တွင် နတ်မောက်မြို့ ပြည်သူများ အသုံးပြုရန်တွက် ရေသယ်ယာဉ်အသစ် တစ်စီးကို ပြည်သူများကိုယ်စား စိတ်ဓာတ်ဖြူစင်ကရုဏာရှင်များ ပရဟိတအသင်းထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် ပရဟိတအဖွဲ့အစည်းများဖြစ်သည့် ကျော်သူပရဟိတကွန်ရက်အဖွဲ့၊ ရေနံချောင်းမြို့ အဖြူရောင်ပရဟိတအဖွဲ့၊ စစ်ကိုင်းမြို့ မြသပိတ်-ဘုံဆွမ်းလောင်းအသင်း၊ ပုသိမ်မြို့မြို့မရေသန့်အလှူတော်အသင်းနှင့် မြင်းခြံမြို့အဖြူရောင်လက်များ ပရဟိတအသင်း အစရှိသည့်ပရဟိတအဖွဲ့ ငါးဖွဲ့ထံ ၂၀၁၇ ခုနှစ် မတ်လတွင် ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ်တစ်စီးစီ စုစုပေါင်း ရေသယ်ယာဉ် ငါးစီးကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင် ရေလှူဒါန်းမှုများ ပိုမိုထိရောက်စွာပြုလုပ်နိုင်ရန်အတွက် ကူမဲမြို့ မီးသတ်ဌာနသို့ တစ်စီး၊ ကလေးမြို့ ကလေးလွင်ပြင်လူမှုကူညီရေးအဖွဲ့သို့ တစ်စီး၊ မြစ်သားမြို့ ကလျာဏမိတ္တလူမှုကူညီရေးအဖွဲ့သို့ တစ်စီး၊ နွားထိုးကြီး မေတ္တာမွန်လူမှုကူညီရေးအဖွဲ့သို့တစ်စီး၊ ကျောက်ဆည်မြို့ ရွှေစေတီဘိုးဘွားရိပ်သာ လူမှုကူညီရေးအဖွဲ့သို့ တစ်စီး၊ ဟားခါးမြို့မိမြို့ဖများ အဖွဲ့သို့ နှစ်စီး၊ ကရင်ပြည်နယ် အစိုးရအဖွဲ့သို့ ငါးစီးနှင့် Eleven Media Group ပရဟိတအဖွဲ့သို့ တစ်စီး စုစုပေါင်း ရေသယ်ယာဉ်အသစ် ၁၃ စီးလှူဒါန်းခဲ့ပြီး ဖြစ်သည်။ ယခုနှစ် မတ်လအတွင်း ရေသယ်ယာဉ်များ ထပ်မံလှူဒါန်းမှုများကြောင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ရေရှားပါးပြီး အမှန်တကယ်လိုအပ်နေသော နေရာဒေသအသီးသီးသို့ ရေသယ်ယာဉ်အသစ်စုစုပေါင်း ၂၉ စီး လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအတွင်း ရေလိုအပ်နေသည့် ဒေသများတွင် သန့်စင်သော သောက်သုံးရေများလှူဒါန်းနိုင်ရန်အတွက် ၂၀၁၆ ခုနှစ်အတွင်း ရေသယ်ယာဉ် ၄၄ စီးကိုဝယ်ယူခဲ့ပြီး ရေရှားပါးသော ဒေသများသို့ ရေဂါလန်ပေါင်းသန်းချီ၍ ဖြန့်ဝေလှူဒါန်းနိုင်ခဲ့သည်။ ယခုနွေရာသီကူးပြောင်းချိန်ကာလတွင် မြန်မာနိုင်ငံတစ်ဝန်း ရေရှားပါးသောဒေသများတွင် သောက်သုံးရေပိုမိုလိုအပ်လာမည်ဖြစ်သဖြင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေဖြင့် အခြားလိုအပ်သော ရေရှားပါးသည့် နေရာဒေသအသီးသီးရှိ ပြည်သူများထံသို့ ရေသယ်ယာဉ်များကို ဆက်လက်ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် မြန်မာပြည်အနှံ့ ရေရှားပါးသောဒေသများနှင့် ရေတွင်းတူးရန် အလွန်ခက်ခဲသော ဒေသများတွင် ခေတ်မီရေတွင်းတူးစက်ကြီးများဖြင့် စက်ရေတွင်းပေါင်း ၁၉၇ တွင်း တူးဖော်လှူဒါန်းပေးခဲ့ရာ မတ် ၂၁ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ၁၄၉ တွင်းမြောက် စက်ရေတွင်းကို အောင်မြင်စွာ တူးဖော်လှူဒါန်းနိုင်ခဲ့သည်။ တစ်ပြိုင်တည်းမှာပင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် သာမိုင်းခမ်းရွာနှင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဖျာဒိုးကျေးရွာရှိ ဖားအောက်တောရဓမ္မရိပ်သာတို့တွင်လည်း စက်ရေတွင်းတူးစက်ကြီးများနှင့် တစ်ပြိုင်နက်တည်း ဆက်လက်တူးဖော်လှူဒါန်းပေးလျက်ရှိပြီး ၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး စသည့်ကဏ္ဍပေါင်းစုံတွင် ငွေကျပ် ၁၁၄ ဘီလီယံကျော်ကို နိုင်ငံတော်နှင့် ပြည်သူအတွက် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သဲနိုင်ဦး**

# စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ စည်းကမ်းချက်များ လျှော့ချမည့်ဥပဒေကို ထရန့်လက်မှတ်ထိုးမည်

**ဝါရှင်တန် မတ် ၂၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အမေရိကန်ပြည်ထောင်စုရှိ ကုမ္ပဏီများအား စွမ်းအင်ထုတ်လုပ်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရန် ရည်ရွယ်သည့် အမိန့်ထုတ်ပြန်မှုတစ်ရပ်ကို လာမည့် အင်္ဂါနေ့တွင် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း အုပ်ချုပ်ရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်လက်အောက်တွင် အမေရိကန်ပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီအဖွဲ့သည် အိုဘားမားလက်ထက်က ကျင့်သုံးခဲ့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို ပြန်လည်ဖယ်ရှားပစ်ရန် ရည်ရွယ်လျက်ရှိသည်။

ထရန့်သည် ပြည်တွင်းစွမ်းအင်ရင်းမြစ်များ အသုံးပြုမှုအပေါ် ကန့်သတ်ထားသည့် မလိုအပ်သော စည်းမျဉ်းစည်းကမ်းအတားအဆီးများကို လျှော့ချပစ်ရန် ယင်းဥပဒေထုတ်ပြန်မှုကို လက်မှတ်ရေးထိုးသွားရန် စီစဉ်လျက်ရှိသည်။

ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးအေဂျင်စီ (EPA) စီမံကိန်းကြပ်ရေးမှူး စကော့ပီရုဒ်က ထရန့်၏ အမိန့်ထုတ်ပြန်မှုသည် သမ္မတအိုဘားမား အစိုးရအဖွဲ့လက်ထက် ကျင့်သုံးခဲ့သည့် သဘာဝလောင်စာ အသုံးမပြုသော နည်းဗျူဟာကို ပျက်ပြယ်သွားစေရန် အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပီရုဒ်သည် ရာသီဥတုပြောင်းလဲရခြင်းမှာ လူသားတို့၏ အပြုအမူကြောင့် ဖြစ်သည်ဟူသော သိပ္ပံနည်းကျသုံးသပ်မှုအပေါ် သံသယရှိသူအဖြစ် လူသိများသူဖြစ်သည်။

(ရိုက်တာ)



# သစ်ပင်ခုတ်လှဲသည်ကို တားဆီးသည့်အမျိုးသမီးအား အရှင်လတ်လတ်မီးရှို့မှုဖြစ်ပွား

**နယူးဒေလီ မတ် ၂၇**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျက်စ်သန်ပြည်နယ် ဂျိုဒ့်ပါးရ်မြို့အနီး ရွာတစ်ရွာ၌ သစ်ပင်ခုတ်လှဲရာတွင် ဆန့်ကျင်ကန့်ကွက်သဖြင့် အသက် ၂၀ အရွယ် အမျိုးသမီးတစ်ဦးကို အရှင်လတ်လတ်မီးရှို့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထိုသို့ မီးရှို့မှုမှာ မတ် ၂၆ ရက်က ဖြစ်ပွားခဲ့ပြီး မတ် ၂၇ ရက်နံနက်အစောပိုင်းတွင် အဆိုပါအမျိုးသမီးမှာ ဒဏ်ရာများဖြင့် ဆေးရုံသို့ ရောက်ရှိလာခဲ့သည်။

ရဲများ၏အဆိုအရ လယ်လီတာအမည်ရှိသော အမျိုးသမီးသည် ၎င်း၏ရွာအနီး လမ်းဖောက်ရန်အတွက် ၎င်း၏ လယ်ကွက်အတွင်းရှိ သစ်ပင်များအား ခုတ်လှဲခြင်းကို ကန့်ကွက်ခဲ့ကြောင်း သိရသည်။

သေးငယ်သော အငြင်းပွားမှုဖြင့် စတင်ခဲ့သော်လည်း တဖြည်းဖြည်း အရှိန်မြင့်တက်လာခဲ့ပြီး ရွာသားအုပ်စုက အမျိုးသမီးအား တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ကျေးရွာသူကြီး ရန်ဗီယာဆင်းဂ်ကိုယ်တိုင်ပါဝင်ခဲ့ပြီး အဆိုပါ ရွာသားအုပ်စုမှာ ထိုမျှနှင့် ရပ်တန့်မသွားဘဲ အမျိုးသမီး၏ကိုယ်ပေါ်သို့ ဓာတ်ဆီများလောင်းချကာ မီးရှို့ခဲ့ ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

"ဒီအမှုကို သက်သေပြနိုင်မှာပါ။ မကြာခင်မှာ စွပ်စွဲခံရသူတွေကို ဖမ်းဆီးနိုင်တော့မှာပါ"ဟု အကြီးတန်း ရဲအရာရှိတစ်ဦးက ပြောသည်။ (ဆင်ဟွာ)

# ယူကရိန်းတပ်မတော်ရဟတ်ယာဉ်ပျက်ကျ ယာဉ်ပေါ်ပါသူအားလုံးသေဆုံး

**ကီယက်ဗ် မတ် ၂၇**

ယူကရိန်းစစ်ဘက်ဆိုင်ရာ အမ်အိုင်-၂ အမျိုးအစား ရဟတ်ယာဉ်တစ်စင်း ယမန်နေ့က ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဒိုးနက်ခ်ပြည်နယ် ကာရာမာတော့ခ်မြို့အနီး၌ ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူ ငါးဦးလုံး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ရဟတ်ယာဉ်ပေါ်၌ လေယာဉ်အမှုထမ်း သုံးဦးလိုက်ပါသွားပြီး ကျန်နှစ်ဦးမှာခရီးသည်များဖြစ်ကြောင်း ယူကရိန်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန သတင်းဝက်ဆိုက်တစ်ခုတွင် ဖော်ပြခဲ့သည်။ ရဟတ်ယာဉ်သည် လျှပ်စစ်မီးကြိုးကိုတိုက်မိကာ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ပညာရှင်များက ကနဦးသုံးသပ်ခဲ့ကြသည်။

ကယ်ဆယ်ရေးအဖွဲ့များနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များသည် ရဟတ်ယာဉ်ပျက်ကျရာနေရာသို့ ရောက်ရှိခဲ့ပြီး လိုအပ်သည့် လုပ်ငန်းဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့ကြောင်းသိရပြီး ရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ (ဆင်ဟွာ)



ယူကရိန်းတပ်မတော်ရဟတ်ယာဉ်အား ပျက်ကျမှုမဖြစ်ခင် တွေ့ရစဉ်

# နျူကလီးယားလက်နက် ပိတ်ပင်တားဆီးရေး ဘုံသဘောတူညီမှု ညှိနှိုင်းဆွေးနွေးပွဲစတင်

**နယူးယောက် မတ် ၂၇**

နျူကလီးယားလက်နက်များကို ပိတ်ပင်တားဆီးမည့် တရားဝင်စည်းကမ်းချမှတ်မှုဆိုင်ရာ သဘောတူညီမှုရရှိရေး ညှိနှိုင်းဆွေးနွေးမှု ကွန်ဖရင့်အစည်းအဝေးကို နယူးယောက်မြို့တော်ရှိ ကုလသမဂ္ဂအဖွဲ့ဌာနချုပ်တွင် တနင်္လာနေ့က စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။ သို့သော် အစည်းအဝေးတွင် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံများအားလုံး ပါဝင်တက်ရောက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံသည် ပြီးခဲ့သည့် ဒီဇင်ဘာလက ညှိနှိုင်းဆွေးနွေးပွဲစတင်ရန်အတွက် မဲခွဲဆုံးဖြတ်ခဲ့သည်။ နျူကလီးယားလက်နက်ကိုင်ဆောင်မှုမရှိသည့် နိုင်ငံ ၅၀ ကျော်တို့က ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ရန် လက်ခံခဲ့ကြပြီး ၁၁၃ နိုင်ငံက နျူကလီးယားပြဿနာ အဖြေရှာဖွေရေးကို ထောက်ခံခဲ့ကြသည်။

နိုင်ငံတကာဥပဒေစည်းမျဉ်းများကို ချိုးဖောက်သည်ဟု ယူဆရသည့်အချက်များအပေါ် အခြေခံ၍ နျူကလီးယားလက်နက်အသုံးပြုမှုကို ပိတ်ပင်တားဆီးမှုပြုလုပ်သွားရန် နိုင်ငံအချင်းချင်းဘုံသဘောတူညီမှုရရှိရေး ဆွေးနွေးသည့် အစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း သိရသည်။




ညှိနှိုင်းဆွေးနွေးမှုအတွင်း နိုင်ငံပေါင်း ၁၀၀ ကျော် ပါဝင်ဆွေးနွေးကြရန်မျှော်မှန်းထားခဲ့သည်။ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့် နျူကလီးယားလက်နက်ကိုင်ဆောင်မှုကို မည်ကဲ့သို့ စွဲချက်တင်မည်ဆိုသော ကိစ္စရပ်အပေါ် ဦးတည်လျက် ညှိနှိုင်းဆွေးနွေးသွားကြဖွယ်ရှိကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုနှင့် ရုရှားကမူ ဆွေးနွေးပွဲသည် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ လက်တွေ့ကျသည့် ရှုမြင်သုံးသပ်မှုများ ထည့်သွင်းရန်လိုအပ်နေကြောင်း ပြောကြားခဲ့သည်။

(အင်န်အိတ်ချ်ကေ)

# ဂျပန်နိုင်ငံ တိုချီဂီ စီရင်စုတွင် နှင်းထုပြိုကျခဲ့ရာ ကျောင်းသားရှစ်ဦးသေဆုံးပြီး ၃၀ ခန့် ဒဏ်ရာရ

**တိုကျို မတ် ၂၇**

ယနေ့နံနက်က ဂျပန်နိုင်ငံ တိုချီဂီ စီရင်စုရှိ စကိတ်နှင်းလျှောစီးရာ တောင်စောင်းတစ်ခုပေါ်မှ နှင်းထုများပြိုကျမှုကြောင့် ကျောင်းသား ရှစ်ဦးသေဆုံးခဲ့ပြီး ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားခဲ့သည်။

တိုချီဂီ စီရင်စု နာဆူမြို့ရှိ စကိတ်နှင်းလျှောစီးရာ တောင်စောင်းတစ်ခုတွင် နွေဦးကာလ တောင်တက်ခြင်း အလုပ်ရုံဆွေးနွေးပွဲပြုလုပ်နေစဉ် ထိုသို့ နှင်းထုပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ နှင်းထုပြိုကျချိန်တွင် အဆိုပါနေရာ၌ အထက်တန်းကျောင်း ခုနစ်ကျောင်းမှ ကျောင်းသား ၆၀ ကျော်နှင့် ဆရာ၊ ဆရာမ ၁၂ ဦးခန့်ရှိကြောင်း ဒေသခံမီဒီယာများက ဖော်ပြခဲ့သည်။

ယနေ့နံနက် ဒေသစံတော်ချိန် ၇ နာရီခွဲတွင် ဆရာများနှင့် ကျောင်းသားများ အဆိုပါ နှင်းလျှောစီးတောင်ကြောတွင် တောင်တက်ခြင်း လှုပ်ရှားမှုစတင်ခဲ့ကြောင်း၊ ထို့နောက် ဆီးနှင်းများပြိုကျခြင်း ဖြစ်ပွားခဲ့ဟန်တူကြောင်း၊ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ တွင် တာဝန်ကျသူတစ်ဦးက အရေးပေါ်ဖုန်းခေါ်ဆိုမှုရရှိခဲ့ကြောင်း စသည်ဖြင့် ကျောင်းကိုယ်စားလှယ်တစ်ဦးက ပြောခဲ့သည်။

နွေဦးကာလ တောင်တက်ခြင်းကို မတ် ၂၅ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး မတ် ၂၇ ရက်တွင် အဆုံးသတ်ရန် ရည်ရွယ်ထားခဲ့ကြောင်း ကျောင်းပြောခွင့်ရသူတစ်ဦးက ပြောခဲ့သည်။ နွေဦးကာလ တောင်တက်ခြင်းအစီအစဉ်တွင် လူဦးရေ ၆၆ ဦးခန့် ပါဝင်ခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင် ကယ်ဆယ်ရေးဆောင်ရွက်မှုများ လုပ်ဆောင်နေကြောင်း တိုချီဂီမီးသတ်နှင့် သဘာဝဘေးကာကွယ်ရေးဌာနက ပြောခဲ့သည်။

နှင်းထုပြိုကျမှုတွင် သေဆုံးသူ၊ ဒဏ်ရာရသူများအတွက် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို ထိပ်တန်းဦးစားပေးအနေဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ယနေ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)



# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ နောက်ဆုံးနေ့ အထူးစည်ကားများပြား

**မော်လမြိုင် မတ် ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို နောက်ဆုံးနေ့အဖြစ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ်ဘက်စုံခန်းမ၌ မတ် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပရာ ယခင်နေ့များထက် မိဘပြည်သူများ၊ မွန်ပြည်နယ် ၁၀မြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများ ပိုမိုများပြားစွာ လာရောက်ကြသည်ကို တွေ့ရသည်။

ယနေ့ နောက်ဆုံးနေ့ဖြစ်သည့်အလျောက် ဆေးရောင်စုံပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ အရုပ်ခေါက်ပြိုင်ပွဲများတွင် ကလေးသူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကြိတ်ကြိတ်တိုး စောင့်ဆိုင်းနေကြပြီး မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမအတွင်း၌လည်း မွန်ပြည်နယ်ရှိ အခြေခံကျောင်းများနှင့် ဓမ္မစကူးလ်မှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေတင်ဆက်ကပြကြသည်။ ထို့နောက် မျက်လှည့်ပြပွဲများ၊ ဆင်အကများ၊ ရုပ်သေးကပွဲများဖြင့်လည်း ဆက်လက်တင်ဆက်ဖျော်ဖြေကြသည်။

ယင်းနောက် မွန်ပြည်နယ်ရှိ အခြေခံကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ တို့က ကျပန်းစကားပြောပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး (၃၈) ဖြာမင်္ဂလာသုတ်ရွတ်ဆိုပြိုင်ပွဲကို ပထမရက်နှင့် ဒုတိယရက်တို့မှ အကောင်ဆုံး ရွေးချယ်ထားသည့် ကျောင်းသားကျောင်းသူ ၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဆက်လက်၍ စာရေးဆရာ မင်းချမ်းမွန်က "ပန်းတွေ လှလှ ကရအောင်"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ရွှေမြိုင်ပြုံးလဲ့မော်က "ကဗျာလေးတွေနဲ့ပျော်ရအောင်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို " စာအုပ် စာပေတို့မိတ်ဆွေ" ခေါင်းစဉ်ဖြင့် စာရေးဆရာ မင်းချမ်းမွန်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မြေလတ်မောင်မြင့်သူ၊ စာရေးဆရာ ရွှေမြိုင်ပြုံးလဲ့မော်နှင့် မင်းထက်မောင်တို့က ဝင်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်သို့ လာရောက်ယှဉ်ပြိုင်ကြသော ကျောင်းသားကျောင်းသူများအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု စုစုပေါင်း ၈၇ ဆုချီးမြှင့်သွားမည်ဖြစ်ပြီး (၃၈)ဖြာမင်္ဂလာသုတ် ရွတ်ဆိုပြိုင်ပွဲအတွက်ဆုကို ပထမဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုကို ငွေကျပ်ငါးသောင်း အသီးသီးချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကျန်ပြိုင်ပွဲများကို ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆုကို ငွေကျပ် တစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုကို ငွေကျပ်သုံးသောင်းစီဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယနေ့ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် နောက်ဆုံးနေ့ဖြစ်သည့်အတွက် မော်လမြိုင်တက္ကသိုလ် ကျောင်းဝင်းအတွင်းနှင့် အပြင်ဘက် လမ်းမကြီးတွင်လည်း မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ ပြည့်ကျပ်နေပြီး ပိတ်ပွဲအခမ်းအနားကို ညနေ ၄ နာရီက မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပကြောင်း သိရသည်။

**မြတ်မွန်ထွေး၊ တင်ထွဋ် (မော်လမြိုင်)**



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၌ ခင်းကျင်းပြသထားသည့် စာအုပ်ဆိုင်များတွင် ကြည့်ရှုလေ့လာဝယ်ယူသူများဖြင့် စည်ကားစွာတွေ့ရစဉ်



ကလေးစာပေပွဲတော် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြသည့် ကလေးငယ်များကို တွေ့ရစဉ်

# ကလေးစာပေပွဲတော်(မော်လမြိုင်)တွင် ကျောက်သင်ပုန်း အမှတ်တရဝယ်ယူသူများပြား

**မော်လမြိုင် မတ် ၂၇**

ကလေးစာပေပွဲတော် (မော်လမြိုင်)၏ ချောင်းဆုံမြို့နယ် ပညာရေးပြခန်း၌ ကျောက်သင်ပုန်းများကို အမှတ်တရအဖြစ် ဝယ်ယူသူ များပြားလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ပြခန်းမှာ တခြားပစ္စည်းတွေထက် မုဒ္ဒန်းရွာထွက်ကျောက်သင်ပုန်းတွေ ပိုရောင်းရပါတယ်။ ချောင်းဆုံမြို့နယ်ထွက် တခြားပစ္စည်းတွေ ရွာလွတ်ဆေးတံတို့၊ တုတ်ကောက်တို့၊ အုန်းမှုတ်နဲ့ပြုလုပ်ထားတဲ့ အိမ်သုံးပစ္စည်း၊ ကလေးကစားတဲ့ သားရေကွင်း အဲ့ဒီပစ္စည်းတွေထက် ကျောက်သင်ပုန်းတွေက ပိုရောင်းကောင်းပါတယ်" ဟု ပြခန်းတာဝန်ခံဆရာမ ဒေါ်နန်းနွယ်စိုးက ပြောသည်။

၁၉၄၅ ခုနှစ်ကတည်းက စတင်ကာ အိမ်ခြေ ၁၂၇၀ ကျော်ရှိ မုဒ္ဒန်းတစ်ရွာလုံး နီးပါး ကျောက်သင်ပုန်းပြုလုပ် အသက်မွေးခဲ့ကြရာမှ လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုခန့်ကစကာ ပျောက်ကွယ်လုဖြစ်လာခဲ့သည်မှာ ယခုအခါ ကျောက်သင်ပုန်းလုပ်ငန်းသည် စီးပွားဖြစ်မရပ်တည်နိုင်တော့ဘဲ အမှတ်တရလက်မှုပစ္စည်းအဖြစ်သာ ဝယ်ယူကြသဖြင့် တစ်ရွာလုံးတွင် လုပ်ကိုင်သူ သုံးဦးခန့်သာရှိကြောင်း သိရသည်။

"ကျွန်တော့်သား ကိုးတန်းကျောင်းသားအတွက် ဖေဖေတို့ငယ်ငယ်က စာရေးတဲ့ပစ္စည်းလို့ ပြောပြဖို့ဝယ်ဖြစ်တာပါ။ အိမ်မှာလည်း အမှတ်တရသိမ်းထားချင်တာနဲ့ ခုခေတ်ကလေးတွေ ပြောပြရင် ပုံပြင်ထင်နေမလားဘဲ"ဟု မင်းဘူးမြို့မှ မော်လမြိုင်ကလေးစာပေပွဲတော်သို့ အလည်ရောက်လာသည့် ကိုရဲနိုင်ထွန်းက ပြောသည်။

ကလေးစာပေပွဲတော် (မော်လမြိုင်)တွင် ကျောက်သင်ပုန်းများကို ပြခန်းတာဝန်ခံဝန်ထမ်းများက အမြတ်မယူဘဲ ကျောက်သင်ပုန်းတစ်ချပ်လျှင် ၁၂၀၀၊




၁၀၀၀၊ ၈၀၀၊ ၅၀၀ စသည်ဖြင့် အရွယ်အစား အကြီးအသေးကိုမူတည်ကာ ရောင်းချပေးလျက်ရှိရာ အခြားလက်မှုပစ္စည်းများထက် ပိုရောင်းရသည်ဟု သိရသည်။

**မြတ်မွန်ထွေး၊တင်ထွဋ်(မော်လမြိုင်)**

# ချင်းပြည်နယ် ဟားခါးမြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ဟားခါး မတ် ၂၇**

ကလေးများ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်နှင့် ကလေးများပျော်ရွှင်စေရန် ရည်ရွယ်လျက် ပထမဆုံးအကြိမ် ကလေးစာပေပွဲတော်ကို မတ် ၂၇ ရက် နံနက် ၉ နာရီက ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်ကြွန်ဘိခ်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကလေးစာပေပွဲတော် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်ဥပဒေချုပ် ဦးဆန်နီထန်ကျုံး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်ဆုမ်းနှင့် ကင်းထောက်ကျောင်းသူတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဂိမ်းကစားပွဲများနှင့် စာအုပ်ပြပွဲ၊ ကလေးစာဖတ်ခန်းများကို ညနေ ၄ နာရီအထိ ကျင်းပပေးခဲ့ရာ ကလေးများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ ခဲ့ကြပြီး ဆုရရှိသူကလေးများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)



❖ ကျောဖုံးမှ

သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကမ်းကပ်ခုံကိုယ်ထည်၊ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး တံတားခန်းဖွင့်အကျယ် ၂၇ ဒသမ ၄၃ မီတာ သုံးခန်း၊ မီတာ ၁၂၀ ငါးခန်း၊ ၂၇ ဒသမ ၄၃ မီတာ ခြောက်ခန်း၊ တံတားခံနိုင်ဝန် ၇၅ တန်၊ တံတားကင်းလွတ်အမြင့် ၁၂ မီတာ၊ တံတားကင်းလွတ်အကျယ် ၁၀၅ မီတာတို့ရှိကြောင်း တံတားဆောက်လုပ်ရေးစီမံကိန်း၏ တံတားဆိုင်ရာ အချက်အလက်မှ သိရသည်။

ယင်းတံတားအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)မှ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၄ ရက်က ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ၍ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မတ် ၃၁ ရက်တွင် နောက်ဆုံးအပြီးသတ် တည်ဆောက်သွားမည် ဖြစ်ရာ နိုင်ငံတော်အစိုးရက ငွေကျပ် ၂၁၉၂၅ သန်းဖြင့် အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ထင်ရှားသောမြစ်ကြီးလေးစင်းတွင် တစ်ခုအပါအဝင်ဖြစ်သော ချင်းတွင်းမြစ်ပေါ်၌ ချင်းတွင်းမြစ်ကူးတံတား(မုံရွာ)၊ ချင်းတွင်းမြစ်ကူးတံတား(ဆင်ဖြူရှင်)၊ ချင်းတွင်း မြစ်ဖျားပိုင်း၌ ချင်းတွင်းမြစ်ကူးတံတား (ဟုမ္မလင်း)၊ ချင်းတွင်းမြစ်ကူးတံတား (ခန္တီး) နှင့် ယခုဖွင့်လှစ်တော့မည့် ချင်းတွင်းမြစ်ကူးတံတား (ကလေးဝ) တို့ကို တည်ဆောက်လျက်ရှိရာမှ ချင်းတွင်းမြစ်ကူးတံတားပေါင်းလျှင် ငါးစင်းရှိမည်ဖြစ်သည်။

ချင်းတွင်းမြစ်ကူး တံတား (ကလေးဝ)သည် ချင်းပြည်နယ် ချင်းတောင်ဒေသ၊ ကလေး၊ တမူးနှင့် မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် ကုန်စည်ပို့ဆောင်ရောင်းဝယ်ရေးအတွက် အဓိကကျလျက် ပြည်သူများအတွက် များစွာအကျိုးပြုမည့်တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် မတ် ၂၇**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၂၃၄၆ ဦး၊ မ ၅၁၅၇ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၇၅၀၃ ဦးချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း လက်ခံရရှိမှု ၁၁၆ မှုတွင် ကျေအေးမှု ၂၉ မှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၂၂ မှုတို့ဖြစ်ပြီး ကျန် ၆၅ မှုအတွက် ခံစားခွင့်ရှိသူ ၄၃၅ ဦးအား ငွေကျပ် ၁၈၂၅၅၂၄၂၃နှင့် US$ - 2017 ကို ခံစားစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၈၀၀၀ ကျော် နှင့် US$ - 68 ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ် သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၉၂၈ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု ၂၇၆ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှ အမှု ရှစ်မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၈၃ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၂၃၃၄၇၅၀ ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အမှု ၁၆ မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၂၉ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၁၅၃၂၀၃၂ ရရှိစေခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၆၆၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၄၈၅၁ ဦးအတွက် ဆေးဖိုးကုန်ကျငွေ ကျပ်သိန်း ၁၇၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။ အာမခံအလုပ်သမားများအား ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာအောက်ပါအတိုင်းဖြစ်သည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှု ဦးရေ |
|---|---|---|
| (က) | အလုပ်သမားဆေးရုံကြီး (၃)ရုံ (ပြင်ပလူနာ ၆၉၉၈ ဦး ၊ အတွင်းလူနာ ၇၂၆ ဦး) | ၇၇၂၄ ဦး |
| (ခ) | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ ဌာနကြီး ဆေးခန်း(၅၀)ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းတို့မှ ဆေးကုသပေးမှု | ၅၃၃၅၇ ဦး |
| (ဂ) | အလုပ်သမားဆေးရုံကြီး (၃)ရုံမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု (၂) ကြိမ် | ၅၈၂ ဦး |
| (ဃ) | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၁၆၀) ကြိမ် | ၃၄၆၅ ဦး |
| (င) | နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့် ကွင်းဆင်းဆေးကုသပေးမှု | ၄၁၂၄ ဦး |

## သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာ လွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်၊ ဓား လက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်း မဟုတ်သူများနှင့်အတူ လည်ပတ်ခြင်း၊ ၎င်းတို့မှ ကျွေးသော အစားအသောက်များကို မချင့်မချိန်စားသောက်ခြင်း၊
၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ၊မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း၊
၁၂။ ရေကစားရာတွင် ယဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး အများအမြင်တွင် မတင့်တယ်သော မဖွယ်မရာ ပုံစံပြုလုပ်ထားသည့် ရေပက်ကိရိယာများနှင့် ရေပက်ကစားခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၇**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၆၃၇ စီး၊ သွင်းကုန် အစီး ၇၂၀ ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇စီး၊ သွင်းကုန် ၁၅၅ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။




တားမြစ်ပိတ်ပင်ထားသော မြွေပွေး၊ မြွေဟောက်နှင့် လင်းမြွေများ

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၈၉၇ သန်းခန့် စုစုပေါင်း ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၈၉၇ သန်းခန့်ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၄ ရက်က မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Nissan AD Van ယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တားမြစ်ပိတ်ပင်ထားသော မြွေပွေးအရှင်အကောင် ၇၀၊ မြွေပွေးအသေ တစ်ကောင်၊ မြွေဟောက်အရှင် ၂၅ ကောင်၊ လင်းမြွေအရှင် ၃၃၂ ကောင်နှင့် လင်းမြွေအသေ ၁၅ ကောင် စုစုပေါင်းကောင်ရေ ၄၄၃ ကောင်ခန့်ကိုတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၂၈-၃-၂၀၁၇ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာ" (နယ်စပ်ရေးရာဝန်ကြီးဌာန+ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန)
၉း၄၀ - မြန်မာ့ရုပ်မြင်သံကြားလှူငယ်အစီအစဉ်
၁၃း၀၀ - ဟိုတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "နှလုံးသားမှအဖြေစကား"
၁၄း၁၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အေးမြချမ်းသာ"

**ညပိုင်း**

၁၆း၃၀ - "နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရေးဆိုင်ရာ စကားဝိုင်း"
၁၇း၀၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၁၇း၄၅ - ၂၀၁၉ အာရှဖလားခြေစစ်ပွဲ နောက်ဆုံးအဆင့် မြန်မာလက်ရွေးစင်အသင်းနှင့် အိန္ဒိယလက်ရွေးစင်အသင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅ - ၂၀၁၇ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ကြားဖြတ်ရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ဟောပြောချက် "အမျိုးသားတိုးတက်ရေးပါတီ"
၂၁း၀၀ - "နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် ပထမတစ်နှစ်တာ" (လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)+(ချင်းပြည်နယ်)
၂၁း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့် ဓားဘုရင်" (အပိုင်း-၁၀)
- "အလင်္ကာကျော်စွာ ရွှေပြည်အေး၏ ... တသသ ဂန္ထဝင်တေးများ"(အပိုင်း-၆)

## မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်သွယ်မှု ၁၀၁ မှု သိမ်းဆည်းအရေးယူခဲ့

**ကျိုက်ထို မတ် ၂၇**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဌာနပေါင်းစုံပူးပေါင်း၍ တရားမဝင်ကုန်သွယ်မှုထိန်းချုပ်တားဆီးနိုင်ရေးအတွက် မတ် ၁ ရက်မှစတင်ကာ ကျိုက်ထိုမြို့နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တရားမဝင်ကုန်သွယ်မှု ထိန်းချုပ်တားဆီးလျက်ရှိရာ ရက်သတ္တ သုံးပတ်ကျော်အတွင်း တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကုန်ပစ္စည်းအမှုပေါင်း ၁၀၁ မှု ကုန်ပစ္စည်းမျိုးစုံ ခန့်မှန်းတန်ဖိုးငွေ ၄၉၁၄၈၁၈၅၃ ဒသမ ၇၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**



## သဘာဝဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရာ ပိုက်လိုင်းအား မူလရည်မှန်းချက်ထက်စော၍ ပြင်ဆင်ပြီးစီး

**နေပြည်တော် မတ် ၂၇**

ကန်ပေါက်- မြိုင်ကလေး ၂၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် မတ် ၂၆ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က ရေဖြူမြို့နယ် ရှင်ပုံရွာရိုးချောင်းစပ်အနီး၌ သဘာဝဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ ပိုက်လိုင်းပြုပြင်ခြင်းလုပ်ငန်းများအား မိမိဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် မူလရည်မှန်းထားချိန်ထက်စော၍ မတ် ၂၇ ရက် နံနက် ၁၀ နာရီက ပြီးစီးခဲ့ပြီး ပိုက်လိုင်းအတွင်းသို့ သဘာဝဓာတ်ငွေ့များ စတင်ပို့လွှတ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၇**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

# အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

*ယမန်နေ့မှအဆက်*

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၇ ခုနှစ်၊ န၀မတန်း ဘက်စုံပညာထူးချွန်သူများစာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၂၇ | မောင်ထက်နိုင်လင်း | အထက(၁)မုံရွာ | မုံရွာ | မုံရွာ |
| ၂၈ | မခိုင်ရွှေစင် | ပါရမီ (ကပက) | မုံရွာ | မုံရွာ |
| ၂၉ | မောင်အောင်ဇွဲမာန် | စံတော်၀င်(ကပက) | ၀က်လက် | ရွှေဘို |
| ၃၀ | မောင်နိုင်ထက်အောင် | အထက(၁)ကန့်ဘလူ | ကန့်ဘလူ | ရွှေဘို |
| ၃၁ | မယွန်းဆုရည်လင်း | အထက(၁)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၃၂ | မဆုငြိမ်းစံ | မြပန်းသဇင် (ကပက) | ရေဦး | ရွှေဘို |
| ၃၃ | မောင်သန့်ဇင်ထွန်း | အထက-ကနီ | ကနီ | ယင်းမာပင် |
| ၃၄ | မဟေမာန်စိုး | အထက-ကနီ | ကနီ | ယင်းမာပင် |
| ၃၅ | မောင်လှိုင်းထက်နိုင် | အထက-ထောက်ကြန့် | ကလေး | ကလေး |
| ၃၆ | မခင်နဒီစိုး | အထက(၃)ကလေး | ကလေး | ကလေး |
| ၃၇ | မောင်သူရိန်စိုး | အထက-၀န်းသို | ၀န်းသို | ကသာ |
| ၃၈ | မောင်ခန့်ညီညီထွန်း | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၃၉ | မအိမ့်မွန်မြတ် | အထက-မိကျောင်းအင်း | ပင်လည်ဘူး | ကသာ |
| ၄၀ | မခင်စန္ဒာ၀င်း | အထက-အင်းတော် | အင်းတော် | ကသာ |
| ၄၁ | မောင်ရန်မျိုးအောင် | အထက-သရောင်း | ဖောင်းပြင် | မော်လိုက် |
| ၄၂ | မဖူးသစ်ခင် | အထက-မော်လိုက် | မော်လိုက် | မော်လိုက် |
| ၄၃ | မနန်းခမ်းလွင် | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၄ | မောင်ချမ်းဘွေကျိန် | အထက(ခွဲ)နားမေတ္တာ | ခန္တီး | ခန္တီး |
| ၄၅ | မောင်ဖြိုးခန့်ကို | အထက-ကမြိုင် | သရက်ချောင်း | ထား၀ယ် |
| ၄၆ | မဟန်ရေရေလင်း | အထက(၁)ထား၀ယ် | ထား၀ယ် | ထား၀ယ် |
| ၄၇ | မောင်ခန့်ကို | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၈ | မဟန်နှင်းစု | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၉ | မောင်ဇင်ကို | အထက-ပုလော | ပုလော | မြိတ် |
| ၅၀ | မအိကျော့ခိုင် | အထက-ပုလော | ပုလော | မြိတ် |
| ၅၁ | မောင်ရှိုင်းမင်းခန့် | Standard (ကပက) | ပဲခူး | ပဲခူး |
| ၅၂ | မောင်ဝေယံမိုးလွင် | အထက(၁)ဒိုက်ဦး | ဒိုက်ဦး | ပဲခူး |
| ၅၃ | မဖြူစင်ဦး | အထက(၂)ပြွန်တန်ဆာ | ညောင်လေးပင် | ပဲခူး |
| ၅၄ | မမြမိုးပွင့် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၅ | မောင်အောင်ထက်၀င်း | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၆ | မောင်ဇွဲရန်နိုင် | ဟိန်း(ကပက) | ရေတာရှည် | တောင်ငူ |
| ၅၇ | မနွေးယုယုဇွန် | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၈ | မဆုနန္ဒာထွဋ် | အထက-ကျောက်ကြီး | ကျောက်ကြီး | တောင်ငူ |
| ၅၉ | မောင်ရှိုင်းထက်သူ | အထက-သုံးဆယ် | သာယာ၀တီ | သာယာ၀တီ |
| ၆၀ | မောင်ရဲ၀င်း | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာ၀တီ |
| ၆၁ | မခင်ရတနာလှိုင် | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာ၀တီ |
| ၆၂ | မဖြိုးအိန္ဒြေကျော် | အထက(ခွဲ)ဘုရင့်နောင် | ကြို့ပင်ကောက် | သာယာ၀တီ |
| ၆၃ | မောင်ဘုန်းမြတ်ကိုကို | အထက-ပေါင်းတည် | ပေါင်းတည် | ပြည် |
| ၆၄ | မောင်နေကျော်သူ | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၅ | မမေသင်းကြူ | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၆ | မမိုးပွင့်ဖြူ | အထက-ညောင်စာရေး | ရွှေတောင် | ပြည် |
| ၆၇ | မောင်အောင်ခန့်မော် | အထက(၁)တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၆၈ | မောင်ရှင်းသန့်အောင် | အထက(၁)မကွေး | မကွေး | မကွေး |
| ၆၉ | မမြတ်စံပယ်အောင် | အထက(၁)တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၇၀ | မရွှေယမင်းဦး | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၇၁ | မောင်ညီညီမင်းလတ် | အထက-ပွင့်ဖြူ | ပွင့်ဖြူ | မင်းဘူး |
| ၇၂ | မသင်းစု၀ေ | အထက-စေတုတ္တရာ | စေတုတ္တရာ | မင်းဘူး |
| ၇၃ | မောင်လင်းထက်အောင် | အထက(၅)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၄ | မဆုမြတ်နိုင် | အထက(ခွဲ)ကျောက်ဖူး(၁) | ရေစကြို | ပခုက္ကူ |
| ၇၅ | မောင်လင်းကျော်ဇောထွဋ် | အထက(၁)သရက် | သရက် | သရက် |
| ၇၆ | မောင်ရဲရင့်မင်းမော် | အထက(၁)အောင်လံ | အောင်လံ | သရက် |
| ၇၇ | မအေးချမ်းမြေ့ | အထက(၁)အောင်လံ | အောင်လံ | သရက် |
| ၇၈ | မအိမွန်ကျော် | အထက(ခွဲ)ကိုးပင် | ဆင်ပေါင်ဝဲ | သရက် |
| ၇၉ | မောင်ဘုန်းပြည့်လင်း | အထက-မြို့မ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၀ | မဖြိုးသန္တာထွန်း | အထက-ရေမျက်နီ | ထီးလင်း | ဂန့်ဂေါ |
| ၈၁ | မောင်မင်းထင်ကျော် | CAE (ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၂ | မောင်ပီတာအောင်ဇော်ကြူး | စံဟိန်း (ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၃ | မကြည်နူးဖြူစင် | စံဟိန်း (ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၄ | မဇင်ငြိမ်းအေး | ဆု (ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၅ | မောင်ဆက်အောင်လျှမ်း | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၆ | မလင်းလက်ခင် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၇ | မောင်ရဲထက်ထွန်း | အထက-မြေငူ | တံတားဦး | ကျောက်ဆည် |
| ၈၈ | မဆုရတနာမြင့် | အထက-မြစ်သား | မြစ်သား | ကျောက်ဆည် |
| ၈၉ | မောင်လွင်ဘိုဘိုမောင် | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၀ | မတင်ချိုအေး | အထက-မင်းစု | တောင်သာ | မြင်းခြံ |
| ၉၁ | မောင်အောင်ကောင်းပြည့် | IDEA (ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၂ | မစောနန္ဒာလွင် | IDEA (ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၃ | မောင်ကြယ်စင်မင်းသက် | သမာဓိ (ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၄ | မသဲ့နှင်းဇင် | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်ဖြိုးကိုကို | အထက(၁)ရမည်းသင်း | ရမည်းသင်း | ရမည်းသင်း |
| ၉၆ | မစုစု၀ေ | အထက-သိမ်ကုန်း | ရမည်းသင်း | ရမည်းသင်း |
| ၉၇ | မောင်ကောင်းခန့် | ပါရမီ (ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၉၈ | မောင်မျိုးဆွေငြိမ်း | အထက(၁)မုဒုံ | မုဒုံ | မော်လမြိုင် |
| ၉၉ | မသက်သဥ္ဇာနိုင် | အထက(၈)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၁၀၀ | မထက်ထက်၀တ်ရည် | အထက-ချောင်းဆုံ | ချောင်းဆုံ | မော်လမြိုင် |
| ၁၀၁ | မောင်ကောင်းခန့်စိုး | အထက(၂)သထုံ | သထုံ | သထုံ |
| ၁၀၂ | မရွှန်းလဲ့ရတီမြတ် | အထက(၁)ကျိုက်ထို | ကျိုက်ထို | သထုံ |
| ၁၀၃ | မောင်ဇော်လူထက် | အထက (၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၄ | မအေးပြည့်ဖြိုး | အထက (၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်ဇွဲလင်းထက် | အထက(၁)တောင်ကုတ် | တောင်ကုတ် | သံတွဲ |
| ၁၀၆ | မရွှေစင်လင်း | အထက(ခွဲ)ငကျော်တောင် | သံတွဲ | သံတွဲ |
| ၁၀၇ | မောင်မြတ်ဘုန်းဆွေ | အထက(၃)ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ |
| ၁၀၈ | မစုစုလှိုင် | အထက(၂)အမ်း | အမ်း | ကျောက်ဖြူ |
| ၁၀၉ | မောင်မျိုးသန့်ကျော် | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၁၀ | မရွှေဖြိုးအိမ် | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၁၁ | မောင်အောင်ကိုထူး | အထက(၂)မောင်တော | မောင်တော | မောင်တော |
| ၁၁၂ | မထက်အိအိစံ | အထက-ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၁၃ | မောင်ကောင်းခန့်ဇော် | အထက(၁)သဃ်န်းကျွန်း | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၄ | မောင်ကောင်းစည်ဖြိုး | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၅ | မောင်ချမ်းငြိမ်းကျော် | ACA (ကပက) | မြောက်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၆ | မနုယဉ်၀င်း | အထက(၁)သဃ်န်းကျွန်း | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၇ | မခင်ချောကလျာ | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၈ | မမှူးကျော့စံ | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၉ | မောင်၀င်းစိုးမိုး | အထက(၂)လမ်းမတော် | လမ်းမတော် | အနောက်ပိုင်း |
| ၁၂၀ | မောင်ထက်မြက်မင်းထွန်း | လေ့ကျင့်ရေးအထက်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၁ | မခြူးရွှေရည်ထက် | အထက(၂)လသာ | လသာ | အနောက်ပိုင်း |
| ၁၂၂ | မအေးဘုန်းပြည့်ချို | အထက(၂)ကမာရွတ် | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၃ | မောင်စွမ်းရည်ထက် | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၄ | မောင်မင်းခန့်ကျော် | အထက(၂)မြို့မ | တွံတေး | တောင်ပိုင်း |
| ၁၂၅ | မဖြူစင်သန့် | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မသီရိရွှေစင် | အထက(၁)ခရမ်း | ခရမ်း | တောင်ပိုင်း |
| ၁၂၇ | မောင်ရောင်နီလင်းလက် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်မျိုးသီဟချစ် | အထက-အင်းတိုင် | လှည်းကူး | မြောက်ပိုင်း |
| ၁၂၉ | မဆု၀တ်ရည် | အထက(၂)အင်းစိန် | အင်းစိန် | မြောက်ပိုင်း |
| ၁၃၀ | မမေနံ့သာဦး | အထက-လှည်းကူး | လှည်းကူး | မြောက်ပိုင်း |
| ၁၃၁ | မဆုရည်လှိုင် | အထက(၂)ကလော | ကလော | တောင်ကြီး |
| ၁၃၂ | စိုင်းစင့်စွမ်လှိုင်း | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၃ | ခွန်ဟန်သာစိုး | အထက(၁)ပင်လောင်း | ပင်လောင်း | တောင်ကြီး |
| ၁၃၄ | မနေခြည်လင်းလတ် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၅ | ခွန်ခန့်စည်သူထွန်း | အထက(၂)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်စိုင်းအုံ့ဖုန်းမော် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၇ | မယွန်းရွှေဇင်လင်း | အထက(ခွဲ) (၂)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မလုလုဆိုင်း | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၉ | စောသူရိန်ထူးဦး | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | မဆုနန္ဒာ၀င့် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ခွန်ဆိုင် | အထက(၁)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်ဇော်လင်းမောင် | အထက(၁)တန့်ယန်း | တန့်ယန်း | လားရှိုး |
| ၁၄၃ | မသင်းရနံ့အေး | အထက(၁)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မမေမြတ်နိုး | အထက(၂)လောက်ကိုင် | လောက်ကိုင် | လားရှိုး |

*စာမျက်နှာ-၁၆သို့*

# (၆)ထပ်ဆောင် ဆေးရုံအဆောက်အအုံ ပန္နက်တော်ရိုက်မင်္ဂလာအခမ်းအနားကျင်းပ

**ပဲခူး မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ကလိကျေးရွာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ပဲခူးတိုင်းဒေကြီး ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ ပဲခူးမြို့(၆) ထပ်ဆောင်အဆောက်အအုံ ပန္နက်တော်ရိုက်မင်္ဂလာ အခမ်းအနားကို မတ် ၂၆ ရက်နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ပန္နက်တော်ရိုက်မင်္ဂလာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ ဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ဝန်ကြီးချုပ်ဦးဝင်းသိန်းမှ (၆) ထပ်ဆောင်အဆောက်အအုံ ဆောက်လုပ်မည့်နေရာအား ပန္နက်တော်ရိုက်ပေးကာ တက်ရောက်လာသော တာဝန်ရှိသူများမှ ပန္နက်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**ပဲခူး(သန့်စင်)**



# တိုင်းလက်ရွေးစင် ဘောလုံးသမားဟောင်းများ သက်ကြီးပူဇော်ပွဲကျင်းပမည်

**မန္တလေး မတ် ၂၇**

မန္တလေးတိုင်းဂုဏ်ဆောင် တိုင်းဒေသကြီး ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသော အသက် (၆၅)နှစ်အထက် တိုင်းလက်ရွေးစင်ဘောလုံးသမားဟောင်းများ သက်ကြီးပူဇော်ပွဲကို ဧပြီ ၈ ရက် ညနေ ၃ နာရီတွင် မန္တလေး ဗထူးအားကစားကွင်း အထူးတန်းရှေ့၌ (၁၃)ကြိမ်မြောက်ကျင်းပမည်ဖြစ်ကြောင်း မန္တလေးဘောလုံးသမားဟောင်းများအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းက ပြောသည်။

မန္တလေး လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းအနေဖြင့် သာရေး၊ နာရေး၊ လူမှုကူညီရေးလုပ်ငန်းများကို ပူးပေါင်း၍ ညီညီညွတ်ညွတ်ဆောင်ရွက်လျက်ရှိသလို ကထိန်ပွဲကိုလည်း နှစ်စဉ်ခင်းကျင်းလှူဒါန်းပူဇော်ပြီး သက်ကြီးဘောလုံးသမားဟောင်းများကို ကျန်းမာရေးမကောင်းပါက ဆေးဝါးကုသရန် ကူညီထောက်ပံ့ခြင်းနှင့် ကွယ်လွန်လျှင်လည်း ထောက်ပံ့ကြေးများပေးအပ် ကူညီဆောင်ရွက်လျက်ရှိပြီး သက်ကြီးပူဇော်ပွဲအတွက် မန္တလေးဘောလုံးသမားများအသင်းနှင့် ဆက်သွယ်ကာ အသင်းသားများနေ့စဉ်တွေ့ဆုံရာ ၂၈ လမ်း×၇၂ လမ်းထောင့်ရှိ မင်းသီဟကဖေးနှင့် အသင်းဥက္ကဋ္ဌ ဖုန်း-၀၉-၂၀၀၁၁၂၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကောလင်းမြို့နယ်၌ မြန်မာနိုင်ငံ၏တတိယအကြီးဆုံး ကျွန်းပင်ကြီးတွေ့ရှိ



**အင်းတော် မတ် ၂၇**

မြန်မာနိုင်ငံ၏ တတိယအကြီးဆုံးဟုယူဆရသော ရင်စို့လုံးပတ် ၃၀ ပေ ၁၀ လက်မရှိ ကျွန်းပင်ကြီးအား စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် မုတ်ဝကြိုးဝိုင်း၌ မြို့နယ်သစ်တောဦးစီးဌာနက စစ်ဆေးတွေ့ရှိထားကြောင်း သိရသည်။

အဆိုပါ ကျွန်းပင်ကြီးအား သဘာဝအမွေအနှစ်များ ပျက်စီးပျောက်ကွယ်မည်ကို စိုးရိမ်မှုဖြင့် အမြန်ဆုံးထိန်းသိမ်းပေးစေလိုသောဆန္ဒဖြင့် Myat Thein Htun account ပိုင်ရှင်၏ ဖေ့စ်ဘွတ်မျက်နှာပေါ်မှ ဖော်ပြချက်အရ မြို့နယ်သစ်တောဦးစီးဌာနက သွားရောက်စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး ဗန်းမောက်မြို့နယ်ရှိရင်စို့လုံးပတ် ၂၆ ပေ ၄ လက်မ ကျွန်းပင်ကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိရင်စို့လုံးပတ် ၂၅ ပေ ၄ လက်မ ကျွန်းပင်ကြီးပြီးလျှင် ကောလင်းမြို့နယ်ရှိ ကျွန်းပင်ကြီးမှာ မြန်မာနိုင်ငံ၏တတိယအကြီးဆုံးဟု ယူဆရကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ယင်းကျွန်းပင်ကြီးကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ သည့် ဒေသခံများ၏ သဘာဝအမွေအနှစ်အား ရေရှည်တည်တံ့စေလိုသောဆန္ဒကိုအလေးထားပြီး တိုင်းဒေသကြီးသစ်တော ဦးစီးဌာနက ယင်းကျွန်းပင်ကြီးကို စနစ်တကျ ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မြောင်းမြမြို့၌ Cardiotocography စက်တစ်လုံးလှူဒါန်း

**မြောင်းမြ မတ် ၂၇**

မြောင်းမြမြို့ခုတင် ၂၀၀ ပြည်သူ့ဆေးရုံ သားဖွားမီးယပ်ဆောင်အတွက် Cardiotocography (CTG) စက်တစ်လုံးကို ရန်ကုန်မြို့Golfer's Donation Group မှ မတ် ၂၅ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"မြောင်းမြ ခုတင် ၂၀၀ ဆေးရုံမှာ (CTG) စက်လိုအပ်နေတယ်ဆိုလို့ သားဖွားဆောင်မှာရှိတဲ့ မိခင်နဲ့ကလေးငယ်တွေ ကျန်းမာရေးအတွက် ရည်ရွယ်ပြီး ကျွန်တော်တို့အဖွဲ့ကလည်း တတ်နိုင်တဲ့ရန်ပုံငွေထဲက လာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်" ဟု Golfer's Donation Group မှ အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး သာဦး(ငြိမ်း)က ပြောကြားသည်။

အဆိုပါလှူဒါန်းပေးအပ်ပွဲတွင် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင်က အမှာစကားပြောကြားပြီး သားဖွားမီးယပ်အထူးကု ဆရာဝန် ဒေါက်တာတိုးတိုးအောင်က (CTG) စက်နှင့်ပတ်သက်၍ ကိုယ်ဝန်ဆောင်မိခင်နှင့် သန္ဓေသားကလေးငယ်အတွက် ကျန်းမာရေးစောင့်ရှောက်မှု အရေးပါပုံအကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အလှူရှင်များက (CTG) စက်ကို ပေးအပ်လှူဒါန်းရာ သားဖွားမီးယပ် အထူးကုဆရာဝန် ဒေါက်တာတိုးတိုးအောင်ကလည်းကောင်း၊ ဦးမြင့်လွင် (Ping Ping ကုမ္ပဏီ) မှ တစ်ဘူး ငွေကျပ် ၃၀၀၀၀ တန် နို့မှုန့်ဘူး ၂၀၀၊ ဦးလှဝင်း (ဒေါ်ကြင်မြသကြားပွဲရုံ)မှ 1Kg သကြားထုပ် ၂၀၀ တို့ကို ဆေးရုံလူနာများအတွက် ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဝါဝါယဉ်နှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

မြောင်းမြပြည်သူ့ဆေးရုံကြီးတွင် Golfer's Donation Group မှ ယနေ့လာရောက်လှူဒါန်းခဲ့သော (CTG) စက်မှာ တန်ဖိုး ငွေကျပ် ၂၆ သိန်းကိုးသောင်းဖြစ်သည်။ ယခင်က ကိုယ်ဝန်ဆောင်မိခင်နှင့် ရင်သွေးငယ်၏ နှလုံးခုန်နှုန်းကို နားကြပ်ကိရိယာနှင့်သာ စမ်းသပ်ခဲ့ရာ ယခုအခါ (CTG) စက်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

# လင်းရောင်ခြည်စာကြည့်တိုက်ပြန်လည်ဖွင့်လှစ်

**ရန်ကုန် မတ် ၂၇**

(၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်လူငယ်များဦးဆောင်ဖွင့်လှစ်သော လင်းရောင် ခြည်စာကြည့်တိုက် ပြန်လည်ဖွင့်လှစ်ခြင်းအခမ်းအနားကို (၅)ရပ်ကွက် မြသိန်းတန်ခမ္မာရုံ၌ မတ် ၂၆ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပထမဦးစွာ (၅)ရပ်ကွက် လူငယ်များလင်းရောင်ခြည်စာကြည့်တိုက်ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သစ် သစ်မြင့်နှင့် ဦးမိုးမြင့်တို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စီ က စာကြည့်တိုက်၏ ဂုဏ်အရည်အချင်းများ၊ အကျိုးကျေးဇူးများ၊ လူငယ်များအတွက် စာကြည့်တိုက်သည် မရှိမဖြစ်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ၊ တိုင်းဒေသကြီး (၁၊၂)မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရ သည်။

**ဝင်းမြင့်ထွန်း**

## "မီးလောင်လျှင်"

(၁) ထွက်မပြေးပါနှင့်စိတ်ကိုတည်တည်ငြိမ်ထားပါ။
(၂) ကြိတ်မငြိမ်းပါနှင့်ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(၃) နီးစပ်ရာမီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။
(၄) ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။
(၅) မီးသတ်တပ်ဖွဲ့နှင့်ပြည်သူများအချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။ **မီးသတ်ဦးစီးဌာန**

*စာမျက်နှာ-၁၅မှ*

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၄၅ | စိုင်းထက်ရှိန်လင်း | အထက(၁)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၆ | မောင်အောင်လွင်ဦး | အမေ့အိမ်(ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၇ | မမေမုဒြာမိုး | အမေ့အိမ်(ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၈ | မမြင့်မော်ဦး | အထက-နောင်ချို | နောင်ချို | ကျောက်မဲ |
| ၁၄၉ | မောင်အိုက်ခမ်းပွဲ | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၀ | မရွှေသဇင် | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၁ | မောင်ဇေဇေဒဲ | အထက(၃)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မစုယွန်းရွှေရည် | အထက(၂)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၃ | မောင်ပိုင်ထက်မင်း | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၄ | မောင်အောင်မြင့်မြတ် | အထက-ဟိုနား | မိုင်းဖြတ် | မိုင်းဖြတ် |
| ၁၅၅ | မစုရီထွန်း | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၆ | မနန်းဆိုင်ယုန် | အထက-မိုင်းပျဉ်း | မိုင်းပျဉ်း | မိုင်းဖြတ် |
| ၁၅၇ | မောင်ထွန်းနိုင်ဝေ | ကံ့ကော်မြိုင် (ကပက) | ကျောင်းကုန်း | ပုသိမ် |
| ၁၅၈ | မောင်ဝေယံကျော် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၅၉ | မမေသကြ်န်ဦး | အထက(၂)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၀ | မရွှေဇင်ထွင့် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၁ | မောင်ကျော်ဇင်သန့် | အထက(၃)ဟသ်ာတ | ဟသ်ာတ | ဟသ်ာတ |
| ၁၆၂ | မောင်ခေတ်စည်သူ | အထက - ကြံခင်း | ကြံခင်း | ဟသ်ာတ |
| ၁၆၃ | မချောစုသွယ် | ဂုဏ်ထူးပန်းခင်း(ကပက) | ဟသ်ာတ | ဟသ်ာတ |
| ၁၆၄ | မဇင်လေးလေးနွယ် | အထက-အင်္ဂပူ | အင်္ဂပူ | ဟသ်ာတ |
| ၁၆၅ | မောင်ပိုင်အောင်လတ် | အထက(၁)မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၆၆ | မအိမြတ်မွန် | အထက(၁)ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၁၆၇ | မောင်ရွှေထော်ထော် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၈ | မနန်းအိဝေလွင် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၉ | မောင်ရဲထက်လူ | အထက-ဓနုဖြူ | ဓနုဖြူ | မအူပင် |
| ၁၇၀ | မသက်ယုစံ | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၁၇၁ | မောင်ကျော်ဇေယျ | အထက(၁)ကျိုက်လတ် | ကျိုက်လတ် | ဖျာပုံ |
| ၁၇၂ | မမေမြတ်နိုးဝေ | အထက(၁)ကျိုက်လတ် | ကျိုက်လတ် | ဖျာပုံ |
| ၁၇၃ | မောင်ခန့်စည်သူ | အထက(၂)ပျဉ်းမနား | ပျဉ်းမနား | ဒက္ခိဏ |
| ၁၇၄ | မအောင်ကေဇင်ဟိန်း | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၅ | မောင်ရန်ဝေတိုး | CAE (ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၆ | မဆုမြတ်မိုရ် | CAE (ကပက) | ဥတ္တရသီရိ | ဥတ္တရ |

# ရန်ကုန်သင်္ကြန်ဗဟိုမဏ္ဍပ်အတွက် ငွေကျပ် သိန်း ၂၀၀၀ သုံးစွဲရန် လျာထား

**ရန်ကုန် မတ် ၂၇**

မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျသော ရန်ကုန်မြို့တွင် ယခုနှစ် သင်္ကြန်ဗဟိုမဏ္ဍပ်ကြီးအတွက် သုံးစွဲရန် အကြမ်းဖျင်းကုန်ကျစရိတ်ကို ငွေကျပ်သိန်း ၂၀၀၀ လျာထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

မတ် ၂၄ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသော တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ယခုနှစ်သင်္ကြန်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မဏ္ဍပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမဏ္ဍပ်စသည်ဖြင့် တိုင်းဒေသကြီးအစိုးရ ဦးဆောင်သော ရေကစားမဏ္ဍပ်များ ထားရှိသွားမည်မဟုတ်ဘဲ ပြည်သူဗဟိုပြုရေကစားမဏ္ဍပ်ကြီးသာ မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့ မဟိုမဏ္ဍပ် တည်ဆောက်မှုကို လက်တလောယတိပြတ် ထုတ်ပြန်နိုင်သေးမှာ မဟုတ်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ စပွန်ဆာတွေက ပါလာဦးမှာဖြစ်ပါတယ်။ ပြည်သူလူထုက ပူးပေါင်းပါဝင်မှုများလာရင် ကျွန်တော်တို့ ပျော်ပွဲရွှင်ပွဲ ခေါင်းစဉ်ဘက်ကနေ စိုက်ထုတ်ပေးရတဲ့ငွေပမာဏက နည်းသွားမှာဖြစ်ပါတယ်။ ပိုလျှံခဲ့ရင်လည်း တခြားသောကိစ္စရပ်တွေမှာ သုံးစွဲနိုင်ဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်သွားမှာပါ။ ဒီဗဟိုသင်္ကြန် မဏ္ဍပ်ကြီးအတွက် ကုန်ကျနိုင်တဲ့ ငွေကြေးပမာဏ အကြမ်းဖျင်း ခန့်မှန်းမယ်ဆိုရင်တော့ ငွေကျပ်သိန်း ၂၀၀၀ လောက် ကုန်ကျနိုင်ပါတယ်။ နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်နေတဲ့ အခြေအနေတွေဖြစ်တဲ့ ရုပ်မြင်သံကြားတိုက်ရိုက်ထုတ်လွှင့်မှုတို့ တခြားသော အခြေအနေတွေက ထည့်ဝင်မှုရှိလာမယ်ဆိုရင်တော့ ကုန်ကျရင်လည်း အနည်းငယ်သာ ကုန်ကျနိုင်ပါတယ်။ ကုန်ကျမှုမရှိဘဲ ပိုလျှံမှုရှိလာတာတွေလည်း ရှိလာနိုင်ပါတယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း သတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်

တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ယခုနှစ်မဟာသင်္ကြန်တွင် လုံခြုံရေးရှုထောင့်ကိုလည်း ပြည်သူဗဟိုပြုသည့် လုံခြုံရေးစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ခရိုင်အသီးသီးတွင်လည်း အုပ်ချုပ်ရေးမှူးရုံးများက ချုပ်ကိုင်ထားတဲ့ မဏ္ဍပ်မျိုးမဟုတ်ဘဲ နယ်မြေအတွင်းမှာရှိသည့် ရပ်မိရပ်ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်တွင်းလူပုဂ္ဂိုလ်ရှားတက်ကြွသူများနှင့် ပူးပေါင်းပြီး ပြည်သူလူထုသင်္ကြန်ပွဲတော်ကြီးအဖြစ် ကြိုးပမ်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။ ရန်ကုန်မြို့တွင်း စီးပွားဖြစ် ရေကစားမဏ္ဍပ်များကို ယခင်နှစ်ကဲ့သို့ ခွင့်ပြုသွားမည်မဟုတ်ဘဲ မိသားစုရေကစားမဏ္ဍပ်များ၊ ကုမ္ပဏီများမှပေးသော စပွန်ဆာ ရေကစားမဏ္ဍပ်များကို လမ်းပန်းဆက်သွယ်ရေးအရ အလွယ်တကူဝင်ထွက်သွားလာနိုင်သည့် လမ်းများတွင် ခွင့်ပြုသွားမည်ဖြစ်သည်။

သင်္ကြန်ကာလ ရေပက်မှုအချိန်တွေကိုလည်း စနစ်တကျစိစစ်၍ ခွင့်ပြုပေးသွားမှာဖြစ်ပြီး နွေရာသီ အပူပြင်းထန်သော ကာလတစ်ခုဖြစ်သောကြောင့် ရေကစားချိန်ကိုလည်း ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် ကန့်သတ် သတ်မှတ်ပေးခဲ့သည်။ ရေကစားချိန်ကို နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ခွင့်ပြုခဲ့ပြီး ညနေပိုင်းတွင် ၃ နာရီမှ ၆ နာရီထိ ခွင့်ပြုသွားဖြစ်သည်။ ယခုနှစ်ဒီကာလတွင် ပြည်သူများအားလုံး ပျော်ပျော်ရွှင်ရွှင်နှင့် ရေကစားခွင့်ဖန်တီးပေးနိုင်ရန်အပြင် ညဘက်တွင်လည်း သံချပ်အလှ၊ အကများဖြင့် ဖျော်ဖြေမှုများကို မြို့နယ်ခရိုင်များအတွင်း၌ စည်းကာသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် စီစဉ်လျက်ရှိသည်။ ယခုအခါ ရန်ကုန်မြို့တွင် မဟာသင်္ကြန် ရေကစားမဏ္ဍပ်ကြီး ခြောက်ခုနှင့် မဏ္ဍပ်လတ်တစ်ခု စုစုပေါင်း ရေကစားမဏ္ဍပ် ခုနစ်ခုတည်ဆောက်ရန် သက်ဆိုင်ရာသို့ တင်ပြထားပြီး နောက်ဆက်တွဲ တင်ပြထားသည်များလည်းရှိကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

**သတင်း- မောင်စိန်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

# ပြည်မြို့တွင် အလိုအလျောက်မြစ်ရေအနိမ့်အမြင့်တိုင်းတာရေး ကိရိယာတပ်ဆင်

**ပြည် မတ် ၂၇**

နှစ်စဉ်မြင့်တက်လေ့ရှိသော ဧရာဝတီမြစ်ရေအခြေနေကို စောင့်ကြည့်နိုင်ရန် အလိုအလျောက်မြစ်ရေအနိမ့်အမြင့် တိုင်းတာရေးကိရိယာများကို ပြည်မြို့ရှိ နဝဒေးတံတားတွင် မတ် ၂၅ ရက်က တပ်ဆင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနနှင့် Regional IntergratedMuli-Hazard Early Warning System(RIMES) တို့ ပူးပေါင်း၍ လုပ်ဆောင်ခြင်းဖြစ်ပြီး Telemetry Water Level Monitoring System (TWLMS) တပ်ဆင်ဆောင်ရွက်မှုအစီအစဉ်အရ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့်ဝေါမြစ်များရှိ မြစ်ကူးတံတားများတွင် Radar Sensor နှင့် Data Logger များတပ်ဆင်ပြီး မြစ်ရေအနိမ့်အမြင့်ကို စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိရိယာ၏ လုပ်ဆောင်ချက်မှာ ယခင်က မြစ်ရေတိုင်းတာရာတွင် လူကိုယ်တိုင်ဆင်းပြီး တိုင်းထွာနေရပြီး ယခုကိရိယာကို တပ်ဆင်ထားသည့်အတွက် အင်တာနက် လိုင်းရရှိသည့် မည်သည့်နေရာတိုင်းမှာမဆို အချိန်နှင့်တစ်ပြေးညီ အချက်အလက်များရမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီကိရိယာက တံတားပေါ်ကနေ Radar Sensor ဖတ်နိုင်တဲ့အတွက် မြစ်ရေအနိမ့်အမြင့်ကို အမြန်ဆုံးတိုင်းတာနိုင်မှာဖြစ်ပါတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန (ဇလဗေဒဌာနခွဲ) မှ ဦးစီးမှူးဦးမျိုးထွန်းဦးက ပြောသည်။



အဆိုပါကိရိယာကို တပ်ဆင်ထားခြင်းဖြင့် သဘာဝဘေးအန္တရာယ်တွင် ရေဘေးနှင့်ပတ်သက်သည့် အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ခြင်း၊ ကြိုတင်တွက်ဆနိုင်ခြင်းတို့ကိုလည်း ဖြစ်ပေါ်စေနိုင်ပြီး ယခင်ကဆိုလျှင် ရေကြီးမှုဖြစ်စဉ်များ မဖြစ်ပေါ်မီ စိုးရိမ်ရေမှတ်အောက် တစ်မီတာအလိုကတည်းက တစ်နာရီခြား တစ်ကြိမ်ဆင်းတိုင်းထွာခြင်းများ ပြုလုပ်ရပြီး ရုံးချုပ်သို့ဖုန်းဖြင့် သတင်းပေးပို့နေရာမှ အဆိုပါကိရိယာ တပ်ဆင်ထားသည့်အတွက် ရုံးချုပ်မှ အင်တာနက်ဖွင့်ကြည့်လိုက်ရုံနှင့် သိရှိနိုင်မည်ဖြစ်ပြီး ကြိုတင်အသိပေးမှုများ ပြုလုပ်နိုင်မည် ဖြစ်ကြောင်းသိရသည်။

အဆိုပါ ကိရိယာများကို မြို့ကြီး ၁၃ မြို့ဖြစ်သည့် ပြည်၊ မကွေး၊ ချောက်၊ ပခုက္ကူ၊ မုံရွာ၊ စစ်ကိုင်း၊ မြစ်ကြီးနား၊ ကသာ၊ မော်လိုက်၊ ခန္တီး၊ ငသိုင်းချောင်း၊ ရေနီ၊ မဒေါက်မြို့များတွင် တပ်ဆင်သွားမည်ဖြစ်ပြီး ပထမခရီးစဉ်အဖြစ် ပြည်၊ မကွေး၊ ချောက်၊ မုံရွာ၊ စစ်ကိုင်း၊ ပခုက္ကူ စသည့် စခန်းခြောက်ခုကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## စိုင်ခြံကျေးရွာအုပ်စု တောင်မြောက်ရွာသစ်သုံးရွာ လျှပ်စစ်မီးရရှိတော့မည်

**ကျောက်ဖြူ မတ် ၂၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ်ရှိ စိုင်ခြံကျေးရွာအုပ်စု၊ တောင်မြောက်ရွာသစ်သုံးရွာ၌ မတ် ၃၁ ရက်နောက်ဆုံးထား၍ လျှပ်စစ်မီး ၂၄ နာရီရရှိတော့မည်ဟု သိရသည်။

ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဗညားအောင်ဆန်းလင်းကြီးကြပ်၍ ဝန်ထမ်းများက အဆိုပါကျေးရွာများသို့ ကွင်းဆင်းကာ လျှပ်စစ်မီးသုံးစွဲမည့် အိမ်များကို အိမ်အတွင်းအပြင် မီတာများနှင့်ဝိုင်ယာလိုင်းများ စနစ်တကျတပ်ဆင်ထားမှုရှိမရှိစိစစ်ပေးခြင်းများပြုလုပ်၍ လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။ မြို့ပေါ်ရှိရပ်ကွက်များတွင် ဓာတ်အားပိုမိုလုံလောက် စွာရရှိရေးအတွက် ရည်ရွယ်၍ ၁၆၀ ကေဗွီအေ ထရန်စဖော်မာလေးလုံးကိုလည်း တည်ဆောက်လျက်ရှိနေကြောင်း မြို့နယ်လျှပ်စစ် အင်ဂျင်နီယာထံမှ သိရသည်။

(၁၅၇)

## အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်စက်ချုပ်သင်တန်းဖွင့်

**နေပြည်တော် မတ် ၂၇**

ကျေးလက်နေဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် ဝင်ငွေတိုးပွားစေရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၃/၂၀၁၇)ဖွင့်လှစ်ခြင်းအား နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ မတ် ၂၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်းမှ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းသင်တန်းကို မတ် ၂၀ ရက်မှ မေ ၁၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသူ ၃၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## မှူးခင်းကျဆင်းရေး အသိပညာပေးယာဉ်ဖြင့် လှည့်လည်ဟောပြော

**ရွှေဘို မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရဲတပ်ဖွဲ့နှင့် Htet Advertising and Entertainment Group တို့ ပူးပေါင်းပြီး ခရိုင်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် မှုခင်းကျဆင်းရေးတို့ကို မတ် ၂၄ ရက်က ဝက်လက်မြို့နယ်နှင့်ဆက်စပ်ကျေးရွာများဖြစ်သည့် ရွာသာကြီး၊ လှတော၊ ရွှေပန်းကုံးကျေးရွာများသို့လည်းကောင်း၊ မတ် ၂၅ ရက်တွင် ရွှေဘို၊ ဆိပ်ခွန်၊ ခင်ဦးမြို့နယ်များသို့ လည်းကောင်း အသိပညာပေးယာဉ်ဖြင့် လှည့်လည်ပညာပေးလျက်ရှိသည်။

ရွှေဘိုခရိုင်အတွင်း ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ယနေ့အထိ ဖမ်းဆီးရမိခဲ့သော ပြစ်မှုများမှာ မူးယစ်ဆေးဝါးမှု ၅၄ မှု၊ သစ်မှောင်ခိုမှု ၇၇ မှု၊ ပိုင်ရှင်မဲ့ ၁၉၉ မှု၊ လောင်းကစားမှု ၅၅ မှု၊ တရားမဝင်ကျွဲ၊ နွားမှု ၂၅ မှု၊ ပိုင်ရှင်မဲ့ရှစ်မှု၊ ယာဉ်တိုက်မှု ၄၇၃ မှုရှိကြောင်းနှင့်ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇော**

## ထရန်စဖော်မာနှင့်ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

**မင်းလှ မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် အုန်းပင်ပေါက်အုပ်စု အုန်းပင်ပေါက်ကျေးရွာ၌ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းပေ ၁၀၀၀ နှင့် ၄၀၀ ဗို့ဓာတ်အား ပေ၄၂၀၀ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ဇော်ဦးနှင့်အဖွဲ့က တည်ဆောက်ခဲ့ရာ မတ် ၂၃ ရက်တွင် လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ် မကျရောက်စေရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ပျူယဉ်ကျေးမှုနယ်မြေ ဗိဿနိုး

မောင်သာ(ရှေးဟောင်းသုတေသန)

ဗိဿနိုးဟုဆိုလျှင် မြန်မာလူမျိုးအများစုက ရာဇဝင်တွင်လူကြိုက်များခဲ့သည့် ဒွတ္တဘောင်မင်းကြီးနှင့် ပန်ထွာဘုရင်မဇာတ်လမ်းကို တွေးတောမိကြသည်။ ပန်ထွာဘုရင်မဇာတ်လမ်းကြောင့် လူအများစိတ်ဝင်စားကြသည့် ဗိဿနိုးသည် စင်စစ်အားဖြင့် ပျူယဉ်ကျေးမှုထွန်းကားခဲ့သော ရှေးဟောင်းနယ်မြေတစ်ခုဖြစ်ပြီး မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၏ အနောက်ဘက် ၁၂ မိုင်အကွာတွင် တည်ရှိသည်။ မြန်မာ့စာပေသမိုင်းတွင် တောင်တွင်းကြီးသည် ပေလေးပင်၊ ရှင်လေးပါးကြောင့် ကျော်ကြားခဲ့သကဲ့သို့ ဗိဿနိုးသည်လည်း ပန်ထွာမင်းသမီး၊ ရန်ပယ်ချောင်းနှင့် စည်တော်ကြီးတို့ကြောင့် အလွန်ထင်ရှားခဲ့ပေသည်။

ဗိဿနိုးသည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ သရေခေတ္တရာမြို့ဟောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်ရှိ ဟန်လင်းမြို့ဟောင်းများကဲ့သို့ပင် ပျူယဉ်ကျေးမှုအထောက်အထားများ များစွာကြွင်းကျန်နေသည့် သမိုင်းဝင် ရှေးဟောင်းနယ်မြေတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ပျူမြို့ဟောင်းသုံးမြို့သည် တောင်မြောက်တန်းလျက် တည်ရှိနေကြရာ သရေခေတ္တရာမြို့ဟောင်း၏ မြောက်ဘက် ကီလိုမီတာ ၁၃၀ အကွာတွင် ဗိဿနိုးမြို့ဟောင်းတည်ရှိ၍ ဗိဿနိုးမှ အရှေ့မြောက်ယွန်းယွန်း ကီလိုမီတာ ၂၇၀ အကွာတွင် ဟန်လင်းမြို့ဟောင်း တည်ရှိသည်။

ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို)က ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် သရေခေတ္တရာ၊ ဟန်လင်းနှင့် ဗိဿနိုးတို့ကို မြန်မာနိုင်ငံ၏ ပထမဆုံးသော ကမ္ဘာ့အမွေအနှစ်ဒေသများအဖြစ် ၂၀၁၄ ခုနှစ် ဇွန်လ ၁၈ ရက်တွင် အသိအမှတ်ပြုခဲ့ပြီးနောက် ပျူယဉ်ကျေးမှုအပေါ် ပြည်တွင်းပြည်ပ စိတ်ဝင်စားမှုများသည် ယခင်ကထက် ပိုမိုများပြားလာခဲ့သည်။

**ရာဇဝင်ထဲမှ ဗိဿနိုး**

ရှေးအခါက အလိုရှိရာတောင့်တ၍ ဆုတောင်းပန်ထွာ ပတ္တနာပြုခဲ့သော ပန်ထွာမင်းသမီး၊ ဗိဿနိုးနတ်မင်း ဖန်ဆင်းပေးသော ဗိဿနိုးမြို့ တီးခတ်လိုက်လျှင် ရန်သူများ မြို့တွင်းသို့မဝင်နိုင်ရန် ချောင်းရေများကို တက်လာစေသည့် အတုလစည်တော်၊ စည်တော်ကြီးတီးလိုက်တိုင်း ရေလုံးကြီးများ အရှိန်ပြင်းစွာစီးကျလာသော ရန်ပယ်ချောင်းတို့သည် မြန်မာလူမျိုးများနှစ်ခြိုက်ခဲ့သည့် ဗိဿနိုးဇာတ်လမ်းဖြစ်ပေသည်။

အခွန်ပဏ္ဏာတောင်းရန် ပန်ထွာပြည်သို့ တိုင်းခန်းလှည့်လည်ရောက်ရှိလာခဲ့သည့် ဒွတ္တဘောင်မင်းကြီးကို မသန့်သောအဝတ်ပဝါ ဆက်ခဲ့သည့် ပန်ထွာဘုရင်မ၊ မသန့်သောအဝတ်ဖြင့် မျက်နှာသုတ်ခဲ့သဖြင့် မှဲ့ရှင်ကွယ်ခဲ့ရသော ဒွတ္တဘောင်မင်းကြီးအကြောင်းများကို မဟာရာဇဝင်ကြီးတွင် သာမန်မျှ ဖော်ပြထားသည်။ မင်းတုန်းမင်းလက်ထက်၊ နေမျိုးမင်းလှ သီရိသင်္ခယာဘွဲ့ခံ မြေလတ်စစ်ကဲကြီး ပြုစုသော တောင်တွင်းကြီးသမိုင်းတွင် မဟာသမ္ဘဝနှင့် စန္ဒမုခိဘီလူးမတို့ စုံဖက်ဖွားမြင်ခဲ့သော မိန်းကလေးကို ရသေ့ကြီးတစ်ပါးက မွေးစားခဲ့ပုံ၊ ထိုမိန်းကလေး ကြီးပြင်းလာချိန်တွင် ရှေးအတိတ်ဘဝက ပေရွက်လှူကာ ဆုတောင်းပန်ထွာပြုခဲ့ခြင်းကို သိရှိသော သိကြားမင်းက မိန်းကလေးနှင့် မောင်နှမတော်စပ်ခဲ့ဖူးသော ဗိဿနိုးနတ်မင်းအား စောင့်ရှောက်ခိုင်းခဲ့ပုံ၊ ဗိဿနိုးနတ်မင်းက မြို့ပြထီးနန်းများ ဖန်ဆင်းပေးခဲ့ပုံ၊ သရေခေတ္တရာကိုအုပ်စိုးသော ဒွတ္တဘောင်မင်းက ပန်ထွာပြည်ကိုလုပ်ကြံရာတွင် ပန်ထွာမင်းသမီးက သိကြားမင်းပေးသောစည်ကို တီးခတ်သဖြင့် ရန်ပယ်ချောင်းအတွင်း ရေများအလုံးအရင်းတက်လာကာ စစ်သည်များ ဆုတ်ခွာထွက်ပြေးရပုံ၊ ဒွတ္တဘောင်မင်းက ထိုစည်ကြီးကို ဥပါယ်တံမျဉ်ဖြင့်ဖျက်ဆီးကာ ပန်ထွာပြည်ကို နောက်တစ်ကြိမ်စစ်ထိုးပုံ၊ ဒွတ္တဘောင်မင်းကြီးစစ်အောင်သဖြင့် ပန်ထွာဘုရင်မကို ခေါ်ဆောင်သွားပုံတို့ကို လူအများက စိတ်ဝင်စား စွဲမက်ခဲ့ကြသည်။

**ပျူရှေးဟောင်းမြို့ ဗိဿနိုး**

ဒဏ္ဍာရီများနှင့်ရောနေသည့် ရှေးဟောင်းဗိဿနိုးမြို့သည် ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသ ဖြစ်လာခဲ့ပြီး ပြည်တွင်းပြည်ပ၌ ပိုမိုထင်ရှားလာခဲ့သည်။ ဗိဿနိုးသည် တောင်တွင်းကြီးမြို့၏အနောက်ဘက် ၁၂ မိုင်အကွာရှိ ကုက္ကိုခွကျေးရွာ၏ မြောက်ဘက် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၅၀ ၌ တည်ရှိသည်။ မြို့ဟောင်းသည် လေးထောင့်မကျတကျ ပုံသဏ္ဌာန်ရှိပြီး အနောက်ဘက်သို့စောင်းနေသည်။ မြို့၏တောင်ဘက်တွင် ရန်ပယ်ချောင်းသည် အရှေ့မှအနောက်သို့စီးဆင်းနေကာ အုတ်မြို့ရိုးနှင့် ရေကျုံးပတ်လည်ဝန်းရံထားသည့် ဗိဿနိုးမြို့ဟောင်းသည် ၃ ဒသမ ၃ စတုရန်းမိုင် ကျယ်ဝန်းသည်။ ဗိဿနိုးမြို့ဟောင်း၏ အနောက်မြောက်တွင် အင်းကြီးရွာတည်ရှိနေပြီး အရှေ့မြောက်နှစ်မိုင်အကွာ၊ မြို့ရိုးအပြင်တွင် ရွှေရောင်တော်စေတီကို ဖူးတွေ့နိုင်သည်။ ပျူခေတ်လက်ရာ ရွှေရောင်တော်စေတီကို ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့ကြသဖြင့် မူလလက်ရာများ ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။

ဗိဿနိုးမြို့ဟောင်းဝန်းကျင်ဖြစ်သည့် ယင်းချောင်းလွင်ပြင်သည် ဧရိယာ ၂၂၉၄ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ မြို့ဟောင်း၏မြောက်ဘက်ရှိ ဆဒ့ံချောင်း၊ တောင်ဘက်မှ ရန်ပယ်ချောင်းနှင့် အနောက်ဘက်မှ ယင်းချောင်းနှင့် တောင်ဦးချောင်းတို့သည် ယင်းချောင်းလွင်ပြင်နေရာတွင် ပေါင်းဆုံကြသည်။ ယင်းလွင်ပြင်တွင် ဗိဿနိုးမြို့ကိုတည်ထားပြီး မြို့ရိုးသည် တစ်ဖက်လျှင်နှစ်မိုင်စီ ရှည်လျား၍ အရပ်မျက်နှာသုံးဖက်၌သာရှိသည်။ အနောက်ဘက်တွင် အင်းကြီးကန်ရှိသဖြင့် မြို့ရိုးပြုလုပ်ထားခြင်း မရှိချေ။

ဗိဿနိုးမြို့ဟောင်းအား ပထမဆုံးစူးစမ်းလေ့လာမှုအဖြစ် မြို့ဟောင်းတောင်ဘက်ရှိ ကုန်းငယ်နှစ်ခုကို ရှေးဟောင်းသုတေသနဌာနမှ ကျောက်စာဝန် မစ္စတာတော်စိန်ခိုက ၁၉၀၅ ခုနှစ်တွင် တူးဖော်သုတေသနပြုခဲ့သည်။ ဗြိတိသျှအစိုးရ၏ ဧည့်သည်အဖြစ် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သော ပြင်သစ်ဗိုလ်ချုပ် လီယွန်ဒီဗဲယေသည် သရေခေတ္တရာကိုတူးဖော်စဉ် ၁၉၀၇ ခုနှစ်တွင် ဗိဿနိုးသို့ သွားရောက်စူးစမ်းလေ့လာခဲ့သည်။

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနက ၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဗိဿနိုးမြို့ဟောင်းတွင် ကုန်းပေါင်း ၂၅ ကုန်း တူးဖော်ခဲ့ပြီး ၁၉၉၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ကုန်းပေါင်း ၆၇ ကုန်း တူးဖော် သုတေသနပြုခဲ့သည်။ ဗိဿနိုးမြို့ဟောင်းကို စတင်တူးဖော်ခဲ့စဉ်က ကုက္ကိုခွရွာကိုအစွဲပြု၍ ကုန်းများကို KKG ဟု အမည်ပေးကာ အမှတ်စဉ်များတပ်ခဲ့သော်လည်း ၁၉၉၅ ခုနှစ်မှစ၍ ဗိဿနိုးမြို့ဟောင်း အမည်ကိုယူကာ ကုန်းအမှတ်များကို BTO ဟု ပြောင်းလဲသုံးစွဲခဲ့သည်။

ဗိဿနိုး တူးဖော်တွေ့ရှိမှုများအရ အုတ်ကုန်းများကို မြို့ရိုးနှင့် အရံအတား၊ မြို့ဝင်ပေါက်၊ လူနေအဆောက်အအုံနှင့် ဘာသာရေး(သို့မဟုတ်)ဓလေ့ထုံးတမ်းဆိုင်ရာ အဆောက်အအုံများနှင့် အထွေထွေဟု ခွဲခြားသတ်မှတ်ရာ မြို့ရိုးအရံအတား ၁၄ ခု၊ မြို့ဝင်ပေါက် ခြောက်ခု၊ လူနေအဆောက်အအုံ ၁၀ ခု၊ ထုံးတမ်းစဉ်လာနေရာ ၃၀ ခုနှင့် အထွေထွေအုတ်ကုန်း ခုနစ်ခုတို့ကို မှတ်တမ်းပြုနိုင်ခဲ့သည်။ ဗိဿနိုးမြို့ဟောင်း တူးဖော်မှုများမှ အုတ်များ၊ ပျူဒင်္ဂါးများ၊ အိုးများ၊ မြေမီးဖုတ်တံဆိပ်တုံးများ အပါအဝင် ပျူယဉ်ကျေးမှုအထောက်အထား ပစ္စည်းများကို တွေ့ရှိခဲ့သည်။

ယဉ်ကျေးမှုဖြစ်စဉ်များအရ မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀၀၀ မှ နှစ် ၄၀၀၀ အတွင်း ကျောက်ခေတ်ဟောင်း၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်သစ်ကာလများကိုလည်းကောင်း၊ နှစ် ၄၀၀၀ မှ နှစ် ၃၀၀၀ အတွင်း ကြေးခေတ်ကာလကိုလည်းကောင်း၊ နှစ် ၃၀၀၀ မှ နှစ် ၁၅၀၀ အတွင်း သံခေတ်ကာလကိုလည်းကောင်း ဖြတ်သန်းခဲ့သည်။ ပညာရှင်များက အေဒီနှစ်ရာစုမှ ကိုးရာစု ကာလကို ပျူခေတ်ထွန်းကားခဲ့ချိန်ဟု ယူဆခဲ့ကြရာ ထင်ရှားသော ပျူမြို့ပြများတွင် ဗိဿနိုးသည် တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။

ဗိဿနိုးတူးဖော်မှု ကုန်းအမှတ်(၉) အစောဆုံးမြေလွှာနှင့် အထက်မြေလွှာမှ ရရှိသော မီးသွေးစများကိုလည်းကောင်း၊ ကုန်းအမှတ်(၁၁) မြေလွှာနှစ်ခုမှ မီးသွေးစများကိုလည်းကောင်း ရေဒီယိုကာဗွန်စမ်းသပ်နည်း(ဃ ၁၄)ဖြင့် သက်တမ်းတွက်ချက်ခဲ့ရာ ခရစ်နှစ် တစ်ရာစုနှင့် နှစ်ရာစုအတွင်းဟု အဖြေထွက်ခဲ့ပြီး ကုန်းအမှတ်(၁၁)နှင့် ကုန်းအမှတ်(၃၂)မှ တွေ့ရှိခဲ့သော မီးသွေးခဲများသည် ခရစ်နှစ် နှစ်ရာစုအတွင်းက မီးသွေးခဲများဟု အဖြေရရှိခြင်းများကို ထောက်ခြင်းဖြင့် ဗိဿနိုးထွန်းကားခဲ့သော ကာလမှာ ခရစ်နှစ် တစ်ရာစုမှ နောက်အကျဆုံး လေးရာစု၊ ငါးရာစုဖြစ်သည်ဟု မှတ်ယူက သင့်လျော်မည်ဖြစ်ကြောင်း ဗိဿနိုးမြို့ဟောင်းကို တူးဖော်ခဲ့သူ ရှေးဟောင်းသုတေသနဌာန၊ ညွှန်ကြားရေးဝန် ဦးအောင်သော်က ရေးသားခဲ့သည်။

ဗိဿနိုးတူးဖော်မှုကုန်း အမှတ်(၂)မှ တွေ့ရှိခဲ့သည့် မြေမီးဖုတ်တံဆိပ်တုံးတွင် ဗြဟ္မီအက္ခရာဖြင့် "သံဃသိရိ"ဟု ရေးသားထားခြင်းကို ခရစ်နှစ် နှစ်ရာစု လက်ရေးဖြစ်ကြောင်း ပညာရှင်များက ယူဆခဲ့သည်။

ဗိဿနိုးမြို့၏သက်တမ်းကို ရာဇဝင်ကျမ်းများတွင် သာသနာသက္ကရာဇ် ၁၀၁ ခုနှစ် (ခရစ်တော်မပေါ်မီ ၄၄၃ ခုနှစ်)ဟု ရေးသားကြသော်လည်း သိပ္ပံနည်းကျ စစ်ဆေးချက်များအရ လွန်ခဲ့သော နှစ် ၁၉၅၀ ခန့်ကဟု အဖြေထွက်ခဲ့သဖြင့် ယခုအချိန်တွင် ဗိဿနိုးသည် သက်တမ်း နှစ် ၂၀၀၀ ကျော်ခဲ့ပြီဖြစ်ပေသည်။

**ဗိဿနိုးယဉ်ကျေးမှု**

ဗိဿနိုးမြို့ကို မတည်ထောင်မီကပင် ပျူလူမျိုးများသည် ယင်းနေရာတွင် မှီတင်းနေထိုင်ခဲ့ဟန်ရှိကြောင်း ဦးအောင်သော်က သုံးသပ်ခဲ့သည်။ ပျူတို့သည် ခရစ်နှစ် တစ်ရာစုတွင် မြို့ပြတည်ထောင်၍ အခြေချနေထိုင်ခဲ့ကြပြီး အုတ်အဆောက်အအုံများကို တည်ဆောက်နိုင်ခဲ့ကြသည်။ အုတ်များကို မြေနီသရွတ်ဖြင့်စီကာ ထုထည်ကြီးမားသောနံရံများကို ပြုလုပ်နိုင်ခဲ့သည်။ လက်မှုအနုပညာအဖြစ် ရက်ကန်းရက်လုပ်ခြင်း၊ ပုတီး၊ လက်ကောက် အဆင်တန်ဆာများ ပြုလုပ်ခြင်း၊ လက်ရာမြောက်သည့် အိုးထိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကို ဗိဿနိုးတွင်တွေ့ရှိရသည့် ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများက သက်သေပြလျက်ရှိသည်။ ဗိဿနိုး၏ ထူးခြားသော ဓလေ့သည် အရိုးအိုးမြှုပ်နှံခြင်း ထုံးတမ်းဖြစ်ကာ ဗိဿနိုးတူးဖော်မှုများမှ အရိုးအိုးများ အများအပြားရရှိခဲ့သည်။

ဗိဿနိုးသည် သရေခေတ္တရာနှင့် ခေတ်ပြိုင်ဖြစ်ခဲ့ပြီး အေဒီ လေးရာစုနှင့် ငါးရာစုကြားတွင် ပျက်စီးခဲ့သည်။ အဆောက်အအုံများနှင့် မြို့တံခါးများသည် မီးလောင်ကျွမ်းပျက်စီးခဲ့ဟန်ရှိသည်။ ဗိဿနိုးသည် ပထမအကြိမ်ပျက်စီးပြီးနောက် အဆောက်အအုံများကို ပြန်လည်တည်ဆောက်ခဲ့ပြီး ဒုတိယအကြိမ်တွင် လုံးဝဆိတ်သုဉ်းသွားခဲ့သည်။ ဗိဿနိုးပျက်စီးပြီးသည့်တိုင် အနီးဝန်းကျင်တွင် လူများ ဆက်လက်နေထိုင်ခဲ့သေးကြောင်း ကုန်းအမှတ်(KKG 21)က သက်သေပြနေသည်။ ယင်းကုန်းကို ၁၉၆၃ ခုနှစ်က တူးဖော်ခဲ့ရာတွင် ဘာသာရေးနှင့်စပ်ဆိုင်မည်ဟု ယူဆဖွယ်ရှိသည့် နှောင်းခေတ်လက်ရာ အဆောက်အအုံပန္နက်ရာကို တွေ့ရှိကြရသည်။ ယင်းကုန်းမှ အင်္ဂတေရုပ်ကြွခြင်္သေ့၊ အင်္ဂတေပန်းဆွဲအပိုင်းအစများ၊ မကိုဋ်ဆောင်းထားသည့် နတ်ရုပ်ဦးခေါင်းပိုင်းအကျိုး၊ ဘီလူးနှင့်တူသော ဦးခေါင်းပိုင်းအကျိုး၊ အမျိုးသမီးကိုယ်အထက်ပိုင်းအရုပ်၊ မျက်လုံးသုံးလုံးပါရှိသောဘီလူးခေါင်း စသည်ဖြင့် ရှေးဟောင်းပစ္စည်းများ ရရှိခဲ့သည်။

ယင်းအဆောက်အအုံသည် ရှေးဦးဗိဿနိုးနှင့် မသက်ဆိုင်ဘဲ အေဒီ ၁၀ ရာစုနှင့် ၁၃ ရာစုအတွင်း တည်ဆောက်ခဲ့သည့် အဆောက်အအုံဖြစ်ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့သည်။ အင်္ဂတေမွမ်းမံမှုလက်ရာများသည် ပုဂံခေတ်လက်ရာများနှင့် ဆက်စပ်မှုရှိနေသဖြင့် ပုဂံခေတ်နှင့်မရှေးမနှောင်း တည်ဆောက်ခဲ့ခြင်းဖြစ်နိုင်ကြောင်းလည်း ယူဆခဲ့ကြပေသည်။

ဗိဿနိုးမြို့ဟောင်းတူးဖော်မှု အစီရင်ခံစာ၌ ဗိဿနိုးတွင် သရေခေတ္တရာလောက် ဗုဒ္ဓဘာသာ မထွန်းကားခဲ့သော်လည်း ဗုဒ္ဓဘာသာနှင့် မိမိတို့ယုံကြည်သော ထုံးဓလေ့များကို အကြောင်းပြု၍ စေတီနှင့် ကျောင်းသင်္ခမ်းကဲ့သို့သော အဆောက်အအုံများကို တည်ဆောက်ခဲ့၏။ ဗိဿနိုးမြို့၊ ပန်ထွာပြည်ဟူသော အမည်များ မှည့်ခေါ်ခြင်းနှင့် စပ်လျဉ်း၍ အထောက်အထား မတွေ့ရသော်လည်း အစဉ်အဆက်ခေါ်ဝေါ်လာခဲ့ခြင်းဖြစ်၏ ဟုသုံးသပ်ထားသည်။






**ဗိဿနိုး ရှေးဟောင်းသုတေသနပြတိုက်**

ဗိဿနိုးမြို့ဟောင်းမှ ခေတ်အဆက်ဆက် တူးဖော်ရရှိ စုဆောင်းထားသောပစ္စည်းများကို ခင်းကျင်းပြသနိုင်ရန် ဗိဿနိုး ရှေးဟောင်းသုတေသနပြတိုက်ကို ဗိဿနိုးမြို့ဟောင်း၏ အရှေ့တောင်ဘက်တွင် ၂၀၀၈ ခုနှစ် စက်တင်ဘာ ၁ ရက်က ဖွင့်လှစ်ခဲ့သည်။

ပြတိုက်တွင် မကွေးတိုင်းဒေသကြီးအတွင်း နေရာအသီးသီးမှရရှိခဲ့သော ကျောက်၊ ကြေး၊ သံ လက်နက်များ၊ ရေစင်သွန်းအိုး၊ အရိုးအိုးများ၊ မြေမီးဖုတ်ပစ္စည်းများ၊ ပျူဒင်္ဂါးပြားများအပါအဝင် ပျူယဉ်ကျေးမှု အထောက်အထားများကို ခင်းကျင်းပြသထားသည်။ မြေပုံများ၊ ဓာတ်ပုံများ၊ အညွှန်းစာများ၊ ဗိဿနိုးမြို့ဟောင်း တူးဖော်ခဲ့မှုမှတ်တမ်းဇယားများကိုလည်း တွေ့မြင်နိုင်ကြကာ ဗိဿနိုးမြို့ဟောင်းပုံစံတူတစ်ခုကို တူးဖော်ရရှိခဲ့သည့်အိုးများနှင့် ယှဉ်တွဲပြသထားသည်။

ပြတိုက်အတွင်းဝင်လိုက်သည်နှင့် ဗိဿနိုးမြို့ဟောင်းဝင်ပေါက်မှ ရရှိခဲ့သည့် ဒွါရပါလ(တံခါးစောင့်)ရုပ်တု ခြေထောက်အောက်ပိုင်းနှစ်ခုကို မြင်ကြရသည်။ နှစ်ပေဝန်းကျင်ရှိသည့် ခြေထောက်ရာများကိုကြည့်ခြင်းဖြင့် ရုပ်တု၏ပမာဏသည် အလွန်ကြီးမားကြောင်း ခန့်မှန်းနိုင်ပေသည်။

ဗိဿနိုးမြို့ဟောင်းသို့လာရောက်၍ တူးဖော်မှုကုန်းများကို လေ့လာကြရာတွင် ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့စေရေးအတွက် အုတ်အဆောက်အအုံများအပေါ်သို့ မတက်ရောက်ကြရန် မေတ္တာရပ်ခံသည့် ဆိုင်းဘုတ်များ ချိတ်ဆွဲထားသည်။ ၂၀၀၈ ခုနှစ်က တူးဖော်သုတေသနပြုရာတွင် အရိုးအိုး ၁၀၉ လုံး၊ မြေဆီမီးခွက်ငါးခု အပါအဝင် ပျူယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ ရရှိခဲ့သည့် ကုန်းအမှတ် ၂၈ သည် စိတ်ဝင်စားဖွယ်ကုန်းတစ်ခုဖြစ်ပြီး အထိမ်းအမှတ်အဆောက်အအုံတစ်ခုဟု ယူဆထားသည်။ ဗိဿနိုး နန်းတော်ရာအပါအဝင် တူးဖော်မှုကုန်းများကို လိုက်လံကြည့်ရှုနိုင်ကြသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ဗိဿနိုးအပါအဝင် ပျူမြို့ဟောင်းများစီမံခန့်ခွဲမှုကော်မတီ ရှစ်ခုကို ဖွဲ့စည်းလျက် ရည်မှန်းချက် ၁၉ ချက်၊ လုပ်ငန်းစဉ် ၆၀ ချမှတ်ကာ စီမံခန့်ခွဲ ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိသည်။ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရန်အတွက် ပြည်သူများလိုက်နာရမည့် စည်းကမ်းချက်များကို ထုတ်ပြန်ထားသည်။ ဗိဿနိုးသည် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ဖြစ်လာခဲ့သည့်အတွက် ဒေသခံများ၏ စီးပွားရေးအခွင့်အလမ်းများ တိုးတက်လာသကဲ့သို့ အမွေအနှစ်ဒေသသည်လည်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်။

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ပြီးသည့်နောက် ပြည်တွင်းပြည်ပ ခရီးသွားများသည် ဗိဿနိုးတူးဖော်မှုကုန်းများရှိ အဆောက်အအုံ အကြွင်းအကျန်များနှင့် ဗိဿနိုးပြတိုက်တွင် ခင်းကျင်းပြသထားသည့် ပျူယဉ်ကျေးမှုပစ္စည်းများကို စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလျက်ရှိကြရာ မြန်မာတို့၏ဂုဏ်ယူဖွယ် ပျူယဉ်ကျေးမှု အမွေအနှစ်များအား ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းစောင့်ရှောက်ကြရမည်ဖြစ်ပေသည်။ ။

**ကိုးကား**

(၁) ဗိဿနိုးမြို့ဟောင်း(ဦးအောင်သော်)

(၂) ဗိဿနိုးမြို့ဟောင်းတူးဖော်မှုမှတ်တမ်း(ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)

# နည်းပြကွန်တီနှင့် ချယ်လ်ဆီးတို့သည် . . .

၂၀၁၆-၂၀၁၇ ဘောလုံးရာသီမှာတော့ ချယ်လ်ဆီးတို့ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ဖို့ အကောင်းဆုံးအခြေအနေရှိနေသလို အက်ဖ်အေဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ဖို့အတွက်လည်း ဟန်ပြင်နေပြီဖြစ်ပါတယ်။ ဒီနှစ်မှာ ပရီမီယာလိဂ်ပွဲစဉ်ပေါင်း ၂၈ ပွဲ ကစားပြီးချိန်အထိ ချယ်လ်ဆီးအသင်းဟာ ဒုတိယနေရာက စပါးကို ၁၀ မှတ်ဖြတ်ထားနိုင်ပြီး ဦးဆောင်နေတာဟာ ကစားသမားတွေရော နည်းပြရဲ့နည်းစနစ်ပိုင်းတွေပါ အမှားအယွင်းနည်းပါးခဲ့လို့ ဖြစ်ပါတယ်။

နည်းပြကွန်တီဟာ ချယ်လ်ဆီးကို ဒီနှစ်မှာ ၃-၄-၃ ပုံစံနဲ့ ခင်းကျင်းတိုက်ပွဲဝင်စေခဲ့တာဟာ ထိရောက်အောင်မြင်မှုတွေရှိခဲ့ကြောင်း၊ ကစားသမားတစ်ဦးချင်းရဲ့ စွမ်းဆောင်မှုတွေကို ထုတ်ဖော်ပြသခွင့်ရခဲ့ကြောင်း ထုတ်ဖော်ပြောကြားနေပါတယ်။ လက်ရှိကစားသမားတွေအတွက် ၃-၄-၃ ပုံစံဟာ အကောင်းဆုံးဖြစ်နေတာမို့ လာမယ့်ဘောလုံးရာသီမှာတောင် ဒီနည်းဗျူဟာကိုပဲ သုံးစွဲသွားမယ်လို့လည်း ကွန်တီက ပြောနေပါတယ်။

ချယ်လ်ဆီးကစားသမားတွေဟာ ၂၈ ပွဲကစားပြီးချိန်မှာ သွင်းဂိုး ၅၉ ဂိုးရှိခဲ့သလို ခံစစ်ပိုင်းကလည်း ၂၁ ဂိုးသာပေးခဲ့ရတာမို့ စွမ်းဆောင်မှုကောင်းမွန်ကြောင်း ပြသနိုင်နေပါတယ်။ အထူးသဖြင့် နည်းပြကွန်တီဟာ ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်းတစ်ပွဲသာ ရှုံးထားပြီး သရေပွဲမရှိဘဲ နိုင်ပွဲတွေချည်း ရယူထားနိုင်ခဲ့ပါတယ်။

ကွန်တီရဲ့နည်းဗျူဟာကြောင့် တိုက်စစ်မှူးတွေဖြစ်တဲ့ ဒီယေဂိုကော်စတာနဲ့ ဟာဇက်တို့ဟာ ဂိုးတွေသွင်းယူနိုင်ခဲ့တာဟာ ၂၈ ပွဲ ကစားပြီးချိန်မှာ ဒီယေဂိုကော်စတာက ၁၇ ဂိုးနဲ့ ဟာဇက်က ၁၁ ဂိုးသွင်းနိုင်အောင် အထောက်အပံ့ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးဟာ ဒီနှစ် ပီရီမီယာလိဂ်မှာ ပွဲတိုင်းဂိုးသွင်းနိုင်တဲ့အထိ ကောင်းမွန်လာပါတယ်။

ဒီလို ခြေစွမ်းကောင်းရရှိလာတာဟာ နည်းဗျူဟာပြောင်းလဲမှုကြောင့်ဖြစ်ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလကုန်မှာ အာဆင်နယ်အသင်းကို ဂိုးပြတ်ရှုံးခဲ့တဲ့နောက်ပိုင်း နည်းပြကွန်တီဟာ ၃-၄-၃ ပုံစံကို ပြောင်းလဲခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးတိုက်စစ်မှူး သုံးဦးဟာ ပြိုင်ဘက်ခံစစ်ကြောင်းကို နေရာစုံက ထိုးဖောက်နိုင်ခဲ့သလို တောင်ပံကစားသမား နှစ်ဦးကလည်း တိုက်စစ်ကို ပိုမိုထိရောက်အောင် အားဖြည့်နိုင်ခဲ့တာမို့ ချယ်လ်ဆီးတို့ ပွဲတိုင်းရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။

နည်းပြကွန်တီအနေနဲ့ ခံစစ်သမားတွေကို ရွေးချယ်နေရာချထားမှု မှန်ကန်ပြီး ကွင်းလယ်ကစားသမားတွေကလည်း အပေါ်၊ အောက် ဟန်ချက်ညီအောင် အားထုတ်နိုင်လာကြတာမို့ ချယ်လ်ဆီးအသင်း ကွက်လပ်ရဲ့ အားနည်းချက်က နည်းပါးသွားခြင်းဖြစ်ပါတယ်။ ကွန်တီရဲ့နောက်ထပ် အားသာချက်တစ်ခုကတော့ ပုံသေပွဲထွက်ကစားသမားတွေ မထားရှိခြင်းပဲဖြစ်ပါတယ်။ ကစားသမားအပြောင်းအလဲရှိနေတာမို့ ကြိုးစားအားထုတ်မှုကောင်းရင် ပွဲကစားခွင့်များများရရှိမှာ ဖြစ်ပါတယ်။

လက်ရှိအခြေအနေ ရောက်ရှိလာအောင် ပံ့ပိုးကူညီမှုကတော့ ဒီနှစ်ရာသီမှာ ချယ်လ်ဆီးတို့ ဥရောပပွဲတွေ မကစားရခြင်းဖြစ်ပါတယ်။ ဒါကလည်း ကစားသမားတွေ နားရက်ပိုရပြီး ပွဲကစားတိုင်း လန်းဆန်းတက်ကြွနေခြင်းဖြစ်ပါတယ်။ တစ်ပတ်မှ တစ်ပွဲနှုန်း ကစားရတဲ့ ချယ်လ်ဆီးကစားသမားတွေဟာ ပြိုင်ဘက်တွေကို မာမာတင်းတင်း ကစားနိုင်ခဲ့တာကလည်း အနားယူချိန်ကို အပြည့်အဝရရှိနေခြင်းဖြစ်ပါတယ်။




အခုဆိုရင် နည်းပြကွန်တီရဲ့ ထိန်းချုပ်မှုက အသင်းအောင်မြင်မှုကို ပံ့ပိုးပေးနိုင်ခဲ့တာက အထင်အရှားပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးဟာ ကစားသမားစုဖွဲ့မှုအားမကောင်းပေမယ့် အနိုင်ရလိုစိတ် ပြင်းထန်သူတွေ ဖြစ်တာမို့ ရလဒ်တွေပြောင်းလဲပစ်နိုင်တာဖြစ်ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးအသင်း ဒီနှစ်ပရီမီယာလိဂ်ဖလားကို လက် တစ်ကမ်းအကွာသို့ ရောက်ရှိအောင် အားထုတ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ နည်းပြကွန်တီရဲ့နည်းဗျူဟာနဲ့ အောင်ပွဲရယူနေတဲ့ ချယ်လ်ဆီးဟာ အက်ဖ်အေဖလားရယူရေးအတွက်လည်း ချဉ်းကပ်လာနေပြီဖြစ်တာမို့ နည်းပြကွန်တီနဲ့ ကစားသမားတွေ စည်းရုံးမှုဟာ အရေးကြီးကြောင်း ကောင်းကောင်းသိထားတာမို့ ကွန်တီနဲ့ ချယ်လ်ဆီးတို့ရဲ့ အနာဂတ်မှာတော့ ရလဒ်ကောင်းတွေထွက်ပေါ်ပြီး ပရီမီယာလိဂ်ဖလားကို လက်ဝယ်ပိုင်ပိုင် ဆွတ်ခူးနိုင်မှာတော့ သေချာလုနီးပါးဖြစ်နေပြီး ဖြစ်ပါကြောင်း။ ။

**မိုးမြင့်လင်းလက်**



## ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု(A)မှာ ဦးဆောင်နေတဲ့ ပြင်သစ်

ပြင်သစ်အသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စု(A)မှာ လူဇင်ဘတ်ကို သုံးဂိုး-တစ်ဂိုး နဲ့ အနိုင်ရလိုက်ပြီးတဲ့နောက် အုပ်စုကို ဦးဆောင်နေတဲ့အသင်း ဖြစ်လာပါတယ်။ ဒီပွဲမှာ အာဆင်နယ်ကစားသမား အိုလီဗီယာဂီရောက်က အနိုင်ဂိုး နှစ်ဂိုးကို သွင်းယူပေးခဲ့ပါတယ်။ ဒီနှစ်ရာသီမှာ အာဆင်နယ်အသင်းနဲ့အတူ ခုနစ်ပွဲသာကစားခွင့်ရတဲ့ ဂီရောက်က နှစ်ဂိုးသွင်းယူခဲ့တာဖြစ်ပါတယ်။ နောက်တန်းပိုင်းမှာ အတော်လေးကောင်းမွန်တဲ့ ကမ္ဘာ့ဖလား ငါးပွဲကစားရာမှာ ၁၃ မှတ်ရရှိထားပါတယ်။ ပြင်သစ်အသင်းဟာ လာမယ့်ဇွန် ၉ ရက်မှာ ဆွီဒင်အသင်းနဲ့လည်း ကစားဖို့ရှိပါတယ်။ ပြင်သစ်အသင်းဟာ လက်ရှိအချိန်မှာတော့ အုပ်စု(A)ကို ဦးဆောင်နေပြီး နောက်တစ်ဆင့်တက်ဖို့ သေချာနေတဲ့ အသင်း ဖြစ်ပါတယ်။ ဂီရောက်ဟာ ပြင်သစ်အသင်းမှာ အဓိက ကစားသမားတစ်ဦး လည်းဖြစ်ပါတယ်။ သူဟာ အာဆင်နယ်အသင်းရဲ့ ဝါရင့်ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။



## အာဆင်နယ်ရဲ့ အကောင်းဆုံးကစားသမား ဖြစ်လာမယ့် အဲလက်စ်အီဝိုဘီ

အာဆင်နယ်အသင်းရဲ့ ဆယ်ကျော်သက် လူငယ်ကစားသမား အဲလက်စ်အီဝိုဘီဟာ အာဆင်နယ်တိုက်စစ်မှူးအဖြစ် ခြေစွမ်းပြ ကစားလာနိုင်တဲ့အတွက် တောက်ပလာမယ့် ကြယ်တစ်ပွင့်အဖြစ် တွေ့မြင်နေရပြီလို့ နည်းပြ အာစင်ဝင်းဂါးက ဆိုပါတယ်။ အီဝိုဘီဟာ နိုင်ဂျီးရီးယားလက်ရွေးစင်ကစားသမားတစ်ဦးဖြစ်ပြီး လွန်ခဲ့တဲ့နှစ်နှစ်က အာဆင်နယ်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အာဆင်နယ် လူငယ်အသင်းမှာ ကစားနေရာက ယခုအခါ အသင်းကြီးမှာ ပုံမှန်ကစားခွင့် ရလာတာဖြစ်ပါတယ်။ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက အီဝိုဘီကို မိဘသဖွယ် သင်ကြားပြသမှုကြောင့် အကောင်းဆုံးကစားလာနိုင်တာဖြစ်တယ်လို့ ဆိုပါတယ်။

အီဝိုဘီဟာ ဝင်းဂါးရဲ့လက်အောက်မှာ အာဆင်နယ်အတွက် ခြေစွမ်းပြ ကစားလာနိုင်သလို လာမယ့်နှစ် ရုရှားနိုင်ငံမှာ ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း နိုင်ငံအသင်း နိုင်ဂျီးရီးယားရဲ့ အဓိကကစားသမားတစ်ဦး ဖြစ်လာဖွယ်ရှိနေပါတယ်။

## အင်္ဂလန်အသင်းနဲ့ အနာဂတ် မကုန်ဆုံးသေးဘူးဆိုတဲ့ ရွန်းနေ



တိုက်စစ်မှူး ရွန်းနေဟာ အင်္ဂလန်အသင်း လက်ရှိကစားနေတဲ့ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်တွေမှာ ပါဝင်ကစားခွင့် မရပါဘူး။ ရွန်းနေဟာ ဒဏ်ရာရထားတယ်ဆိုတဲ့အကြောင်းပြချက်နဲ့ နည်းပြ ဆောက်ဂိတ်က ချန်လှပ်ထားခဲ့တာဖြစ်ပါတယ်။ သို့ပေမယ့် ရွန်းနေဟာ အင်္ဂလန်အသင်းနဲ့ အနာဂတ်ရှိနေဆဲဖြစ်တယ်လို့ ယုံကြည်ထားကြောင်း နည်းပြ ဆောက်ဂိတ်က ဆိုပါတယ်။

ရွန်းနေဟာ မကြာမီမှာ မန်ယူအသင်းနဲ့အတူ လေ့ကျင့်မှုတွေ ပြုလုပ်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ရွန်းနေကိုယ်တိုင်ကလည်း အင်္ဂလန်အသင်းနဲ့ ကစားသမားဘဝကို အဆုံးမသတ်ချင်သေးဘူးလို့ ဆိုထားပါတယ်။ ၂၀၁၈ ခုနှစ် ရုရှားနိုင်ငံမှာကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ရှိနေချင်သေးတယ်လို့ ဆိုပါတယ်။ ရွန်းနေဟာ အင်္ဂလန်အသင်းနဲ့အတူ အောင်မြင်မှုမှတ်တိုင်တွေ စိုက်ထူ နိုင်ခဲ့တဲ့ တိုက်စစ်မှူးကောင်းတစ်ဦး ဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ဆင်ဖြူကျွန်းမြို့မှပြည်သူများ၏ ကျန်းမာရေးအတွက်အားထားရာ စေတနာ အခမဲ့ဆေးခန်း

ဆင်ဖြူကျွန်းမြို့လေးသည် စလင်းမြို့နှင့် ခုနစ်မိုင်ခန့်သာ ကွာဝေးပြီး စလင်း-ချောက် ကားလမ်းပေါ်တွင်တည်ရှိသည်။ ဆင်ဖြူကျွန်းသည် ရုံးပေါင်းစုံတည်ရှိရာ စလင်းနှင့် ခုနစ်မိုင်ခန့်သာ ကွာဝေးသဖြင့် သီးခြား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး မရှိဘဲ စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက ယာယီမြို့နယ်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူထားရသည်။

ဆင်ဖြူကျွန်းမြို့တွင် ရပ်ကွက်ခြောက်ခုရှိပြီး လူဦးရေမှာ ၃၀၀၀ ကျော်ခန့်ရှိသည်။ ဆေးရုံမှာ ၂၅ ခုတင်ဆံ့ဆေးရုံဖြစ်သည်။ ပြည်သူအများစုမှာ တောင်သူလယ်သမားများဖြစ်ကြပြီး မြို့ပေါ်တွင် ပွဲရုံ အနည်းငယ် ရှိသည်။ အများစုမှာ လက်လုပ်လက်စားများဖြစ်ကြသည်။ ထိုအခြေအနေတွင် ဒေသခံများအတွက် လိုအပ်နေသော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် ထွန်းဖောင်းဒေးရှင်းနှင့် မြို့မိမြို့ဖများပူးပေါင်း၍ စေတနာအခမဲ့ဆေးခန်းကို ဆင်ဖြူကျွန်း ဗိုလ်ချုပ်ပန်းခြံအတွင်း စာကြည့်တိုက်နှင့် ကပ်လျက်တွင် ၂၀၁၅ ခု ဇူလိုင်လမှစတင်ပြီး ဖွင့်လှစ်ခဲ့သည်။

စေတနာ အခမဲ့ဆေးခန်းကို အပတ်စဉ် အင်္ဂါနေ့မှ သောကြာနေ့အထိ နံနက် ၈ နာရီမှ ၁၂ နာရီအထိ ဖွင့်လှစ်ကုသပေးသည်။ ဆေးခန်းတွင် ဒေါက်တာထင်အောင်ကျော်က ဦးဆောင်ကုသပေးပြီး လက်ထောက်အဖြစ် သူနာပြုဆရာမကြီး ဒေါ်ခင်ဝင်းရီနှင့် အကူသူနာပြုလုပ်သား စုစုပေါင်းခြောက်ဦးရှိသည်။ ဆေးခန်းတွင် တစ်ရက်လျှင် ပြင်ပလူနာ ၅၀ ကိုကုသပေးနေပြီး ဆေးဖိုး တစ်ရက်ကုန်ကျငွေ ကျပ် ၇၀၀၀၀ ကို စေတနာ အခမဲ့ဆေးခန်းက အကုန်အကျခံ၍ ကုသပေးသည်။

ဆေးခန်းဖြစ်မြောက်ရေးကော်မတီကို အမှုဆောင် ၃၈ ဦးနှင့် ဖွဲ့စည်းထားရှိသည်။ ဆေးခန်းအတွက် လိုအပ်သောရန်ပုံငွေ ရရှိရန် လစဉ် ပုံမှန်လှူဒါန်းသူ ၄၀၀ ကျော်ရှိသည်။ ဆေးဖိုးကုန်ကျစရိတ်မှာ တစ်ရက်လျှင် ခုနစ်သောင်း၊ တစ်ပတ်လျှင် လေးရက်ဖြင့် လစဉ် ကျပ် ၁၁ ၂၀၀၀၀ ခန့် ကုန်ကျသည်။ စေတနာဆေးခန်းသို့ လှူဒါန်းလိုပါက တစ်ရက်တာ ဆေးဖိုးကုန်ကျစရိတ် ကျပ် ၇၀၀၀၀ ကို လှူဒါန်းနိုင်သလို ဆေးပဒေသာပင် စိုက်ထူလှူဒါန်းလိုပါကလည်း အနည်းဆုံး တစ်ရက်တာ ဆေးဖိုးကုန်ကျငွေ ၇၀၀၀၀ မှအထက် မိမိတို့တတ်နိုင်သလို လှူဒါန်းနိုင်ကြောင်း သိရသည်။

ဆေးခန်းကို တစ်ပတ်လျှင် လေးရက်ဖွင့်လှစ်ပြီး တစ်ရက်လျှင် လူနာ ၅၀ ကို အခမဲ့ကုသပေးနေရာတွင် ဆေးခန်းဖွင့်ရက်တိုင်း ပြသကုသလိုသူက ၁၀၀ နှင့်အထက် ရှိနေသည်။ တိုကင်စနစ်ဖြင့် တစ်ရက်လျှင် ၅၀ သာ ကုသပေးနိုင်ပြီး ကျန်သောလူနာများကို နောက်ရက်တွင် ကုသပေးရသည်။ လက်ရှိအခြေအနေအရ နောက်ရက်ချိန်း၍ ကုသပေးနေရသော်လည်း အခြေအနေပေးက လူနာများကို ရက်ချင်းပြတ်အောင် ကုသပေးချင်နေကြသည်။

ငွေစာရင်းပိုင်းတွင် စေတနာအခမဲ့ဆေးခန်း၏ လစဉ် ရသုံးငွေရှင်းတမ်းကို စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့သည်။ လေးလလျှင်တစ်ကြိမ် ပုံမှန်အစည်းအဝေး ပြုလုပ်ပြီး နှစ်စဉ် ဇူလိုင်လတွင် နှစ်ပတ်လည်အစည်းအဝေးကို ပြုလုပ်ကာ ဆေးခန်း၏ တစ်နှစ်တာဆောင်ရွက်ချက်များကို အစီရင်ခံစာပြုလုပ်၍ ရှင်းလင်းပြောကြား ဆွေးနွေးကြသည်။ ဆေးခန်းရန်ပုံငွေ ကျပ်သိန်း ၇၀ ခန့်ရှိပြီး ဘဏ်တွင် ငွေစုစာအုပ်ဖြင့် အပ်နှံထားသည်။ တစ်ရက်တာဆေးဖိုး ရရှိအောင်လည်း အမှုဆောင်များက စေတနာရှေ့ထား ဆောင်ရွက်နေကြသည်။ ရပ်ဝေးနေ ဆင်ဖြူကျွန်းသားများကလည်း ဘဏ်မှတစ်ဆင့် ပေးပို့လှူဒါန်းကြသည်။ အကယ်၍ ဆေးခန်းအတွက် လှူဒါန်းလိုပါလျှင်လည်း စေတနာအခမဲ့ဆေးခန်း အမှုဆောင် ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၄၃၀၀၉၀၇၂ နှင့် ဒေါ်သက်ထား ဖုန်း-၀၉-၇၉၀၆၉၁၈၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဆင်ဖြူကျွန်းမြို့မှ စေတနာအခမဲ့ဆေးခန်းလေးမှာ မြို့နေပြည်သူအများစုဖြစ်သော အခြေခံလူတန်းစား လက်လုပ်လက်စား ပြည်သူများအပါအဝင် မည်သူ့ကိုမဆို အယုတ် အလတ် အမြတ်မရွေးဘဲ စေတနာရှေ့ထားပြီး ဆေးဝါးကုသပေးနေသဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍအတွက် များစွာ အထောက်အကူရသော ဆေးခန်းတစ်ခု ဖြစ်နေပြီဖြစ်သည်။ ။

**သတင်းဆောင်းပါး-စစ်ကြည်(စလင်း)**



# ကျုံပျော်မြို့နယ်တွင် ကာတွန်းပြပွဲ ပထမဆုံးအကြိမ်ကျင်းပ

**ကျုံပျော် မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြည်သူ့ အားကစားကွင်းအတွင်း၌ မြန်မာနိုင်ငံရှိ ကာတွန်းဆရာများ၏ ကာတွန်းလက်ရာစုံကို ပြသထားသည့် ကာတွန်းပြပွဲကို မတ် ၂၅ နှင့် ၂၆ နှစ်ရက်ကြာ ကျင်းပခဲ့သည်။

ယခုကာတွန်းပြပွဲသည် ကျုံပျော်မြို့နယ်အတွင်း ပထမဆုံးကျင်းပသည့် ကာတွန်းပြပွဲဖြစ်ပြီး မြန်မာနိုင်ငံအနှံ့မှ ကာတွန်းဆရာများ၏ ကာတွန်းပုံပေါင်း ၂၇၀ ကျော်ကို ပြသထားကြောင်း၊ ခေတ်၏အရွေ့ လှုပ်ရှားသက်ဝင်မှုတို့ကို ကောက်ကြောင်းများတွင် တွေ့ရှိနိုင်မည်ဖြစ်ပြီး ပြည်သူများနှင့် ကာတွန်းအနုပညာကို မိတ်ဆက်ပေးခြင်းနှင့် ကာတွန်း ဝါသနာရှင်များ ပေါ်ထွန်းလာရေးတို့ကို ရည်ရွယ်ကြောင်း ပြပွဲစီစဉ်သူ ကာတွန်းဆရာ နရဏီ၏ ပြောကြားချက်အရ သိရသည်။

ကာတွန်းပြပွဲသို့ စိတ်ပါဝင်စားသူအများအပြား လာရောက်ကြည့်ရှုခဲ့ကြပြီး ပြပွဲတွင် ကာတွန်းဆရာ ဟန်က ရုပ်ပြောင်ပုံတူပန်းချီများ တစ်ထိုင်တည်း ရေးဆွဲပေးခြင်းနှင့် ကာတွန်းဆရာ နရဏီက သူ၏စိတ်ကြိုက်လက်ရာ ကာတွန်းများ ရေးဆွဲပေးခြင်း အစီအစဉ်များလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ကာတွန်းပြပွဲနှင့်အတူ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ဈေးပွဲတော်၊ စတိတ်ရှိုးတေးဂီတ ဖျော်ဖြေပွဲများလည်း ထည့်သွင်းကျင်းပခဲ့ပြီး မတ် ၂၆ ရက်တွင်လည်း ကျုံပျော်မြို့၏ ဆဋ္ဌမအကြိမ်မြောက် စာပေဟောပြောပွဲကို ကျင်းပကာ စာရေးဆရာ တက္ကသိုလ်စိန်တင်၊ အဏ္ဏဝါ စိုးမိုးနှင့် ရုပ်ရှင်သရုပ်ဆောင် လူရွှင်တော်မေတ္တာတို့က ဟောပြောခဲ့ကြသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**



# စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**မင်းဘူး မတ် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရေပုတ်ကျေးရွာမှ ဒေသခံပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်



ဓာတ်ပုံစာစောင်များ ပြသခြင်းတို့ကို မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၂၅ ရက်က အဆိုပါကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်ဝါဝါလှိုင်က ကျေးရွာစာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် အယ်နီညိုရာသီဥတုအကြောင်း ဟောပြောခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမြင့်ကြည်က စားသုံးသူတို့သည် မိမိတို့၏ အခွင့်အရေးများကို သိရှိနားလည်၍ ကုန်စည် (သို့မဟုတ်)ဝန်ဆောင်မှုကို သုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုမခံရစေရန် သတိပြုရမည့်အချက်များ၊ စားသုံးသူ၏ အခွင့်အရေးများ၊ တာဝန်များ၊ ဆိုးဆေးအန္တရာယ်များအကြောင်းကို ဟောပြောဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများနှင့် အယ်နီညိုရာသီဥတုအကြောင်း ပညာပေးနံရံကပ်စာစောင်များကို ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသပြီး စားသုံးသူရေးရာ ဦးစီးဌာနကလည်း ပြည်သူလူထုအတွက် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

**ဖိုးပြည့်**

# သနပ်ပင်မြို့ သောက်သုံးရေကန်ကြီး ပြန်လည်ပြုပြင်

**သနပ်ပင် မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၊ စက်ကုန်းရပ်ကွက်တွင် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ကတည်းက ရှိခဲ့သော ဓမ္မာရုံရေကန်ကြီးကို မတ်လမှစတင်ကာ ပြုပြင်မွမ်းမံခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထိုရေကန်ကြီးသည် မြို့နေပြည်သူများ၏ သောက်သုံးရေအတွက် အဓိကအားထားရသော ရေကန်ဖြစ်ပြီး မြို့၏ အထင်ကရ အမှတ်အသား တစ်ခုလည်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ် ဇွန်လက ကန်၏ခြံစည်းရိုးမြေထိန်းနံရံ ပြိုကျပျက်စီးခဲ့၍ ရပ်ကွက်မှ ပြန်လည်ပြုပြင်ခဲ့သော်လည်း နည်းပညာနှင့် စရိတ်အခက်အခဲကြောင့် ခိုင်ခံ့မှုမရှိဘဲ ထပ်မံပြိုကျပျက်စီးခဲ့ကြောင်း၊ ပျက်စီးပြိုကျသည့်အချိန် ကြာလာသည်နှင့်အမျှ ဓမ္မာရုံအပါအဝင် အနီးရှိအိမ်များနှင့်လမ်းများပါ ပျက်စီးလာနိုင်၍ ပြန်လည်ပြုပြင်မွမ်းမံနေခြင်းဖြစ်ကြောင်း သိရသည်။

ဓမ္မာရုံရေကန်ပြိုကျပျက်စီးမှုကို ပြန်လည်ပြုပြင်ရာတွင် ရေရှည်တည်တံ့ ခိုင်မြဲအောင် ဆောင်ရွက်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ဆောက်လုပ်ရေး ဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့ ညှိနှိုင်းစည်းဝေးပြီး မတ်လအတွင်း စတင်ပြုပြင်ခြင်းဖြစ်ကြောင်း သိရသည်။ ကျန်စစ်သားလမ်းအနီး ရေကန်ပေါင်၊ ဓမ္မာရုံအနီး ရေကန်ပေါင်နှင့် မဟာဗန္ဓုလလမ်းအနီးရှိ ရေကန်ပေါင်များကို ပိုင်ရိုက်၍ ကွန်ကရစ် အုတ်မြစ်၊ ကွန်ကရစ်မြေထိန်းနံရံများအဖြစ် ပြုပြင်ခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကယ်ဆယ်ရေးနှင့်စောင့်ရှောက်ရေးရန်ပုံငွေမှ ကျပ် ၅၆၈ သိန်း အသုံးပြု၍ ပြုပြင်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အခြေခံပညာပထမတန်း သင်ရိုးသစ်ဆိုင်ရာ ပြည်နယ်အဆင့် နည်းပြသင်တန်းဖွင့်

**ဟားခါး မတ် ၂၇**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၊ ချင်းပြည်နယ် ပညာရေးမှူးရုံးက ကြီးမှူး၍ ပထမတန်းသင်ရိုးသစ် ပြည်နယ်အဆင့်နည်းပြသင်တန်း ဖွင့်ပွဲကို မတ် ၂၄ ရက်က ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြား၍ သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။ သင်တန်းသို့ ချင်းပြည်နယ်အတွင်း မြို့နယ်များရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမ ၁၀၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၂၄ ရက်မှ ဧပြီလ ၈ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# တိုင်းရင်းသားစာပေ သင်ကြားပေးသော ဆရာဆရာမများအား ထောက်ပံ့

**ကျောက်မဲ မတ် ၂၇**

ကျောက်မဲမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများတွင် ကျောင်းချိန်ပြင်ပ ရှမ်းတိုင်းရင်းသားစာပေ သင်ကြားပေးနေသော ဆရာ ဆရာမများအား ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၂၅ ရက်က ကျောက်မဲမြို့ ဓမ္မမေဒနီ ရွှေကျင်ကျောင်းတိုက်၌ ကျင်းပခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ချိုစီ၊ ကျောက်မဲမြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအုန်းကျော်တို့က အမှာစကားပြောကြားပြီး ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူး ဒေါ်နန်းခင်မာအေးက ရှမ်းစာပေသင်ကြားပေးနေသည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းမှ အခြေခံပညာမူလတန်းကျောင်း ၈၆ ကျောင်းတွင် ကျောင်းချိန်ပြင်ပ ရှမ်းတိုင်းရင်းသားစာပေ သင်ကြားပေးခဲ့သော ဆရာ ဆရာမ ၁၄၅ ဦးအား ထောက်ပံ့ငွေ ကျပ် ၃၂၂၅၀၀၀၀ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**သိန်းသန်း(ကျောက်မဲ)**

# ပထမတန်းသင်ရိုးသစ်နှင့်ပတ်သက်၍ သဘောထားအမြင်များ

**တွေ့ဆုံမေးမြန်း**
**မင်းထက်အောင်(မန်းကိုယ်ပွား)**

**၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စတင်သင်ကြားတော့မည့် မူလတန်းအဆင့် ပထမတန်းသင်ရိုးသစ်နှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအဆင့် ဆွေးနွေးပွဲသင်တန်းကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မတ် ၂၄ ရက်မှစတင်ပြုလုပ်နေပြီဖြစ်ပြီး ဧပြီ ၈ ရက်အထိ ဆွေးနွေးပို့ချသွားကြမည်ဖြစ်သည်။**

**အဆိုပါသင်တန်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ တစ်မြို့နယ်လျှင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းအုပ်ဆရာ၊ ဆရာမကြီး ၁၂ ဦးစီဖြင့် စုစုပေါင်း ၃၃၆ ဦး တက်ရောက်ကြမည်ဖြစ်ကာ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ပြုလုပ်ခဲ့သည့် ဗဟိုအဆင့်ဆွေးနွေးပွဲ တက်ရောက်ခဲ့သူများက ဦးဆောင်၍ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ ပြောင်းလဲသင်ကြားမည့် ပထမတန်းသင်ရိုးသစ်အပေါ် ဦးဆောင်ပို့ချဆွေးနွေးသူများနှင့် တက်ရောက်ဆွေးနွေး သင်ကြားသူများ၏ သဘောထားအမြင်များကို သွားရောက်မေးမြန်းခဲ့ပါသည်။**

**ဦးခင်မောင်မြင့်-ဒုတိယညွှန်ကြားရေးမှူး(ပညာ)**
**မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး**

သင်တန်းဖွင့်ရခြင်းရဲ့ရည်ရွယ်ချက်က ပညာရေးမြှင့်တင်မှုအစီအစဉ်အရ ပညာရေးမြှင့်တင်မှုတွေကို ၁၉၉၈ ခုနှစ်ကနေပြီးတော့ လုပ်လာတယ်။ အဲ့ဒီကနေမှ အခု မူလတန်းအဆင့်မှာ KG+5၊ အလယ်တန်းအဆင့်မှာ 4၊ အထက်တန်းအဆင့်မှာ 3၊ အဲ့တော့ KG + 5, 4,3 အစီအစဉ်အရ လုပ်နေတာဖြစ်ပါတယ်။ KG ပြီးတော့ ပထမတန်းအတွက် ပညာရေးဝန်ကြီးဌာနကနေ ပညာရေးမြှင့်တင်မှုအစီအစဉ်တွေနဲ့ ကိုက်ညီမယ့် ဒီနေ့ခေတ် အနေအထားနဲ့ သင့်တော်လျော်ညီမယ့် ပထမတန်းသင်ရိုးသစ်ကို ဆရာ ဆရာမကြီးတွေအနေနဲ့ ဘယ်လိုချဉ်းကပ်ရမယ်၊ ဘယ်လိုပို့ချရမယ်။ တကယ်သင်ယူမယ့် ကလေးတွေအတွက် ဘယ်လိုအကျိုးရှိအောင် လုပ်ဆောင်ရမယ်ဆိုတာတွေကို သိရှိအောင် ဖွင့်လှစ်တဲ့ နည်းပြသင်တန်းဖြစ်ပါတယ်။ ပထမတန်းမှာတော့ ဘာသာစုံပါ။ အခြေခံအားလုံး အစုံပါမှာဖြစ်ပါတယ်။ တွဲဖက်သင်ရိုးဝင် အကုန်ပါမှာပါ။ စာရိတ္တ၊ ပြည်သူ့နီတိ စတာတွေပေါ့။



ဦးခင်မောင်မြင့်

KG သင်ရိုးသစ်က ကလေးတွေအတွက် ထိရောက်မှု ရှိတယ်လို့ မြင်ပါတယ်။ ပညာရေးသုတေသနပြုလုပ်တဲ့ ဆရာကြီးတွေအဆိုအရ ငါးနှစ်အရွယ်မှာ စာတွေကို အတင်းရိုက်သွင်းပြီး သင်တာပြုတာမျိုး လုပ်လို့မရဘူး၊ အသက်အရွယ်အရ မသင့်တော်သေးဘူးလို့ခံယူတဲ့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အရိုးစွဲနေတာက ငါးနှစ်ပြည့်ပြီးရင် ကျောင်းအပ်ရမယ်လို့ မိဘတွေက ခံယူထားတဲ့အတွက် ငါးနှစ်ပြည့်ပြီးတဲ့ ကလေးတွေကို KG အနေနဲ့ လက်ခံသင်ကြားပေးတာ ဖြစ်ပါတယ်။ KG မှာက သူတို့ဦးနှောက်လေးတွေနဲ့ မကိုက်ညီတာကို အတင်းအကျပ်ကြီး မလုပ်ပါဘူး။ နားလိုက်၊ ကျန်းမာရေးလှုပ်ရှားလိုက်၊ ကစားလိုက်နဲ့ ကျောင်းလည်းပျော်သွားအောင်၊ ကျောင်းနဲ့ ပတ်သက်တဲ့ ဘာသာရပ်လေးတွေလည်း ရသွားအောင် လုပ်ပေးခဲ့တဲ့အတွက် အများကြီးအကျိုးရှိမယ်လို့ ထင်ပါတယ်။

နိုင်ငံတော်အကြီးအကဲတွေက မျှော်လင့်တဲ့ ပညာရေးမြှင့်တင်မှုအစီအစဉ်တွေကို တကယ်ထိရောက်ပေါက်မြောက် အောင်မြင်အောင် ဒီသင်တန်းမှာလည်း မပျက်မကွက်တက်ရောက်ပြီး ကိုယ်တိုင်လည်း ပါဝင်ဆွေးနွေးပြီး အကျိုးရှိတဲ့ရလဒ်ကောင်းတွေ ဗဟုသုတတွေရယူသွားပြီး မိမိမြို့နယ်ပြန်ရောက်တဲ့အခါမှာ ဒီသင်တန်းကရရှိတဲ့ နည်းစနစ်တွေအတိုင်း ကြိုးစားပြီး ဆောင်ရွက်သွားဖို့ မှာချင်ပါတယ်။

**ဦးမင်းသူ(လက်ထောက်မြို့နယ်ပညာရေးမှူး)**
**အောင်မြေသာစံမြို့နယ်**

၂၀၁၇-၂၀၁၈ ပထမတန်းသင်ရိုးသစ်မှာ သင်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်မှာ



ဦးမင်းသူ

ဖြစ်ပါတယ်။ နှစ်လပိုင်း ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ထောက်ကြံ့မြို့နယ်မှာ ဖွင့်လှစ်ခဲ့တဲ့ ဗဟိုအဆင့်သင်တန်းကို တက်ခဲ့ပြီး အခု ဒီသင်တန်းမှာ ပြန်လည်ပို့ချပေးမှာ ဖြစ်ပါတယ်။ ဒီပထမတန်းသင်ရိုးသစ်မှာ ဘာသာရပ်ကိုးမျိုးပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ မြို့နယ်ပေါင်း ၂၈မြို့နယ်က တစ်မြို့နယ်ကို ၁၂ ဦးနှုန်းနဲ့ ၃၃၆ ဦးကို ပို့ချသွားမှာပါ။ သင်တန်းကာလ ၁၄ ရက်ဖြစ်ပါတယ်။

KG သင်ရိုးသစ်တုန်းကလည်း ကလေးတွေအတွက် အများကြီး အထောက်အပံ့ဖြစ်ပါတယ်။ လူသားတစ်ယောက်ရဲ့ အခြေခံကျွမ်းကျင်မှုဖြစ်တဲ့ နားထောင်တဲ့စွမ်းရည်၊ ပြန်ပြောနိုင်တဲ့ စွမ်းရည်၊ အဲဒီစွမ်းရည်နှစ်ခုနဲ့ ပေါင်းစပ်ပြီးတော့ တွေးခေါ်နိုင်တဲ့ အယူအဆတွေ၊ ပေါင်းသင်းဆက်ဆံရေးတွေ၊ ပြောနိုင်အောင်၊ လုပ်နိုင်အောင်၊ KG မှာစပြီးတော့ အစပြုသင်ကြားပေးတာပါ။ KG က မူလတန်းအဆင့်သင်ကြားဖို့အတွက် စတင်ပြုစုပျိုးထောင်ပေးတဲ့အနေအထား ဖြစ်ပါတယ်။ မူလတန်းအဆင့်မသွားခင်မှာ ကလေးတွေက အခုဆိုရင် Grade 1 နဲ့ ချိတ်ဆက် သင်ကြားနိုင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ တိုင်းအဆင့်သင်တန်း ပြီးသွားပြီဆိုရင် လေးလပိုင်း ၂၄ ရက်မှာ မြို့နယ်အဆင့် ပြန်လည်ပို့ချပေးမှာဖြစ်ပါတယ်။ ငါးလပိုင်း ၁၀ ရက်မှာ ကျောင်းအဆင့် ပို့ချပေးသွားမှာပါ။

အခု ပြုပြင်ပြောင်းလဲနေတဲ့ သင်ရိုးသစ်ကို ဆရာ ဆရာမများက ကျွမ်းကျွမ်းကျင်ကျင်နဲ့ နားလည်ဖို့လိုသလို မိဘတွေအနေနဲ့ကလည်း စိတ်ဝင်စားဖို့ လိုပါတယ်။ ဆရာ ဆရာမတွေက ကျွမ်းကျင်နားလည်မှ မိဘတွေကို စိတ်ဝင်စားအောင် ရှင်းပြနိုင်မှာဖြစ်ပါတယ်။ ကလေးတွေကတော့ ဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ် သင်ကြားပေးပါစေ သူတို့လိုချင်တဲ့ပုံစံနဲ့ သွားမှာဖြစ်တဲ့အတွက် အံဝင်ခွင်ကျဖြစ်တဲ့ သင်ရိုးတွေဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါ်စန်းစန်းအေး(ကျောင်းအုပ်)**
**အမှတ်(၁၂)မူလတန်းကျောင်း အောင်မြေသာစံမြို့နယ်**



ဒေါ်စန်းစန်းအေး

ကျွန်မတို့မြို့နယ်က မြို့နယ်ကိုယ်စားပြု ၁၂ ယောက်ထဲမှာ ပါဝင်တက်ရောက်တာ ဖြစ်ပါတယ်။ မနှစ်ကလည်း KG သင်ရိုးသစ်သင်တန်းကို စိတ်ဝင်တစား တက်ရောက်ခဲ့ပါတယ်။ KG သင်ရိုးသစ်ကို တက်ရောက်သင်ယူပြီး ကလေးတွေကို ပြန်လည်သင်ကြားတဲ့အခါမှာ မိဘတွေလည်း စိတ်ကျေနပ်မှုရရှိတဲ့အပြင် ကလေးတွေလည်း ပျော်ရွှင်မှုတွေရရှိပြီး သူတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်တဲ့အတွက် ဒီ KG သင်ရိုးသစ်က အောင်မြင်မှုကို ရရှိခဲ့ပါတယ်။ ယခုတက်ရောက်ရမယ့် ပထမတန်း သင်ရိုးသစ်ကလည်း ကလေးတွေအတွက် ထိရောက်မှုရှိမယ်လို့ ယုံကြည်ပါတယ်။ ဒီဆွေးနွေးပွဲကရရှိလာမယ့် သင်ခန်းစာ၊ ပြုပြင်ပြောင်းလဲမှုတွေကို သေချာလေ့လာမှတ်သားပြီး ကလေးတွေအတွက် အထိရောက်ဆုံးသင်ကြားပေးနိုင်အောင် ကြိုးစားသွားမှာပါ။

**ဦးဝေလျှံဖြိုး(ကျောင်းအုပ်)**
**အခြေခံပညာမူလတန်းလွန်ကျောင်း(ငါန်းဇွန်မြို့နယ်)**



ဦးဝေလျှံဖြိုး

ပြီးခဲ့တဲ့နှစ်က KG သင်ရိုးသစ်အတွက် သင်တန်းတက်ပြီး ကိုယ့်မြို့နယ်အသီးသီးမှာ ဆင့်ပွားပြန်ပို့ချခဲ့ရတယ်။ နည်းပညာပိုင်းအနေနဲ့ကတော့ အားရမှုရှိတယ်။ ပံ့ပိုးမှုအနေနဲ့ကတော့ ပြဋ္ဌာန်းစာအုပ်တွေ ကလေးတွေလက်ထဲ ရောက်မလာတာ။ ကျောင်းတွေမှာ မပေးနိုင်တာတို့ ရှိခဲ့ပါတယ်။ ပုံနှိပ်စာအုပ်တွေက ကျောင်းအဆင့်တွေမှာလည်း ရောက်မလာဘူး။ မြို့နယ် ပုံနှိပ်ဖြန့်ဖြူးရေးတွေဆီလည်း ရောက်မလာဘူး။ နယ်ကျောင်းအများစုမှာ မပြည့်စုံတာများတယ်။ မြို့ပေါ်ကျောင်းတွေလို မဟုတ်ဘူး။ မပြည့်စုံမှုတွေကို ကိုယ့်ဘာသာကိုယ် ဖန်တီးနေရတယ်။ ရှိတဲ့ဟာလေးနဲ့ ဖြစ်အောင်လုပ်ရတာပေါ့။ သင်ထောက်ကူအနေနဲ့ကတော့ လိုအပ်နေပါသေးတယ်။

KG သင်ရိုးက ကလေးတွေအတွက် ထိရောက်မှုရှိပါတယ်။ ကလေးအတွက်ကော မိဘတွေအတွက်ကော ကောင်းပါတယ်။ နဂိုက ကလေးတွေကို ငါးနှစ်ကျောင်းနေကတည်းက စာက အရင်စ ထိတွေ့တာလေ။ အဲ့တော့ စာမလိုက်နိုင်တဲ့ကလေးက ဦးနှောက်ဖွံ့ဖြိုးခါစမှာ စာကိုဦးဆုံးထိတွေ့ရတဲ့အတွက် စာကိုကြောက်သွားတယ်။ KG သင်ရိုးသစ်က ကစားစရာတွေနဲ့ ဆရာတွေနဲ့ ရင်းနှီးအောင်လုပ်ပြီး စာသင်ခန်းလေးမှာ ပျော်သွားတာနဲ့ စတယ်။ ကျောင်းကို ရင်းနှီးသွားပြီ၊ ဆရာတွေနဲ့လည်း ရင်းနှီးသွားပြီဆိုတာနဲ့ စာစသင်တာပါ။ အဲ့လိုမျိုးဆိုတော့ အဆင်ပြေပါတယ်။

ပထမတန်း သင်ရိုးသစ်ကလည်း စနစ်ကောင်းတစ်ခုလို့ပဲ မြင်တယ်။ ဘယ်ဘာသာကို ဘယ်လို ခွဲဝေလေ့လာရမယ်ဆိုတာ မသိသေးဘူး။ စနစ်ကောင်းတစ်ခုလို့မြင်ပေမယ့် ပံ့ပိုးမှုအား နောက်ကပါမလာဘူးဆိုရင် နည်းနည်းတော့ အားနည်းနိုင်ပါသေးတယ်။ ။

**ပညာရေးသုတေသနပြုလုပ်တဲ့ ဆရာကြီးတွေအဆိုအရ ငါးနှစ်အရွယ်မှာ စာတွေကို အတင်းရိုက်သွင်းပြီး သင်တာပြုတာမျိုး လုပ်လို့မရဘူး၊ အသက်အရွယ်အရ မသင့်တော်သေးဘူးလို့ ခံယူတဲ့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အရိုးစွဲနေတာက ငါးနှစ်ပြည့်ပြီးရင် ကျောင်းအပ်ရမယ်လို့ မိဘတွေက ခံယူထားတဲ့အတွက် ငါးနှစ်ပြည့်ပြီးတဲ့ ကလေးတွေကို KG အနေနဲ့ လက်ခံသင်ကြားပေးတာဖြစ်ပါတယ်။ KG မှာက သူတို့ဦးနှောက်လေးတွေနဲ့ မကိုက်ညီတာကို အတင်းအကျပ်ကြီး မလုပ်ပါဘူး။ နားလိုက်၊ ကျန်းမာရေးလှုပ်ရှားလိုက်၊ ကစားလိုက်နဲ့ ကျောင်းလည်းပျော်သွားအောင်၊ ကျောင်းနဲ့ ပတ်သက်တဲ့ ဘာသာရပ်လေးတွေလည်း ရသွားအောင် လုပ်ပေးခဲ့တဲ့အတွက် အများကြီးအကျိုးရှိမယ်လို့ ထင်ပါတယ်။**

## ကမ်းပါးပြိုကျ၍ ဒဏ်ရာရ၊ သေဆုံးသူများအတွက် ထောက်ပံ့ငွေပေးအပ်

**ဘားအံ မတ် ၂၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် ခဲတောက်ကျေးရွာအုပ်စု ကျုံပိုက်ကျေးရွာ၌ မြစ်ကမ်းထိန်းနံရံတည်ဆောက်နေသည့် လုပ်ငန်းခွင်အတွင်း မတ် ၂၂ ရက်က မြေကမ်းပါးပြိုကျသဖြင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးခဲ့သည့် အလုပ်သမားများအတွက် ကရင်ပြည်နယ် ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မတ် ၂၅ ရက်က ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေများပေးအပ်ရာတွင် ကရင်ပြည်နယ် ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းလင်းက ကမ်းပါးပြိုကျမှုကြောင့် သေဆုံးသူသုံးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီကို ကျန်ရစ်သူမိသားစုများထံ ပေးအပ်ခဲ့ပြီး ဒဏ်ရရှိသူနှစ်ဦးအတွက်လည်း တစ်ဦးလျှင် ကျပ်ရှစ်သိန်းစီကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ကရင်ပြည်နယ် အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးဇော်ဌေးက အသင်းမှ ထောက်ပံ့ငွေ ကျပ်နှစ်သိန်းခွဲကိုလည်းကောင်း၊ မျိုးဆက်သစ် လက်ဖွဲ့ ကလပ်နည်းပြ ဦးအောင်မွန်က ထောက်ပံ့ငွေကျပ်တစ်သိန်းကိုလည်းကောင်း ဒဏ်ရာရသေဆုံးသူများ၏ မိသားစုဝင်များထံသို့ တိုက်ရိုက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## ရေနံရှာဖွေရေးတိုင်းတာမှုကြောင့်ပျက်စီးသည့် သီးနှံစိုက်ခင်းများအတွက် နစ်နာကြေးပေးအပ်

**မြိုင် မတ် ၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်- မြိုင်မြို့နယ်အတွင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဘူမိရူပဗေဒဌာန ဆိုက်စမစ်ရေနံရှာဖွေရေးအဖွဲ့(၁)နှင့်(၂)တို့က ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ထိခိုက်ပျက်စီးသွားခဲ့သော သီးနှံစိုက်ခင်းများအတွက် သက်ဆိုင်ရာ သီးနှံပိုင်ရှင်များအား နစ်နာကြေးပေးအပ်ပွဲကို မတ် ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

နစ်နာကြေးငွေပေးအပ်ပွဲတွင် မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းနှင့် ပခုက္ကူခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်ကျော်မြင့်က အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဘူမိရူပဗေဒဌာန ဆိုက်စမစ်ရေနံရှာဖွေရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးကျော်စိုးက မိမိတို့အဖွဲ့ကြောင့် ပျက်စီးသွားသော စိုက်ပျိုးသီးနှံစိုက်ခင်းများအတွက် သီးနှံနစ်နာကြေးငွေ ပေးချေနိုင်ရန် ဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဆိုက်စမစ်ရေနံရှာဖွေရေးအဖွဲ့၏ ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် သီးနှံများပျက်စီးသွားသည့် ကျေးရွာ အုပ်စုများမှ တောင်သူ ၁၁၀၂ ဦးတို့အား နစ်နာကြေးငွေ ကျပ် ၉၉၇ သိန်းကျော်ကို ပေးအပ်ခဲ့သည်။ **အောင်ကျော်မြင့်**

## တပ်မတော်နေ့ဂုဏ်ပြု အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲကျင်းပ

**မိုင်းယု မတ် ၂၇**

(၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့နယ်ခြားစောင့်တပ်၏ (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ်လည်းကောင်း အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲကို မတ် ၂၅ ရက်က အဆိုပါတပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။ ဘောလုံးပြိုင်ပွဲတွင် နယ်ခြားစောင့်တပ် (က)အသင်းနှင့် (ခ)အသင်း၊ ဝန်ထမ်းပေါင်းစုံအသင်း၊ မြို့မလူငယ်အသင်း၊ ခါဆမ်မိန်းလူငယ်အသင်းနှင့် ဝမ်တာကြန့်လူငယ်အသင်း စုစုပေါင်း အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မတ် ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ လေးထပ်တိုးချဲ့ဆောင်တည်ဆောက်



**နေပြည်တော် မတ် ၂၇**

စစ်တွေမြို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့ (၄)မှခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး (၂၀၀ + ၇၅) ပေလေးထပ် တိုးချဲ့ဆောင်ဆောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ မတ် ၂၄ ရက်ကဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့ ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှင်းလင်းဆောင်တွင် အဆောက်အအုံဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြင့်ဇော်က ခုတင် ၅၀၀ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးလေးထပ်တိုးချဲ့တည်ဆောက်နေမှု၊ ရန်ပုံငွေရရှိမှု၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အဆောက်အအုံသည် အလျားပေ ၂၀၀၊ အနံ ၇၅ ပေရှိပြီး အဆောက်အအုံ၏ မြေညီထပ်တွင် အထူးကုဆရာဝန်ကြီးများအခန်း၊ ပြင်ပလူနာဌာနများ၊ ပထမထပ်တွင် အမျိုးသမီးဖျားနာဆောင်၊ လူနာခန်းများ၊ ဒုတိယထပ်တွင် အမျိုးသားဖျားနာဆောင် လူနာခန်းများနှင့် တတိယထပ်တွင် မျက်စိရောဂါလူနာဆောင် (အမျိုးသား/ အမျိုးသမီး) တို့ ပါရှိသည်။

ဆက်လက်၍ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၈)မှ စစ်တွေမြို့ လမ်းမတော်မြောက်ရပ်ကွက်နှင့် ဆတ်ရိုးကျရပ်ကွက်တို့ကို ဆက်သွယ်တည်ဆောက်ထားသော ဆတ်ရိုးကျချောင်းကူးတံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူမှ တံတားတည်ဆောက်ရေးလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နေမှု၊ တံတားဘိုးပိုင်းတူးခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ တံတားကြီးပြီးစီးပါက တစ်ဖက်ကမ်းမြို့ပြဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အခြေအနေတို့ကိုဖြင့် ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆတ်ရိုးကျတံတားကြီး ပြီးစီးသွားပါက စစ်တွေမြို့ကို အမှီပြုလုပ်ကိုင်နေကြသည့် ကျေးရွာများမှ ဒေသခံပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေပြီး ချောင်းတစ်ဖက်ကမ်း မြို့ပြဒေသ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့နောက် စစ်တွေမြို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဘုမေဝန်ထမ်းအိမ်ရာခြောက်ခန်းတွဲ၊ လေးထပ်အဆောက်အအုံ သုံးလုံးတည်ဆောက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျေးရွာတစ်ထောင်ကျော်ကို လတ်တလောရေဖြန့်ဝေပေးနိုင်ရေး ကြိုတင်ဆောင်ရွက်ထား

**နေပြည်တော် မတ် ၂၇**

မြန်မာနိုင်ငံတစ်ဝန်း နွေရာသီကာလအတွင်း ရေရှားပါးခက်ခဲမှုများဖြစ်ပေါ်လာပါက ပြည်သူများအား ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ကျေးရွာများတွင် နွေရာသီသောက်သုံးရေရှားပါး ပြတ်လပ်မှုဖြစ်ပေါ်လာပါက လိုအပ်သည့် အစီအမံများချမှတ်၍ ကြိုတင်မျှော်မှန်းဆောင်ရွက်သွားရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကျေးလက်ဦးစီးဌာနများသို့ကြိုတင်လမ်းညွှန်မှုများ ပြုလုပ်ထားရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နွေရာသီကာလတွင် ကျေးရွာများ၌ သောက်သုံးရေလုံလောက်မှုရှိ/မရှိနှင့် ရေပြတ်လပ်မှုဖြစ်နိုင်ခြေတို့အား ကွင်းဆင်း၍ ကြိုတင်စာရင်းကောက်ယူခြင်းနှင့် ကျေးရွာများနှင့်တိုက်ရိုက် ဆက်သွယ်ဆောင်ရွက်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာရေကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ကျေးလက်လူငယ်များ၏ အမည်နှင့် ဖုန်းနံပါတ်စုစည်းပြုစုခြင်းများ ပြုလုပ်ခဲ့သည်။

ထို့ပြင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် စက်ရေတွင်း (တွင်းတိမ်၊ တွင်းနက်)၊ လက်တူးတွင်း၊ ရေကန်တူးဖော်ခြင်းနှင့် စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းများအား နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ၊ စေတနာရှင် ပြည်သူများ၏လှူဒါန်း ငွေများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့များဖြင့် ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်လျာထားဆောင်ရွက်ပေးလျက်ရှိပြီး ရေရှားပါးပြတ်လပ်သော ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ရန်အတွက် ရေသယ်ယာဉ်များ၊ စက်သုံးဆီများ ပံ့ပိုးကူညီပေးရန် ရန်ပုံငွေများကြိုတင် လျာထားဆောင်ရွက်ပြီးဖြစ်ပြီး ယခုနှစ်မတ်လနှင့် ဧပြီလအတွင်း ရေရှားပါး ပြတ် လပ်မှုဖြစ်နိုင်ခြေစာရင်းများအရ တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုရှိ မြို့နယ်ပေါင်း ၁၈၈ မြို့နယ်မှ ကျေးရွာပေါင်း ၁၁၈၉ ရွာသို့ လတ်တလောရေဖြန့်ဝေပေးနိုင်ရန် အတွက် စီစဉ်ထားကြောင်းသိရသည်။

**သူရိန်**

# အား/ကာကော်မတီဥက္ကဋ္ဌဖလားပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**မန္တလေး မတ် ၂၇**

မန္တလေး မဟာအောင်မြေမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဖလားဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲကို မတ် ၂၅ ရက်က မဟာအောင်မြေမြို့နယ် အားကစားကွင်း၌ ကျင်းပရာ လျှပ်စစ်ကလပ်အသင်းက ခေတ်ကျောင်းသား(က) ကလပ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

ပြိုင်ပွဲအပြီးဆုရအသင်းများကို ဆုများချီးမြှင့်ရာ တတိယ၊ ဒုတိယ၊ ပထမဆုရအသင်းတို့မှ အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်များနှင့်တတိယဆုရ အပျော်တမ်းကလပ်အသင်းအား ငွေကျပ်တစ်သိန်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်အောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တာဝန်ရှိသူတို့ကလည်းကောင်း၊ ဒုတိယဆုရခေတ်ကျောင်းသား(က) ကလပ်အသင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းသစ်က ငွေကျပ်နှစ်သိန်းနှင့် ဒုတိယဆုဖလားကိုလည်းကောင်း၊ ပထမဗိုလ်စွဲသွားသည့် လျှပ်စစ်ကလပ်အသင်းကို မြို့နယ်အား/ကာဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက ပထမဆုဖလားနှင့် ဆုငွေကျပ်သုံးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါပြိုင်ပွဲသို့မန္တလေးမြို့မှ ပြိုင်ပွဲဝင် ပိုက်ကျော်ခြင်း အသင်းပေါင်း ၂၀ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မဟာသင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများအား အသိပညာပေး



**ဒလ မတ် ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ရေသဘင်ပွဲတော်ကို မှုခင်းကင်းရှင်းပြီး အေးချမ်းသာယာပျော်ရွှင်စွာ ဆင်နွှဲနိုင်စေရန် ပြည်သူများသတိပြုရှောင်ကြဉ်ရမည့်အချက်များအကြောင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲမြင့်နှင့်အဖွဲ့သည် မတ် ၂၅ ရက်က သပြေကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းအသိပညာပေးခဲ့ရာ အုပ်ချုပ်ရေးမှူးအဖွဲ့၊ အရန်မီးသတ်များနှင့် ကျေးရွာသူရွာသားများ တက်ရောက်ခဲ့ကြသည်။

ရဲမှူးရဲမြင့်က သင်္ကြန်ကာလအတွင်း ဖြစ်ပွားလေ့ရှိသည့်ခိုက်ရန်ဖြစ်ပွားမှု၊ ယာဉ်တိုက်မှု၊ အဓမ္မကျင့်ကြံခံရမှု၊ ခါးပိုက်နှိုက်မှုနှင့် အခြားအမှုများ အကြောင်း အကျိုးဆက်စပ်၍ အသိအမှတ်ရလွယ်ဖွယ် ပညာပေးပြောကြားခဲ့ပြီး သင်္ကြန်ရေသဘင်ပွဲတော်အတွင်း အရက်သေစာလွန်ကဲစွာသောက်စားမူးယစ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ တုတ်ဓားလက်နက်များသိုဝှက်ကိုင်ဆောင်ခြင်းနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချဝယ်ယူသုံးစွဲခြင်းများ မပြုလုပ်ကြရန် ရေကစားသူအချင်းချင်းနောက်ပြောင်ကျီစယ်လွန်းခြင်းနှင့် အရက်မူးပြီးရေကန်၊ ချောင်းများတွင် ရေကူး၊ ရေချိုးခြင်းတို့ကို သတိပြုရှောင်ကြဉ်ကြရန် ပြောကြားခဲ့သည်။

**သန်းဌေး(ဒလ)**

# ခေတ်မီဆေးဘက်ကိရိယာအပြည့်အစုံတပ်ဆင်ထားသော အရေးပေါ်လူနာတင်ယာဉ်နှစ်စီးကို အိန္ဒိယနိုင်ငံအစိုးရကလှူဒါန်း

**ရန်ကုန် မတ် ၂၇**

ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုမြှင့်တင်ပေးရန်နှင့် အရေးပေါ်လူနာများကို ကူညီပို့ဆောင်ပေးရာတွင် အသုံးပြုရန် ခေတ်မီဆေးဘက်ကိရိယာများ အပြည့်အစုံတပ်ဆင်ထားပြီးဖြစ်သော အမေရိကန်ဒေါ်လာ ၁၅၄၆၀၀ တန်ဖိုးရှိအရေးပေါ် လူနာတင်ယာဉ်နှစ်စီးကို အိန္ဒိယနိုင်ငံအစိုးရမှ ရန်ကုန်ကလေးဆေးရုံကြီးသို့ မတ် ၂၅ ရက်က လှူဒါန်းခဲ့သည်။

"အခုလိုယာဉ်ကြောကျပ်တည်းတဲ့ ကာလမှာ အရေးပေါ်လူနာတွေကို ကားထဲမှာတင် ဆေးဝါးကုသနိုင်အောင် လိုအပ်တဲ့ ဆေးပစ္စည်း၊ ကိရိယာအပြည့်အစုံတပ်ဆင်ထားတဲ့ ကားတွေ လှူဒါန်းရခြင်း ဖြစ်ပါတယ်။ ဒီလိုလှူဒါန်းတဲ့ အတွက်အရေးပေါ်လိုအပ်တဲ့ လူနာတွေကို အချိန်မီအသက်ကယ်ဆယ် ကုသပေးနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. VikramMisri က ပြောသည်။

ရန်ကုန် ကလေးဆေးရုံကြီးတွင် ကလေးနှလုံးရောဂါနှင့် သက်ဆိုင်သည့် အထူးကုဆရာဝန် မရှိသည့်အတွက် လိုအပ်လျှင် ရန်ကင်းကလေးဆေးရုံကြီးတွင် သွားရောက်ပြသရသည်များရှိသလို မျက်စိနှင့်ဆိုင်သည့် ဝေဒနာရှင်များကိုလည်း မျက်စိအထူးကုဆေးရုံကြီး၊ နားနှာခေါင်းနှင့် လည်ချောင်းဆိုင်သည့် ဝေဒနာရှင်များကိုလည်း နားနှာခေါင်း လည်ချောင်း အထူးကုဆေးရုံကြီးများတွင် သွားရောက်ပြသရသည့်အတွက် အရေးပေါ်လူနာတင်ယာဉ်များကို အသုံးပြုနေရကြောင်း သိရသည်။

"ကျွန်မတို့မှာ အရေးပေါ်လူနာတင်ယာဉ်လေးစီးရှိပါတယ်။ လွှဲပြောင်းတဲ့ လူနာနည်းရင် အဆင်ပြေတယ်။ ရန်ကုန်က လမ်းကလည်းကျပ်တော့ ရန်ကင်းကို သွားရရင် တော်တော်နဲ့ ပြန်မရောက်နိုင်ဘူး။ နောက်ထပ် လူနာလွှဲပြောင်းဖို့လိုမယ်ဆိုရင် အခက်အခဲရှိပါတယ်။ အခုလိုကားများများရှိလာတော့ အဆင်ပြေတာပေါ့"ဟုရန်ကုန်ကလေးဆေးရုံကြီး ဆေးရုံအုပ် ဒေါက်တာစုစုဌေးက ပြောသည်။

ရန်ကုန်ကလေးဆေးရုံကြီးသို့ နေ့စဉ်ပြင်ပလူနာ ၁၀၀ မှ ၁၅၀ အထိ လာရောက်ပြသနေပြီး ကုသမှုများ အနေဖြင့် ဖျားနာကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ အရိုးကုသဆောင်၊ မွေးကင်းစကလေး ကုသဆောင်၊ ကလေးကင်ဆာကုသဆောင်၊ ကျောက်ကပ်ကုသဆောင်၊ ကလေးဦးနှောက်နှင့် အာရုံကြော ၊ အာဟာရကုသဆောင် စသဖြင့်လည်းကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိ သည်။




အိန္ဒိယနိုင်ငံသည် မကြာသေးမီနှစ်များက ရန်ကုန်ကလေးဆေးရုံကြီးသို့ အရိုးများကို ဆက်သွယ်ထားသည့် အရွတ်ပြားတွင်ရှိသောတစ်သျှူးနှင့် ကြွက်သားနှင့် အရိုးစပ်ကြားရှိ အရွတ်ကြောလုံးဒဏ် ရာ၊ နောက်ကျောရိုးမကြီးရှိ ဒဏ်ရာများနှင့် ဦးနှောက်ရှိအသားပိုများကိုစစ်ဆေးသည့် စက်ကိရိယာ ( 3 Telsa MRI Machine )၊ အရိုးဒဏ်ရာများကိုကြည့်ရန် အဆုတ်နှင့် ရင်ခေါင်းရောဂါများကို ရှာဖွေစမ်းသပ်ရန်နှင့် ကင်ဆာရောဂါများကို ရှာဖွေသည့် ကိရိယာ( CT Scan Machine) နှင့် Oxygen Concentrator Plant တို့ကို တပ်ဆင်လှူဒါန်းခဲ့သည်။

ထို့ပြင် စစ်တွေပြည်သူ့ဆေးရုံကြီးတွင်လည်းနောက်ဆုံးပေါ် အောက်စီဂျင်ထုတ်လုပ်သည့် စက်ရုံ (64-slice CT Scan Machine ,Oxygen Plant ) နှင့်အာထရာဆောင်း စက်တစ်လုံးအပါအဝင် အခြားအရေးပေါ်ကုသရန် လိုအပ်သော ဆေးဘက်ဆိုင်ရာ ကိရိယာများကို တပ်ဆင်လှူဒါန်းထားသည်။

ထို့ပြင် မုံရွာမြို့ရှိ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး အဆင့်မြှင့်တင်ခြင်းနှင့်လိုအပ်သော ဆေးဘက်ပစ္စည်းကိရိယာများ တပ်ဆင်လှူဒါန်းခြင်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အမေရိကန်ဒေါ်လာနှစ်သန်းခန့် ထောက်ပံ့သွားမည်ဖြစ်ကြောင်း အိန္ဒိယသံရုံးမှ သတင်းထုတ်ပြန်ထားသည်။

**သတင်း -နန္ဒာဝင်း**

**ဓာတ်ပုံ-တာရာ**

**REPUBLIC OF THE UNION OF MYANMAR**
**Ministry of Electricity and Energy**
**Myanma Oil and Gas Enterprise (MOGE)**
**Nay Pyi Taw**

**Request for Proposal for Joint Venture in Onshore Seismic Acquisition Services with Myanma Oil and Gas Enterprise**

Date: March 24, 2017

MOGE is a state-owned enterprise which is responsible for the upstream oil and gas sector under the Ministry of Electricity and Energy ("**MOEE**") of the Republic of the Union of Myanmar. MOGE intends to establish a joint venture with an internationally proven service company in onshore seismic acquisition services. The main goals are to strengthen MOGE's technological know-how, upgrade its workforce, gain access to financing, adopt international best practices and widen market access.

MOGE had initially launched a public invitation for interested parties to submit a Letter of Expression of Interest ("**LEOI**") for a Joint Venture in Onshore Seismic Acquisition Services with MOGE in June 2014. MOGE is now launching this Request for Proposal ("**RfP**") in the form of an open tender to interested parties, including but not limited to LEOI respondents from the LEOI exercise conducted in June 2014, to submit a response to this Request for Proposal (the "**Application**"). In this context, MOGE intends to select a suitable internationally proven seismic acquisition services company as the "**Joint Venture Partner**" through a step-by-step process: Phase 1: Request for Proposal; Phase 2: Evaluation Process; and Phase 3: Negotiations and Signing.

Interested parties are required to submit an Application **no later than 3 PM, local time (Nay Pyi Taw, Republic of the Union of Myanmar), on April 24, 2017** to the following address: **MOGE Tender Committee for Joint Venture Establishment in Petroleum Services (Seismic)**, Complex 44, MOGE Office, Nay Pyi Taw, Republic of the Union of Myanmar.

The RfP, which includes guidelines for submission, can be purchased by any interested party starting March 24, 2017 (excluding Saturdays, Sundays and Public Holidays) at Complex 44, MOGE Office, Nay Pyi Taw, Republic of the Union of Myanmar for a non-refundable cash payment of five hundred United States Dollars (USD 500). The purchaser will be provided with a payment acknowledgement when payment is made. Only Applications from Applicants that had purchased the RfP document officially from MOGE will be evaluated.

Interested parties who have purchased the RfP are welcome to submit questions regarding the RfP and comments on the draft Joint Venture Agreement attached in its annex, no later than 12 PM, local time (Nay Pyi Taw, Republic of the Union of Myanmar), on April 4, 2017, to which MOGE will duly respond to all questions submitted and issue a revised draft Joint Venture Agreement.

Myanma Oil and Gas Enterprise
Ministry of Electricity and Energy

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂/၂၀၁၇)**

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) ဓာတုဗေဒပစ္စည်းများ - Caustic Soda (200 MT), Hydrochloric Acid (400 MT)

၂။ တင်ဒါများအတွက်

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၃-၂၀၁၇ရက်

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၅-၂၀၁၇ရက် ၁၂:၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် (၄၄)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၁၂၃**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်သော ထုချေစေရန်**

**အကြောင်းကြားစာ**

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၂ နှင့်ဆက်သွယ်သည့်**
**၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၆**

ဒေါ်အေးမြင့်ကြည် **နှင့်** ဒေါ်သူဇာသန်း
**တရားနိုင်** **တရားရှုံး**

ရန်ကုန်မြို့၊ သုဝဏ္ဏရပ်နေ အထက်အမည်ပါ တရားရှုံး ဒေါ်သူဇာသန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၂တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အေးမြင့်ကြည်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် မတ် ၂၉ရက် (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်လာရောက်စေ။

၂၀၁၆ခုနှစ် မတ် ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဇင်ရွှေ)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

မြန်မာနိုင်ငံ
**သစ်မွေးလုပ်ငန်းရှင်များအသင်း**
**နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာအစည်းအဝေး**
၂-၄-၂၀၁၇(တနင်္ဂနွေ)၊ နေ့(၂)နာရီတိတိ
ကုန်သည်/စက်မှုအသင်းချုပ်၊ UMFCCI
မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်
အသင်းဝင်များတက်ရောက်ကြပါရန်။
MAEA

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၆၀၊ ကုံကော်အိမ်ရာ၊ တိုက်အမှတ်(C)၊ ပထမထပ်၊ အခန်းအမှတ်(2-C)၊ အကျယ်(၁၆၄၁) စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၃၀-၄-၂၀၀၅ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိသူ ဦးဘုန်းပိုင်ဦး ၈/ပခက(နိုင်)၁၆၄၆၃၅ မှ မိမိတစ်ဦးတည်းဝယ်ယူပိုင်ဆိုင်၍ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဦး** **ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/၄၊ လူနေရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာ၊ မြေကွက်အမှတ်-၁၃၃၊ ဧရိယာ ၀ဒသမ ၂၁၃ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၃၃)၊ ခရေ ၇ လမ်း၊ ရွှေပင်လုံအပိုင်း(၄)၊ ၂၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်စိမ်းလဲ့ရည်(ခ)ကတ်သရင်း ၁၂/သကတ(နိုင်)၁၉၀၈၉၃ ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိသူ ဒေါ်တင်မမ ၁၂/ကမရ(နိုင်)၀၃၄၇၂၃ မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဦး** **ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ပထမထပ်(ဝဲ)၊မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး(၇၀)နေရာနှင့် စာရင်းကိုင်(၂) ရာထူး(၂၂)တို့အတွက် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ဒုတိယဦးစီးမှူးရာထူး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) နေရာအတွက် ပညာအရည်အချင်းသတ်မှတ်ချက်

| | | |
|---|---|---|
| (က) | B.C Tech (Commun; & Networking) | ၃ ဦး |
| (ခ) | B.A(Library & Information Studies/ International Relations/English/Public Adminstration/ Development Studies/ Geography/ Archaeology/ Journalism) | ၈ ဦး |
| (ဂ) | LL.B | ၃ ဦး |
| (ဃ) | B.Sc (Environmental Engineering)/ B.Phamarcy | ၅ ဦး |
| (င) | B.E(Electrical Power/Electronic/ Chemical/Civil/ Mechanical/Textile/ Petroleum/Mining/Metallurgy/ Information Technology) | ၁၀ ဦး |
| (စ) | B.Sc(Industrial-Chemistry/ Chemistry/Bio-Chemistry/Geology/Marine Science/ Environmental Science/ Mathematics/ Physics/ Meteorology/Nuclear Physics/ Zoology/Botany/Hydrology/Micro-Biology/Bio-Technology) | ၂၀ ဦး |
| (ဆ) | B.Sc(Forestry) | ၁၀ ဦး |
| (ဇ) | B.Agriculture Science/B.V.S | ၆ ဦး |
| (ဈ) | B.Econ(Stats) | ၅ ဦး |

(ခ) စာရင်းကိုင်(၂)ရာထူး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) နေရာအတွက် ပညာအရည်အချင်းသတ်မှတ်ချက် B.Com ဘွဲ့ရရှိသူများ — ၂၂ ဦး

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
(ဂ) ၃၁-၁၂-၂၀၁၇ ရက်တွင် အသက်(၂၇)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၃၂ နှစ်)မကျော်လွန်သူဖြစ်ရမည်။
(ဃ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင်-
(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်နှင့် အသက်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၄င်းတို့၏ အလုပ်အကိုင်
(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်၊ ဌာန
(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်
(ဇ) ဆက်သွယ်ရန် နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်
(ဈ) အမြဲတမ်းနေရပ်လိပ်စာတို့ကို ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ-
(က) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(ခ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မူရင်းအား ရေးဖြေလာရောက်ဖြေဆိုသည့်အခါ ပြသနိုင်မှသာ ဖြေဆိုခွင့်ပြုမည်။)
(ဂ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူနှင့် (၃)လအတွင်းရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ထောက်ခံချက်မူရင်း
(ဃ) လျှောက်ထားသူများသည် ဌာနတွင် အနည်းဆုံး ၅ နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးစာ ပူးတွဲပါရှိရမည်။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် ၅၃၊ နေပြည်တော်သို့ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း ၂၂-၅-၂၀၁၇ ရက် (တနင်္လာနေ့) နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် ၅၃၊ နေပြည်တော်သို့ ၂၂-၅-၂၀၁၇ရက် (တနင်္လာနေ့) နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ပါသည်။

၇။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲအား ၂၅-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) တွင် အထက(၅) နေပြည်တော်၌ ၂နာရီမေးခွန်းအား အောက်ပါအတိုင်း ဖြေဆိုရပါမည်-
(က) နံနက် ၉ နာရီမှ ၁၁ နာရီထိ အင်္ဂလိပ်စာ
(ခ) မွန်းလွဲ ၁၂:၃၀ နာရီမှ ၂:၃၀ နာရီထိ အထွေထွေဗဟုသုတ

၈။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားနှင့် ခုံနံပါတ်များကို ၂၄-၆-၂၀၁၇ရက် (စနေနေ့)တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း အထက(၅) နေပြည်တော်၌ ထုတ်ပေးပါမည်။

၉။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ဆောင်ရွက်မည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားပါမည်။

၁၀။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းမပြည့်စုံသူများ၊ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၁။ အသေးစိတ်သိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာန ဖုန်း-၀၆၇-၄၃၁၃၁၆၊ ၄၃၁၄၉၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၅ယ/၆၂၅၁၇ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးအယ်လ်ဇစ်ဖြိုးနိုင် ၉/မခန(နိုင်)၁၈၁၈၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (နေပြည်တော်)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 2E/2324 Nissan Diesel cv 48A ယာဉ်လက်ဝယ်ရှိသူ ဦးကျအူ ၁၃/မဆန(နိုင်)၀၁၆၈၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

**မိဘအမည်မှန်**

တာချီလိတ်မြို့၊ ဆန်ဆိုင်း (အထက) စတုတ္ထတန်း(A)မှ မနန်းကောင်ခမ်း၏ မိဘအမည်မှန်မှာ ဦးအိုက်ဘိုးလျှိုးနှင့် ဒေါ်အိခမ်းယံန်း ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးငွေးလှိုင် ၇/ရတန(နိုင်) ၀၆၅၄၉၄ ၏သား တာချီလိတ်မြို့၊ မကာဟိုခမ်း(အထက)ပထမတန်း (E) မှ မောင်ပိုင်ရှင်းသန့်အား မောင်မြတ်ဘုန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မြတ်ဘုန်းခန့်**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ကျိုင်းတုံမြို့၊ အထက(၃)၊ စတုတ္ထတန်း(A)မှ နန်းရတီပိုးဉနှင့် ပထမတန်း(A)မှ မောင်မြတ်ဘုန်းမောင် တို့၏ ဖခင် ဦးလွင်မိုးအောင်နှင့် ဦးဝဏ္ဏအောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**အများသိစေရန် ကြေညာခြင်း**

မိုင်းဆတ်မြို့နေ ကျွန်မ ဒေါ်နန်းရတနာလွင် ၁၃/မဆန(နိုင်)၀၁၄၈၅၂ သည် ဦးငြိမ်းချမ်းထက် ၈/မကန(နိုင်)၁၁၄၇၀၈ ၏ တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းရတနာလွင်**
**၁၃/မဆန(နိုင်)၀၁၄၈၅၂**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၁၈၀၈)၊ ဧရိယာ ၀ဒသမ ၀၅၅ဧက ဒေါ်လှလှဝင်း ၈/မကန(နိုင်)၀၅၀၄၅၀ (ဘ) ဦးကျော်လွင် အမည်ပေါက် နှစ် ၃၀ မြေငှားဂရန်စာချုပ် မြေကွက်ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၁၅၇/၂၀၁၅ (၅-၁၀-၂၀၁၅)ဖြင့် မြေကွက်အမည်ပေါက် ဒေါ်လှလှဝင်း၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်အေးအေးမွန် ၈/တတက(နိုင်)၀၆၈၀၁၂ (ဘ) ဦးသန်းကြွယ်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်အမှတ်(၁၈၁၁)၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ ဦးညီညီအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အိအိဖြိုး ၁၂/မဂဒ(နိုင်)၁၃၁၇၆၆ (ဘ) ဦးဘသော်မှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူ အရပ်ကတိအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ဝင်ငွေခွန်(ကြိုတင်ခွန်)များ အချိန်မီပေးသွင်းကြရန် အသိပေးနှိုးဆော်ခြင်း

ဝင်ငွေနှစ်တစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်ကျသင့်သည့် အခွန်ငွေများကို(ကြိုတင်ခွန်)အဖြစ် သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း တည်ဆဲဝင်ငွေခွန်ဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ပေးသွင်းရန်ပျက်ကွက်ခြင်း၊ လျော့နည်းပေးသွင်းခြင်းများ ပေါ်ပေါက်ခဲ့ပါက ယင်းပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့နည်းငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်ဟု ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-က ပုဒ်မခွဲ(ဂ)တွင် ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)တွင် လက်ရှိအခွန်ထမ်းဆောင်နေကြသည့် ကုမ္ပဏီလုပ်ငန်းများနှင့် လက်ရှိဝင်ငွေနှစ်အတွင်း ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေကြသော ကုမ္ပဏီလုပ်ငန်းများတို့သည် မိမိတစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ကျသင့်ဝင်ငွေခွန်များကို သတ်မှတ်အချိန်ကာလအတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ယခုအခါ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်ဆုံးရန် လွန်စွာနီးကပ်နေပြီဖြစ်ပါသဖြင့် (၃၁-၃-၂၀၁၇)ရက်ထက် နောက်မကျဘဲ မိမိပေးသွင်းရမည့် ဝင်ငွေခွန်များကို တွက်ချက်၍ အချိန်မီပေးသွင်းကြပါရန် ထပ်ဆင့်အသိပေးနှိုးဆော်အပ်ပါသည်။ အကယ်၍ ပေးသွင်းရန်ပျက်ကွက်ခြင်း၊ လျော့နည်းပေးသွင်းခြင်းများပေါ်ပေါက်ပါက ယင်းပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့နည်းပေးသွင်းငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ငွေများ အပြည့်အဝ တပ်ရိုက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

မိမိပေးသွင်းရမည့်အခွန်ငွေများ ပေးသွင်းမည်ဆိုပါက အောက်တွင်ဖော်ပြပါရှိသည့် လိပ်စာပါ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃) တည်ရှိရာသို့ လာရောက်၍ သတ်မှတ်ဘဏ် ငွေသွင်းချလန်များထုတ်ယူပြီး မြန်မာ့စီးပွားရေးဘဏ်(၂)ငွေစာရင်းအမှတ် MD 010145 သို့ ပေးသွင်းရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ရုံးလိပ်စာ။** အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)
အမှတ် ၅၆/၆၄၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ လောကနတ်ပန်းချီပြခန်း၏အပေါ်ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**စုံစမ်းမေးမြန်းနိုင်သည့်ဖုန်းနံပါတ်များ**

- ၀၁-၃၇၀၄၁၀
- ၀၁-၃၇၀၄၁၁
- ၀၉-၂၅၅၈၀၃၇၁၀ [ဒေါ်နွယ်နီမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၁)]
- ၀၉-၄၄၈၅၄၆၉၂၀ [ဒေါ်စောဥမ္မာ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၂)]
- ၀၉-၄၉၃၀၀၀၄၉ [ဦးအောင်ကျော်ထူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၃)]
- ၀၉-၅၀၆၁၇၄၄ [ဒေါ်သက်သက်နွယ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး ဌာနစု(၄)]
- ၀၉-၃၁၁၂၉၉၈၆ [ဒေါ်အေးအေးစိုး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၅)]
- ၀၉-၅၃၁၂၈၈၉ [ဒေါ်မာလာအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနစုမှူး၊ ဌာနစု(၆)]

အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)
ပြည်တွင်းအခွန်များဦးစီးဌာန

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763



ဂျူးဝဲလ်ဟိုတယ်
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျက်ရှိပါသည်။
No.150(D), Corner of University Avenue & Kabaaye Pagoda Road,
Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174

## Pre - Opening

GOLDEN VALLEY RESORT HOTEL
(ချောင်းသာကမ်းခြေ) ကျောက်မောင်နှမ ဘုရားအနီး
သင်္ကြန်တွင်း 12.4.2017 မှ 21.4.2017အထိ 3ရက်နှင့်အထက်
ယူပါက မူလ Discount ဈေးအတိုင်း 40000 ကျပ်ဖြင့်
ငှားရမ်းပါမည်။ 09-761011800,09-777230094

## NLP Construction Machinery




Ngwe Lin Paing Co.,Ltd
No.38,Aung Yadanar (Baho) Road, Lanmadaw T/S, Yangon,Myanmar. Tel-01-227418, 2301487, 09 5013054
Storage Yard:
No. 24/25,Aung Myay Thar Yar Pagoda Road, Hlaing Thar Yar T/S , Tel: 01-9648078, 09448050488

## ဝန်ထမ်းအလိုရှိသည်

၁။ Chief Accountant — မ (၃) ဦး
B.com (or) CPA (Or) ACCA Part I, LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ် ရှိရမည်၊ Peach Tree Sofware သို့မဟုတ် အခြားသော Accounting Software, Excel ဖြင့် Full Set Account ထိန်းသိမ်းနိုင်ရမည်၊

၂။ Accountant — မ (၃) ဦး
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး LCCI Level (II,III) အောင်မြင်ပြီးသူ ဖြစ်ရမည်၊

၃။ Promoter — ကျား (၅)၊ မ (၁၀) ဦး
အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ ကျောင်းကိုစွန့်ပြီးမြတ်သူဖြစ်ရမည်၊ လုပ်ငန်းအတွေ့အကြုံ (၁)နှစ် ရှိရမည်၊ ရုပ်ရည် အသင့်အတင့်ရှိပြီး ဆက်ဆံရေး ပြေပြစ်သူဖြစ်ရမည်၊

၄။ Designer — ကျား (၁)၊ မ (၁)ဦး
Adobe Photoshop, Adobe Illustrator ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်၊ အတွေ့အကြုံ (၁)နှစ် ရှိရမည်၊ မိမိကိုယ်တိုင် ဆွဲထားသော Design များ ယူလာနိုင်ရမည်၊

၅။ Driver — ကျား (၃)ဦး
(ယ)လိုင်စင်ရှိရမည်၊ မြို့တွင်းနှင့် နယ်ဝေးသွားနိုင်သူဖြစ်ရမည်၊ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

နယ်မှလာသောသူများကို အဆောင်စီစဉ်ပေးပါမည်။

စိတ်ပါဝင်စားသူများသည် CV Form (1) စုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ပတ်စ်ပို့ဆိုဒ်ဓာတ်ပုံ (၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ တို့နှင့်အတူ ကြော်ငြာပါသည့်ဓနေ့မှစ၍ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

CNC Men'wear (Myanmar Mercury Garment MFG CO., Ltd)
တိုက် (၃၁)၊ အခန်း (၁၀၂)၊ ပထမထပ်၊ အောင်သပြေလမ်း၊ ယုဇနပလာဇာ အနောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

## (၁၁)ကြိမ်မြောက် အာရှအမျိုးသား အသက်(၁၉)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၇**

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 11th Asian Boys U19 Volleyball Championship ပြိုင်ပွဲကြီးအား မတ် ၂၈ ရက်မှ ဧပြီ ၅ ရက်အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (A) (B) နှင့် (C) တို့တွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မတ် ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် ကျင်းပမည့်ဖွင့်ပွဲအခမ်းအနား၊ မတ် ၂၈ ရက်မှ ဧပြီ ၅ ရက်အထိ ကျင်းပသည့် ပွဲစဉ်များအနက် တစ်နေ့လျှင် ပွဲစဉ်သုံးပွဲနှင့် ဧပြီ ၅ ရက်တွင် ကျင်းပမည့် ဆုပေးပွဲနှင့် ပြိုင်ပွဲပိတ်ပွဲအခမ်းအနားတို့ကို MRTV Sport Channel မှလည်းကောင်း၊ မြန်မာဘော်လီဘောအသင်း၏ ဖေ့စ်ဘွတ်ခ်အတွင်း ယှဉ်ပြိုင်မည့် ပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်တို့မှလည်းကောင်း တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၉ ရက် သတင်းစာတွင် ပါရှိမည်

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၉ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။**

(မြန်မာ့အလင်း)

# ချင်းတွင်းမြစ်ကူးတံတား(ကလေးဝ)မကြာမီဖွင့်လှစ်တော့မည်



**သတင်း-ချင်းတွင်းသား၊ ဓာတ်ပုံ- သက်ဟန်(မြန်/ဆက်)**

**ကလေးဝ မတ် ၂၇**

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံတစ်ဝန်းရှိ လမ်းနှင့်တံတားများကို နိုင်ငံတကာအဆင့်မီလမ်း၊ တံတားကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးတို့အတွက် လမ်းနှင့်တံတားများကို တည်ဆောက်လျက်ရှိရာ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၊ ကလေးဝမြို့နှင့် ရေဦးမြို့တို့ကိုဆက်သွယ်ပေးမည့် ချင်းတွင်းမြစ်ကူးတံတား(ကလေးဝ) တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် မကြာမီရက်ပိုင်းအတွင်း ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ကလေးဝမြို့တွင် တည်ဆောက်ပြီးစီးသည့် ချင်းတွင်းမြစ်ကူးတံတားမှာ ချင်းတွင်းမြစ်၏ မြစ်ဖျားပိုင်းတွင် တတိယမြောက် ချင်းတွင်းမြစ်ကူးတံတားဖြစ်ပြီး ရေဦး-ကလေးဝလမ်းမိုင်တိုင် အမှတ် (၁၀၅/၄)တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါတံတားမှာ အရှည် ၂၀၀၅ ပေ၊ အကျယ် ၃၃ ဒသမ ၅ ပေ၊ လူသွားလမ်းအကျယ် သုံးပေ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာရှိ သံကူကွန်ကရစ်ကြမ်းခင်း၊ ချဉ်းကပ်လမ်းအရှည်မှာ ကလေးဝဘက်ကမ်း ၈၅၂၀ ပေ၊ ရေဦးဘက်ကမ်း ၁၄၃၉ ပေရှိပြီး

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖



မြန်မာ-အိန္ဒိယ ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပနေစဉ်

# အာရှဖလားခြေစစ်ပွဲအဖြစ် မြန်မာနှင့်အိန္ဒိယ ယနေ့ကစားမည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် မတ် ၂၇**

၂၀၁၉ အာရှဖလားတတိယအဆင့် ခြေစစ်ပွဲအုပ်စု(က) ပထမပွဲအဖြစ် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ မတ် ၂၈ ရက်(ယနေ့)ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသည်။

မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "အိန္ဒိယအသင်းနဲ့ ကမ္ဘောဒီးယားအသင်းတို့ရဲ့ပွဲကို ကြည့်ခွင့်ရခဲ့တာက အင်မတန်အကျိုးရှိပါတယ်။ အိန္ဒိယအသင်းကို ဘယ်လိုကစားရမလဲဆိုတဲ့ နည်းဗျူဟာတွေ တွေ့ခဲ့ရပါတယ်။ အိန္ဒိယအသင်းရဲ့ အနေအထားက စာရွက်ပေါ်မှာ ကျွန်တော်တို့ထက် အများကြီးတောင့်တင်းပါတယ်။ ဒါပေမယ့် ကျွန်တော့်ကစားသမားတွေကို အပြည့်အဝ ယုံကြည်ပါတယ်။ အင်ဒိုနီးရှားနဲ့ ခြေစမ်းပွဲက လိုအပ်ချက်တွေ၊ အားနည်းချက်တွေကို ပြန်ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့ရဲ့မျှော်လင့်ချက်ကတော့ အာရှဖလားပြိုင်ပွဲကို တစ်ကျော့ပြန် ယှဉ်ပြိုင်ခွင့်ရရှိဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ပွဲတိုင်းကို ဗိုလ်လုပွဲလိုသဘောထားပြီး အနိုင်ရအောင် ကြိုးစားကစားမှာပါ" ဟု ပြောကြားသည်။ အသင်းခေါင်းဆောင် ရန်အောင်ကျော်က "အိန္ဒိယအသင်းဟာ ကျွန်တော်တို့ထက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ အသာရနေပေမယ့် အိမ်ကွင်းမှာ အနိုင်ရဖို့ ကစားမှာပါ။ အိန္ဒိယအသင်းကို အိမ်ကွင်းမှာ အိုလံပစ်ခြေစစ်ပွဲ AFC Challenge Cup ခြေစစ်ပွဲတွေမှာ တွေ့ဆုံဖူးပြီး နှစ်ပွဲစလုံး တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့ပါတယ်။ ဒီပွဲမှာလည်း အနိုင်ရအောင်ကစားမှာပါ။ ကျွန်တော့်ရဲ့ကစားသမားဘဝမှာ အာရှဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရဖို့ ကြိုးပမ်းသွားမှာပါ" ဟု ပြောကြားခဲ့သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❍

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded By : EUROMONEY
EUROMONEY AWARDS FOR EXCELLENCE 2016

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ မတ် ၂၈၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး တစ်နှစ်တာကာလဦးစားပေးဆောင်ရွက်ပေး

နိုင်လင်းကြည်၊ ဓာတ်ပုံ-လှမြင့်ထွန်း(နယ်စပ်ရေးရာ)





နယ်စပ်ရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်

နိုင်ငံတော်အစိုးရသစ်စတင်တာဝန်ယူခဲ့သည့် ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်မှစပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တစ်နှစ်တာ ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရရှိရေးကို ရှေးရှုကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားလျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် တိုင်းရင်းသား လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးလုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။

### နယ်စပ်ဒေသများ၏ ထူးခြားသောဝိသေသများ

မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများသည် နယ်မြေကျယ်ပြန့်သော်လည်း လူဦးရေသိပ်သည်းမှုနည်းပါးခြင်း၊ ကျေးရွာတစ်ရွာနှင့်တစ်ရွာ အလှမ်းကွာဝေးသဖြင့် ကူးလူးဆက်ဆံမှုနည်းပါးခြင်း၊ ဘာသာစကားဓလေ့ထုံးစံများ ကွဲပြားခြင်း၊ ပထဝီအနေအထားအရ အခြားသောပြည်နယ်ဒေသများနှင့် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ပြင် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပေါ်ပေါက်ခဲ့သော ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့် အယူဝါဒ၊ လူမျိုးရေး၊ ဘာသာရေးကွဲပြားမှုများကို အရင်းခံပြီး လွတ်လပ်ရေးနှင့်အတူ ဖြစ်ပေါ်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများကြောင့် လူမှုစီးပွားဘဝများအပါအဝင်အစစအရာရာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ကြရသည်။

ထိုသို့သော အခြေအနေများ လျော့နည်းသွားစေရန် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးနှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၂၅-၅-၁၉၈၉ ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် လုပ်ငန်းများအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ၃၁-၅-၁၉၈၉ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ချမှတ်ပေးထားသော မူဝါဒလမ်းညွှန်ချက်များအား စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းဆပ်ကော်မတီများကိုလည်းဖွဲ့စည်း၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ထို့အတူ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက် စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ၂၄-၉-၁၉၉၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် နယ် စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် မြို့ပြနှင့်ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများကိုပါ ပိုမိုထိရောက်စွာ ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရန် ၃၀-၁-၁၉၉၄ ရက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအား နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် ၃၀-၃-၂၀၁၁ ရက်တွင် ထပ်မံပြင်ဆင်ဖွဲ့စည်းပေးခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များနှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ (ခ) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်၊ (ဂ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊ (ဃ) စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊ (င) နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်စသည့် ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပီပီပြင်ပြင်စနစ်တကျ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရသည် ၁၃-၈-၁၉၉၃ ရက်တွင် ဥပဒေအမှတ် (၁၁/၉၃)ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ အဆိုပါဥပဒေအား လက်ရှိအချိန်နှင့်

**အချပ်ပို (ခ) သို့**



နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ တည်ငြိမ်အေးချမ်းမှု (Peace and Stability) ရရှိရေးသည် အဓိကအရေးအကြီးဆုံးအချက်အဖြစ်ခံယူပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့ကို အထူးအလေးထားလျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

**အချပ်ပို(က)မှ**

ကိုက်ညီစေရန် ၂၂-၇-၂၀၁၅ ရက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား စနစ်တကျဆောင်ရွက်နိုင်စေရန် နယ်စပ်ဒေသဖွံ့ဖြိုးရေး ဥပဒေနှင့်အညီ ပင်မစီမံကိန်းတစ်ရပ်အား ၁၉၉၃-၉၄ ဘဏ္ဍာနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်အထိ စုစုပေါင်း စီမံကိန်းကာလ (၁၃)နှစ်သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်၏ လမ်းညွှန်ချက်အရ အခြေခံနှစ် ၂၀၀၁- ၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ နှစ်(၃၀) နှစ်ရှည်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေး အဓိကဆောင်ရွက်ပေးမည့် ဒေသများအဖြစ် Border Line နှင့် ထိစပ်လျက်ရှိသည့် ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီး နှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုရှိ မြို့နယ် ၁၆၈ မြို့နယ်၊ ကျေးရွာ ၁၁၀၆၉ ရွာတို့အား သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ တည်ငြိမ်အေးချမ်းမှု (Peace and Stability) ရရှိရေးသည် အဓိကအရေးအကြီးဆုံးအချက်အဖြစ်ခံယူပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့ကို အထူးအလေးထားလျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာနသည် (က)နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ (ခ) နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ (ဂ) နယ်စပ်ဒေသတွင် နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ (ဃ) နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စသည့်မူဝါဒ(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၂၃ ဦးဖြင့် လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၃၂ ဦးဖြင့် လည်းကောင်း ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါသည်။ ၎င်းအပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကဏ္ဍအလိုက်စနစ်တကျ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန်အတွက် လမ်းတံတားလုပ်ငန်းဆပ်ကော်မတီ၊ ကျန်းမာရေးလုပ်ငန်း ဆပ်ကော်မတီ၊ ပညာရေးလုပ်ငန်းဆပ်ကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဆပ်ကော်မတီ၊ စွမ်းအင်လုပ်ငန်း ဆပ်ကော်မတီ၊ သာသနာရေးလုပ်ငန်းဆပ်ကော်မတီနှင့် လူမှုဝန်ထမ်းလုပ်ငန်း ဆပ်ကော်မတီတို့ကိုလည်း ပြင်ဆင်ဖွဲ့ စည်းထားပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။



ပူတာအို-ခေါင်လန်ဖူး လမ်းဖောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်



နာဂဒေသ၊ လေရှီး-လဟယ် လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေကို တွေ့မြင်ရစဉ်

**နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့်**
**ဘဏ္ဍာငွေလျာထားသုံးစွဲမှု**

နယ်စပ်ဒေသများတွင် တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်အတွက် အခြေခံစီးပွားရေးဆိုင်ရာ အဆောက်အအုံများကို ဖော်ဆောင်ပေးရာတွင် အဓိကလိုအပ်သည့် အခြေခံအဆောက်အအုံ (Infrastructure) လုပ်ငန်းများဖြစ်သော လမ်းတံတားလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ၊ ငြိမ်းချမ်းရေးအထောက်အကူပြု တည်ဆောက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး /ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ဒေသတွင်း ရေရှည်တည်တံ့စေရေးနှင့် ဒေသခံလူထု၏ ပူးပေါင်းပါဝင်မှုရှိစေရေးအတွက် တည်ဆောက်ရေး လုပ်ငန်းများတွင် နိုင်ငံတော်နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အစပျိုးဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။

နယ်စပ်ဒေသရှိ တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်တွင်ရှိသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)မှ တစ်နှစ်လျှင် B.E.D ဘွဲ့ရ ဆရာ၊ ဆရာမ ၅၀၀ ခန့်အား လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် စစ်ကိုင်းနှင့် ရန်ကုန်တို့မှ တစ်နှစ်လျှင် A.G.T.I၊ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရ သင်တန်းသား ၆၀၀ ခန့်အား လည်းကောင်း အသီးသီးမွေးထုတ်ပေးနိုင်ခဲ့ပြီး ကျောင်းပြီးသည်နှင့်တစ်ပြိုင်နက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ခန့်အပ်တာဝန်ပေးနိုင်ခဲ့သည်။ ထို့အပြင် အလယ်တန်း၊ အထက်တန်းပညာရေး သင်ကြားပေးလျက်ရှိသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၄၄ ကျောင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ကိုးကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၄၃ ကျောင်းတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်မှစပြီး တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍ စုစုပေါင်း ၇၃၇ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၆ဒေသမ ၂၆၂ ဘီလီယံသုံးစွဲပြီး ဆောင်ရွက်နိုင်ခဲ့ပါသည်။ လုပ်ငန်း များအနေဖြင့် မြေလမ်း ၅၅၉ မိုင်၊ ကျောက်လမ်း ၂၁၉ မိုင်၊ ကတ္တရာလမ်း ၇၅ မိုင်၊ ကွန်ကရစ်လမ်း ၁၂ မိုင်၊ ဆိုင်ကယ်လမ်း ၇၂ မိုင်၊ တံတားကြီး၊ လတ်၊ ငယ် ၈၇ စင်း၊ Box Culvert ၉၃၃ ခု ၊ စာသင်ကျောင်းအသစ်တည်ဆောက်ခြင်းနှင့် အဟောင်းပြုပြင်ခြင်း ၂၁၅ ကျောင်း၊ ရေတွင်း၊ ရေကန်တူးဖော်ခြင်း ၁၄၉



ကရင်ပြည်နယ် မြိုင်ကြီးငူ-မဲသဝေါလမ်းဖောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်

**အချပ်ပို(ဂ)သို့**

**အချပ်ပို(ခ)မှ**

ကန်၊ ရေရရှိရေးလုပ်ငန်း ၄၄ ခု၊ မီးလင်းရေး ၈၆ ရွာတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်၊ လူငယ်ကျောင်းများ၊ အိမ်တွင်းမှုကျောင်းများ၊ စက်မှုလက်မှုကျောင်းများ၌ရှိသည့် သင်တန်းသား ၁၂၀၀၀ ကျော်အတွက် စားသောက်နေထိုင်ရေးနှင့် သင်တန်းဆိုင်ရာ လိုအပ်ချက်များ၊ သင်တန်းအဆောက်အအုံနှင့် သင်ထောက်ကူပစ္စည်းများအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၄၉၄ ဘီလီယံ ကျခံသုံးစွဲဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်၍ တစ်နှစ်တာကာလအတွင်းမှာ ဝန်ကြီးဌာနအနေဖြင့် စုစုပေါင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၈၄ ဒသမ ၇၅၆ ဘီလီယံ သုံးစွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

### မြန်မာပြည်(မြောက်ပိုင်း) ဝေးလံခေါင်းပါးသော ပူတာအို-ခေါင်လန်ဖူးလမ်း ဖောက်လုပ်ခြင်း

နယ်စပ်ဒေသ လမ်း/တံတားလုပ်ငန်းများနှင့် ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ မျှော်မှန်းချက်မှာ ကျေးရွာတစ်ရွာနှင့်တစ်ရွာ၊ နယ်မြေဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်သွယ်သွားလာနိုင်စေရေး ရှေးဦးစွာ လမ်းများပေါက်သွားစေရမည်ဖြစ်ပြီး ထိုလမ်းများကို အသုံးပြုဆက်သွယ်သွားလာရင်း တွေ့ပါများတော့ မြင်၊ မြင်ပါများတော့ ရင်းနှီးဆိုသည့် စကားနှင့်အညီ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲလာကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွားလာရေးပင်ဖြစ်သည်။ ထိုမျှော်မှန်းချက်နှင့်အညီ တိုင်းဒေသကြီး/ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်း ဆောင်ရွက်ခဲ့သော လမ်း၊ တံတားစီမံကိန်းလုပ်ငန်းများအနက် ဝေးလံခေါင်းပါးသည့် ကချင်ပြည်နယ်(မြောက်ပိုင်း)တွင် ပူတာအို- နောင်မွန်လမ်းပေါ်ရှိ မဝွေဇမှ ခေါင်လန်ဖူးအထိ ၆၅ မိုင်ကို ခက်ခဲကြမ်းတမ်းသည့် တောတောင်လျှိုမြောင်များဖြတ်ပြီး တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်၊ B.E အင်ဂျင်နီယာစစ်သည်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ဖောက်လုပ်ပေးနိုင်ခဲ့သည်။ အဆိုပါလမ်းကို မဝွေဇကနေ ငါ့လုံဒမ်အထိ အပိုင်း (၁)အဖြစ် လည်းကောင်း၊ ငါ့လုံဒမ်မှ ရီဒမ်းအထိကို အပိုင်း(၂)အဖြစ် လည်းကောင်း၊ ရီဒမ်းမှ ခေါင်လန်ဖူးအထိကို အပိုင်း(၃)အဖြစ်လည်းကောင်း ဖောက်လုပ်သွားမည်ဖြစ်သည်။

### နယ်စပ်ဒေသကျေးလက်များတွင် သန့်ရှင်းသော သောက်သုံးရေ/စိုက်ပျိုးရေရရှိရေး

လက်ရှိနိုင်ငံတော်အစိုးရ တာဝန်ယူပြီးနောက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရက်(၁၀၀)စီမံကိန်းအရ နိုင်ငံတော်တစ်ဝန်း၌ ရေကန်ပေါင်း ၁၀၀ တူးဖော်ဆောင်ရွက်ပေးခဲ့သည်မှ အစပြု၍ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်၍ ရေကန်များတူးဖော်ပေးခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်း၊ စက်တူးတွင်း၊ လက်တူးတွင်း တူးဖော်ပေးခြင်းတို့ကို စုစုပေါင်း ရန်ပုံငွေကျပ် ၃၅၀၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် တိုင်းရင်းသားပြည်သူများ၏ သောက်သုံးရေရှားပါးမှုအခက်အခဲကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည်။



ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကမ်းခြေပတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို မြင်ရစဉ်

### တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး စံပြကျေးရွာများထူထောင်

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ယခင်ကတည်းကပင် ရခိုင်ပြည်နယ်အတွင်း၌ နတလစံပြကျေးရွာ ၁၉ ရွာ၊ စုစည်းကျေးရွာ ၂၀ စုစုပေါင်း ၃၉ ရွာကို တည်ဆောက်ပေးခဲ့သည်။ ယခုလည်း မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာ၌ ရခိုင်တိုင်းရင်းသားမိသားစုများအတွက် စံပြကျေးရွာတစ်ရွာ ထူထောင်ရန် တန်ဖိုးသင့် အိမ်ရာအလုံး ၁၀၀ တည်ဆောက်လျက်ရှိပြီး ကျေးရွာတွင်းလမ်းများဖောက်လုပ်ခြင်း၊ ရေသွယ်ယူခြင်း၊ မီးလင်းရေး လုပ်ငန်းများအပြင် နေထိုင်မည့်ပြည်သူများအတွက် ရိက္ခာထောက်ပံ့ခြင်းလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ IDP များအတွက် စစ်တွေတွင် တဲတန်းလျားအလုံး ၅၀ ၊ ရမ်းဗြဲတွင် ၁၂ လုံး စုစုပေါင်း ၆၂ လုံး ပြုပြင်ပေးခဲ့သည်။ ထို့အတူ ကယားပြည်နယ်၊ ဟွေပုံလောင်းဒေသ၊ ဟွေအော့ကျေးရွာတွင်လည်း တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်ပေးပြီး ကျေးရွာသစ်တစ်ရွာ တည်ဆောက်ပေးခဲ့သည်။




ရှမ်းပြည်နယ် မူဆယ်မြို့ စစ်ပွဲရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရိက္ခာများ ထောက်ပံ့ပေးအပ်စဉ်

### လူသားချင်းစာနာသည့် အထောက်အပံ့များ

ဝေးလံခေါင်းပါးသော နယ်စပ်ဒေသရှိ ဆင်းရဲနွမ်းပါးသော တိုင်းရင်းသားများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် IDPs များအတွက် လူသားချင်းစာနာသော အထောက်အကူအဖြစ် ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် စားနပ်ရိက္ခာများ၊ လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များ စုစုပေါင်း ငွေကျပ် သန်း ၁၀၆၀ ဖိုး ထောက်ပံ့ပေးအပ်နိုင်ခဲ့သည်။

### စာသင်ကျောင်း ၁၀၀ စီမံကိန်းများ

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း အထောက်အပံ့ဖြင့် ရခိုင်ပြည်နယ်တွင် BAJ အဖွဲ့မှ စာသင်ကျောင်း ၁၀၀၊ ရှမ်းပြည်နယ်တွင် စေတနာအဖွဲ့မှ စာသင်ကျောင်း ၁၀၀ ကို ပြည်နယ်တစ်ခုလျှင်၊ တစ်နှစ်လျှင် စာသင်ကျောင်း ၂၀ စီဖြင့် တည်ဆောက်ပေးလျက်ရှိရာ ယခုနှစ်အထိ စာသင်ကျောင်း ၁၀၀ စီ ဖြင့် စုစုပေါင်း စာသင်ကျောင်း ၂၀၀ အား တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

### ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ

နိုင်ငံတော်ဖွံ့ဖြိုးရေးတွင် အဓိကကျသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါး စိုက်ပျိုးမှုပပျောက်ရေးအတွက် ရှမ်းပြည်နယ် တောင်ပိုင်း နောင်တရားဒေသတွင် ဘိန်းစိုက်ပျိုးသည့် ကျေးရွာများအား စိုက်ပျိုးမှုပပျောက်စေရေးအတွက် အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် Pilot Project သုံးနှစ်စီမံကိန်းကို သက်ဆိုင်သည့် ဝန်ကြီးဌာနလေးခု ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် မြေပြင် ကွင်းဆင်းစစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို ယခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး ဒေသ၏လိုအပ်ချက်အပေါ် စီမံကိန်းရေးဆွဲ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လျာထားဆောင်ရွက်နိုင်ခဲ့သည်။

### ဝန်ကြီးဌာန ဖွဲ့စည်းပုံပြင်ဆင်ခြင်း

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံသည် ယခင်က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးသော ဖွံ့ဖြိုးရေးအထူးဒေသများအပေါ် အခြေခံ၍ ဖွဲ့စည်းထားခဲ့ရာမှ ယခုအခါ နယ်စပ်ဒေသတစ်ခုလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်ဖွဲ့စည်းပုံနှင့်အညီ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ၊ ခရိုင်ရုံး၊ မြို့နယ်ရုံးများဖြင့် အရာရှိ၊ ဝန်ထမ်းအင်အားများကိုပါ ပြင်ဆင်ရေးဆွဲ ဖွဲ့စည်းနိုင်ခဲ့သည်။

### ဒေသန္တရလမ်းတံတား ကော်မတီဖွဲ့စည်းမှု

ထို့အတူ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းသဘော သဘာဝတူညီသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းများမထပ်စေရန်နှင့် ကွက်ပြည့်အကောင်အထည်ဖော်နိုင်ရန်အတွက် ဒေသန္တရလမ်းတံတား ကော်မတီကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၆၃၈၆၀ အနက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ နယ်စပ်ဒေသရှိ ကျေးရွာပေါင်း ၁၁၀၆၉ ရွာ ကို လည်းကောင်း၊ ကျန်ကျေးရွာ ၅၂၇၉၁ ရွာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်းကောင်း ဖွံ့ဖြိုးမှုဆောင်ရွက်ပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အချပ်ပို(ဃ)သို့**



ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများ၌ ရေကန်များ တူးဖော်ထားရှိမှုအခြေအနေကို တွေ့မြင်ရစဉ်



နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများအား အိမ်တွင်းမှု (ဂျပ်ခုတ်) အတတ်ပညာရပ်များအား လေ့ကျင့်သင်ကြားပေးစဉ်




နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း၌ လက်တွေ့သင်ကြားယူနေစဉ်

အချုပ်ပို(၈)မှ

**ဝန်ထမ်းများအရည်အသွေးမြှင့်တင်ခြင်း**

ထို့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည် ဖော်ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အရည်အသွေးတိုးတက်မြင့်မားလာစေရေး၊ ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ပေးနိုင်ရေးရည်ရွယ်၍ ဝန်ကြီးဌာနမှ ဝန်ထမ်းများကို တည်ဆောက်ရေးလုပ်ငန်းများအား စနစ်တကျ ကြပ်မတ်စစ်ဆေးနိုင်ရန်အတွက် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ တစ်ကြိမ်လျှင် သင်တန်းသား ၃၀ ဖြင့် တစ်လသင်တန်း ငါးကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး စုစုပေါင်း သင်တန်းသား ၁၅၀ ကို အရည်အချင်းမြှင့်တင်ပေးနိုင်ခဲ့သည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများကို စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရေး၊ စိတ်ဓာတ်၊ စည်းကမ်းပိုမိုကောင်းမွန်စေရေးအတွက် British Council နှင့် Nippon Foundation အဖွဲ့အစည်းတို့နှင့် ပူးပေါင်း၍ ခေါင်းဆောင်မှုစွမ်းရည် တိုးတက်စေရေးသင်တန်းများ၊ အင်္ဂလိပ်စကားပြောကျွမ်းကျင်စေရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာစေရေး**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် သက်ဆိုင်ရာ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားများကို တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်စွာ အတူယှဉ်တွဲနေထိုင်ရင်းတစ်ဦး၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို တစ်ဦးက လေ့လာသိရှိဖလှယ်ခွင့်ရရှိစေရန်၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး ရရှိခဲ့သည့် အတွေ့အကြုံကောင်းများကို မိမိတို့ရပ်ရွာ ဒေသဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်စေရန်၊ မိမိတို့ တိုင်းရင်းသားအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် ပြည်ထောင်စုကြီးအတွင်း အေးအတူပူအမျှ မှီတင်းနေထိုင်လျက်ရှိကြသော တစ်အူထုံ့ဆင်းညီရင်းအစ်ကို မောင်နှမများဖြစ်ကြသည်ဆိုသော ကောင်းမွန်မှန်ကန်သည့် ခံယူချက်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ပလောင်နှင့် ဓနုတိုင်းရင်းသားများကို ဖိတ်ကြားခေါ်ယူပြီး နေပြည်တော်နှင့် ပတ်ဝန်းကျင် လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းစဉ်ကိုလည်း နှစ်စဉ် တိုင်းရင်းသားမျိုးစုံ ပါဝင်နိုင်အောင် အလှည့်ကျစနစ်ဖြင့် ခေါ်ယူဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

**ဒီဂရီကောလိပ်များ၌ သင်တန်းသူများစတင်လက်ခံ**

နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)နှင့်(စစ်ကိုင်း)တို့တွင် စတင်ဖွင့်လှစ်ချိန်မှ ယခင်နှစ်ပညာသင်နှစ်အထိ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားလူငယ်လေးများကိုသာ တစ်နှစ်လျှင် ၆၀၀ ခန့် ရွေးချယ်ခေါ်ယူသင်ကြားပေးခဲ့သည်။ သို့သော် ပြောင်းလဲလာသည့် ခေတ်စနစ် ပေါ်မူတည်ပြီး နိုင်ငံတော်အစိုးရ၏ ချမှတ်ထားသော မူဝါဒများနှင့်အညီ ကျား၊ မ မခွဲခြားဘဲ တန်းတူရည်တူ အခွင့်အရေးရရှိစေရန်အတွက် လည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ Pilot Project အနေဖြင့် ယခုစာသင်နှစ်မှ စတင်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)တွင် သင်တန်းသူ ၅၃ ဦးကို သင်ကြားလေ့ကျင့်ပေးလျက် ရှိပါသည်။ နောင်နှစ်များတွင်လည်း ဒီဂရီကောလိပ် နှစ်ခုစလုံးတွင် တိုင်းရင်းသူအမျိုးသမီးဦးရေ ယခုထက် ပိုမိုလက်ခံသင်ကြားပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

**အောင်ချက်မြင့်မားရေး**

နယ်စပ်ဒေသအသီးသီးတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၄ ကျောင်း ဖွင့်လှစ်ထားရှိပြီး တိုင်းရင်းသားလူငယ် ၆၃၀၀ ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိရာ ယခင်နှစ်များ ထက် တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ အောင်ချက်မြင့်မားစေရေးအတွက် ယခုစာသင်နှစ်မှစ၍ ပြင်ပမှ အတွေ့အကြုံမြင့်မားသော ဝါရင့် ဆရာကြီး၊ ဆရာမကြီးများကို ခေါ်ယူပြီး ဉာဏ်ပူဇော်ခချီးမြှင့်၍ အနီးကပ် သင်ကြားပို့ချပေးမှုများ ပြုလုပ်နိုင်ခဲ့သည်။

**အသက်မွေးဝမ်းကျောင်းပညာ**

အသက်မွေးဝမ်းကျောင်းပညာ (Vocational Training) သည် မိမိတို့ဝါသနာနှင့် ကိုက်ညီသော ပညာရပ်များကို သင်ယူခွင့်ရရှိအောင် စီမံဆောင်ရွက်ပေးခြင်းဖြစ်ပြီး ယင်းပညာရပ်ကိုလည်း ဒုတိယတန်းစား ပညာရပ်အဖြစ် သဘောမထားကြရန်၊ နိုင်ငံတော်အတွက် တက္ကသိုလ်ပညာရေးကဲ့သို့ပင် အသက်မွေးဝမ်းကျောင်း ပညာရေးကိုလည်း အထူးအလေးထားကြရန် လိုပေသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်ကို တန်ဖိုးထားသော နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုများ ရှိနေသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိနေကြောင်း တွေ့မြင်နိုင်ပေသည်။ ထို့ကြောင့် မိမိတို့နိုင်ငံ၌လည်း အသက်မွေးဝမ်းကျောင်းပညာရေးကို ပထမတန်းစား ပညာရေးအဖြစ် တန်ဖိုးထားလာသည်အထိ ကြိုးပမ်းမြှင့်တင်ဆောင်ရွက်သွားကြရန်လည်း လိုအပ်သည်။

**နယ်မြေဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်သွယ် သွားလာနိုင်စေရေး ရှေးဦးစွာ လမ်းများပေါက်သွားစေရမည်ဖြစ်ပြီး ထိုလမ်းများကို အသုံးပြုဆက်သွယ်သွားလာရင်း တွေ့ပါများတော့မြင်၊ မြင်ပါများတော့ ရင်းနှီးဆိုသည့် စကားနှင့်အညီ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲလာကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကား ပြန့်ပွားလာရေးပင်ဖြစ်**

အဆင့်မြင့်ပညာရပ်များ သင်ကြားရန်အခွင့်အရေး မရှိခဲ့ကြသည့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်စေရန် ရည်ရွယ်ပြီး နယ်စပ် ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းများကို ယခင် ခုနစ်ကျောင်းသာ ဖွင့်လှစ်ခဲ့ရာမှ ယခုနှစ်တွင် ကိုးကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ကွန်ပျူတာသင်တန်း၊ လျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်ဂဟေသင်တန်းစသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို တိုးချဲ့သင်ကြားပို့ချပေးလျက်ရှိပြီး တိုင်းရင်းသားများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားခွင့်မရခဲ့ကြသည့် တိုင်းရင်းသူ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး ရည်ရွယ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများကို ယခင် ၃၉ ကျောင်းရှိရာမှ ယခုအခါ ၄၃ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ အိမ်တွင်းမှုသင်တန်းကျောင်းများတွင် အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ရက်ကန်း၊ ဂျပ်ခုတ်သင်တန်း၊ ကနုကမာကျောက်စီသင်တန်း၊ ကြိမ်၊ ဝါးသင်တန်း၊ ဟင်းလျာသင်တန်းတို့ကို ၂၀၁၆ ခုနှစ်တွင် သင်တန်းသူ ၆၅၀၀ သင်ကြားလေ့ကျင့်ပေးခဲ့သည်။ ယခုနှစ်မှစ၍ တိုင်းရင်းသားရိုးရာလက်မှုပညာများကို ခေတ်မီဒီဇိုင်းများရေးဆွဲပြီး ရိုးရာဂျပ်ခုတ်နှင့် ရက်ကန်းအထည်အဆန်းများကို ပြန်လည်ဖော်ထုတ်ပြီး ဈေးကွက်ရောင်းတန်းဝင်အောင် တိုင်းရင်းသားရိုးရာအထည်ဆိုင်များနှင့် ချိတ်ဆက်၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးနေသည်သာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယခု တစ်နှစ်တာကာလအတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု စီမံကိန်း ငါးခု၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းသုံးခု၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း ကိုးခု စုစုပေါင်း စီမံကိန်း ၁၇ ခုကို တိုင်းဒေသကြီးနှင့် ပြည်နယ်၁၃ ခုတွင် ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ရေရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ မိသားစုများ ဝင်ငွေတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး စသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၅ သန်း ကူညီမှုဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် စာသင်ကျောင်း ၁၀ ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ကိုးခု၊ တံတားခြောက်စင်းနှင့် လမ်းလုပ်ငန်းများ စသည့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင် ခဲ့သည်။

**ဖက်ဒရယ်စနစ်ကိုအခြေခံသော ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေသကဲ့သို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကား ပြန့်ပွားရေးကိုလည်း အထူးအလေးထားဆောင်ရွက်ခဲ့သည်။ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ဖွံ့ဖြိုးတိုးတက်မှုမရှိလျှင်လည်း တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုကို ထိန်းသိမ်းရန်အလွန်ခက်ခဲသည်။ ထိုနှစ်ခုအား ဟန်ချက်ညီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် အထူးအရေးကြီးလှပါသည်။

နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် မိမိတို့တိုင်းရင်းသားအားလုံး မျှော်မှန်းထားရှိသည့် ထာဝရငြိမ်းချမ်းရေး ရရှိရေး ဖက်ဒရယ်စနစ်ကိုအခြေခံသော ဒီမိုကရေစီနိုင်ငံထူထောင်ရေး၊ လုပ်ငန်းစဉ်များအား များစွာအထောက်အကူပြုလျက်ရှိပေသည်။


ဤသည်တို့ကို အလေးအနက်ခံယူလျက် နယ်စပ်ရေးရာဝန်ကြီးဌာနသည် ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းရင်းသားသွေးချင်းများနှင့် အတူတကွ လက်တွဲပူးပေါင်း၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ပါသည်။



နိုင်ငံတကာအထောက်အပံ့ဖြင့် စာသင်ကျောင်းများ တည်ဆောက်ထားရှိမှုအား တွေ့ရစဉ်



သယံဇာတနှင့်
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း







# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ တစ်နှစ်တာ

● သိမ့်သိမ့်မိုး(မြန်မာ့အလင်း)








**ရာသီဥတုပြောင်းလဲမှု လျော့ပါးစေရေး၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးစသည့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာအကြီးအကဲများအား တွေ့ဆုံမေးမြန်းထားပါသည်။**

**ဦးအုန်းဝင်း**
**ပြည်ထောင်စုဝန်ကြီး**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**မေး ။ တစ်နှစ်တာကာလအတွင်း ထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပြောပြပေးစေချင်ပါတယ်ရှင့်။**

ဖြေ ။ ကျွန်တော်တို့ဝန်ကြီးဌာနမှာ ကဏ္ဍကြီးသုံးရပ် ရှိပါတယ်။ သစ်တောထိန်းသိမ်းရေး ကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍနဲ့ သတ္တုတူးဖော်ရောင်းချရေးဆိုပြီးတော့ ကဏ္ဍကြီးသုံးရပ်ရှိပါတယ်။ သစ်တောနဲ့ပတ်သက်လို့ ထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုကတော့ တစ်နိုင်ငံလုံးကျွန်းနဲ့ သစ်မာထုတ်လုပ်မှုကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ရပ်နားထားခဲ့ပါတယ်။ ဒါဟာလည်းပဲ သစ်တောတွေ ကာကွယ်ထိန်းသိမ်းနိုင်ဖို့အတွက် ဖြစ်ပါတယ်။

## ခုတ်လှဲခွင့်အရေအတွက် လျှော့

ကျွန်းနဲ့ အင်မတန်အဖိုးတန်တဲ့ သစ်တွေပေါက်ရောက်တဲ့ ပဲခူးရိုးမကြီးကိုလည်း သစ်ထုတ်လုပ်မှု ၁၀ နှစ် ရပ်နားထားပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစလို့ ပြည်တွင်းသစ် လိုအပ်ချက်ပေါ်မူတည်ပြီး ACC လို့ခေါ်တဲ့ သတ်မှတ်နှစ်စဉ်ခုတ်လှဲခွင့် အရေအတွက်ထက် လျှော့ခုတ်ဖို့ ရည်ရွယ်ထားပါတယ်။ အဲဒီလို လျှော့ခုတ်ခြင်းအားဖြင့် သစ်တောသစ်ပင်ကို ထိန်းသိမ်းရာလည်း ရောက်ပါတယ်။

မြန်မာ့သစ်လုပ်ငန်းဌာနက အရင်တုန်းက လက်ခွဲ ကန်ထရိုက်စနစ်နဲ့ သစ်ထုတ်ပါတယ်။ အခုအခါမှာတော့ ကုမ္ပဏီတွေကို ထုတ်လုပ်ခွင့်မပြုတော့ဘဲ မြန်မာ့သစ်လုပ်ငန်းကသာ တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ပြည်ပပို့ခွင့်ကို လုံးဝတားမြစ်

နောက်ထပ်ပြုပြင်ပြောင်းလဲမှုကတော့ သစ်တွေကို၊ သစ်လုံး၊ သစ်ခွဲသားတွေကို ရောင်းချတဲ့နေရာမှာ ပြည်ပပို့ခွင့်ကို လုံးဝတားမြစ်ထားပါတယ်။ ဖမ်းဆီးရမိတဲ့ သစ်တွေကိုလည်း ပြည်ပပို့ခြင်း လုံးဝပိတ်ပင်ထားပါတယ်။ ဒါဟာ ကိုယ့်ပြည်တွင်း မှာ ဖောဖောသီသီ သုံးစွဲနိုင်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မြန်မာ့သစ် လုပ်ငန်းမှာ ရောင်းဝယ်ရေးနဲ့ပတ်သက်ပြီးတော့ ဟိုအရင်တုန်းကတော့ ပုံစံအမျိုးမျိုးရှိပါတယ်။

၂၀၁၆-၂၀၁၇ ခုနှစ်ကစပြီး ပုံစံတစ်မျိုး ပြောင်းထားတာကတော့ မြန်မာ့သစ်လုပ်ငန်းလည်း အကျိုးရှိဖို့၊ ရောင်းသူဝယ်သူတွေလည်း ပွင့်လင်းမြင်သာမှုရှိဖို့၊ ပြည်တွင်း ပြည်ပဝယ်ယူသူတွေနဲ့ တကယ်သုံးစွဲသူတွေလည်း ထိရောက်စွာအကျိုးရှိဖို့အတွက် လွတ်လွတ်လပ်လပ်ဝယ်ယူနိုင်ဖို့အတွက် သစ်တွေကို အိတ်ဖွင့်တင်ဒါစနစ်နဲ့ ရောင်းချတာကို ပြုလုပ်ခဲ့ပါတယ်။ ထိုနည်းတူ သစ်တွေကို ခုတ်တဲ့နေရာမှာ ချိန်းဆောလို့ခေါ်တဲ့ လက်ကိုင်စက်လွှတွေ အင်မတန်ကိုပေါများနေပါတယ်။ ဒါကြောင့်မို့ အခုအခါမှာ လက်ကိုင်စက်လွှတွေကို ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ ကန့်သတ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ မြန်မာနိုင်ငံမှာ သစ်တောပြုန်းတီးမှုဟာ ဘယ်လောက် အတိုင်းအတာ ရှိနေပါသလဲ။ သစ်တောပြုန်းတီးမှု လျော့ပါးစေရေးအတွက် ဆောင်ရွက်ထားရှိမှုတွေကိုလည်း သိချင်ပါတယ်။**

**အချပ်ပို (၈) သို့**



ဒီရေတော

**အချပ်ပို(င)မှ**

ဖြေ ။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ တိုင်းတာချက်အရ မြန်မာတစ်ပြည်လုံးရဲ့သစ်တော ဧရိယာဖုံးလွှမ်းမှုဟာ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းပဲရှိတယ်လို့ သိရပါတယ်။ ဒါကြောင့်မို့ အကြောင်းအားလျော်စွာ ကုန်ခန်းသွားတဲ့ နေရာတွေ၊ ကွက်လပ်တွေကို ပြန်လည်ပြီး စိုက်ပျိုးဖို့ ၂၀၁၇-၂၀၁၈ ခုနှစ်ကနေ ၂၀၂၆-၂၀၂၇ ခုနှစ်ထိ ၁၀နှစ် စီမံကိန်းချပြီးတော့ ဆောင်ရွက်ထားပါတယ်။ ဒါဟာလည်း သစ်တောကဏ္ဍအတွက် အင်မတန်ထင်ရှားတဲ့ ပြောင်းလဲမှုကြီးဖြစ်ပါတယ်။

**မေး ။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေဖို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်း ပြောပြပေးပါ။**

ဖြေ ။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဝန်ကြီးဌာနအောက်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရှိပါတယ်။ အဲဒီဌာနက ပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့ ပတ်သက်ပြီး အဓိကဆောင်ရွက်နေတဲ့ဌာနကြီးတစ်ခုဖြစ်ပါတယ်။ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အဓိကမဏ္ဍိုင်ကြီးသုံးရပ်ရှိပါတယ်။ လူမှုရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးမဏ္ဍိုင်ဆိုပြီးရှိပါတယ်။ ဒီမဏ္ဍိုင်ကြီး သုံးရပ်ထဲမှာ အဓိကကျတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးမဏ္ဍိုင်ဟာ အင်မတန်အရေးကြီးပါတယ်။

**အမျိုးသားပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒ**

ကျွန်တော်တို့မြန်မာနိုင်ငံမှာ စက်မှုလုပ်ငန်းတွေ ထွန်းကားလာတယ်။ မြို့ပြတွေချဲ့ထွင်လာတယ်၊ စီးပွားရေးလုပ်ငန်းတွေချဲ့ထွင်လာပြီး လူဦးရေလည်း တိုးပွားလာပါ တယ်။ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုလည်း များပြားလာပါတယ်။ ဒါကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းဖို့ အလွန်အရေးကြီးပါတယ်။ ပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများပြားလာတာတွေကို ၁၉၉၄ ခုနှစ်မှာ အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒဆိုပြီး ရေးဆွဲပါတယ်။

ဒီမူဝါဒဟာ အခုရှိတဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနဲ့ လိုက်လျောညီထွေဖြစ်အောင် ပြန်လည်ပြင်ဆင်ပြီး အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒကို အချောသတ်ရေးဆွဲလျက်ရှိပါတယ်။ ဒီလိုရေးဆွဲရခြင်းရဲ့အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူအားလုံးဟာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျန်းမာပျော်ရွှင်ဖို့အတွက် သန့်ရှင်းတဲ့ ပတ်ဝန်းကျင်နဲ့ ခိုင်မြဲတဲ့ ဂေဟစနစ်ကို ပိုင်ဆိုင်ဖို့ဖြစ်ပါတယ်။ ဒါမှသာ လူသားအပါအဝင်အားလုံးသော သတ္တဝါများဟာ အရှည်တည်တံ့ဖွံ့ဖြိုးရပ်တည်နိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာမှာ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွေ ဖြစ်နေပါတယ်။ အဲဒီဖောက်ပြန်ပြောင်းလဲမှုက လူတွေအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့၊ ရာသီဥတုဒဏ်လည်း လျှော့ပေါ့နိုင်ဖို့ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်တွေကို အပြီးသတ်မူကြမ်းရေးဆွဲခဲ့ပြီးပါပြီ။ သို့သော်လည်း အဲဒီကဆက်ပြီး လမ်းညွှန်မူဝါဒအဖြစ် မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒကိုလည်း ဆက်လက်ရေးဆွဲလျက်ရှိပါတယ်။

**ရာသီဥတုပြောင်းလဲမှုဒဏ်**

ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်မယ့် စီးပွားရေးလုပ်ငန်းတွေ၊ နောက်တစ်ခါ ပတ်ဝန်းကျင် ညစ်ညမ်းမှုကိုမဖြစ်စေဘဲ ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေလုပ်ဖို့အတွက် အမျိုးသားအဆင့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာမူဘောင်ရေးဆွဲနေပါတယ်။ မဟာဗျူဟာအပြီးသတ်ရေးဆွဲနိုင်ဖို့အတွက်လည်း ပြည်တွင်းပြည်ပပညာရှင်တွေ ပူးပေါင်းပြီးတော့ရေးဆွဲလျက်ရှိပါတယ်။ ဒါဟာ အင်မတန်အရေးကြီးတဲ့လုပ်ငန်းကြီးတစ်ရပ်ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒနဲ့ မဟာဗျူဟာ မူဘောင်တွေကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ဖို့ ဗဟိုအဆင့်အဖွဲ့အစည်းရှိပါတယ်။ ဒါက ဒုတိယသမ္မတ(၁) နာယကအဖြစ် ဦးဆောင်ပြီးတော့ ဗဟိုကော်မတီနဲ့ သက်ဆိုင်ရာကဏ္ဍအသီးသီးမှာလည်း အမြဲတမ်းအတွင်းဝန် ခြောက်ဦးကို မိမိတို့ရဲ့ကဏ္ဍအလျောက်ဦးဆောင်တဲ့ လုပ်ငန်းကော်မတီဖွဲ့စည်းထားပါတယ်။ ဒ့ါအပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အထိကြီးကြပ်မှုကော်မတီနဲ့ လုပ်ငန်းအဖွဲ့အစည်းတွေကို တိုးမြှင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အောက်ခြေအထိ ထိရောက်အောင် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။


ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုတဲ့ နေရာမှာ ကဏ္ဍအားလုံးဟာ ဆက်စပ်ပြီးပါဝင်နေပါတယ်။ ဒါကြောင့်မို့ ဆက်စပ်နေတဲ့ ဝန်ကြီးဌာနတွေရှိပါ တယ်။ ဝန်ကြီးဌာနတွေ၊ ပုဂ္ဂလိကတွေ၊ CSO တွေ၊ ပညာရှင်တွေ ပါဝင်ပတ်သက်သူတွေရှိပါတယ်။ ဒါတွေအားလုံးစုစုရုံးရုံးနဲ့ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်မှသာလျှင် ဒီလုပ်ငန်းကြီးအောင်မြင်မှာဖြစ်ပါတယ်။

**မေး ။ မြန်မာ့သတ္တုတွင်းဥပဒေအား ပြင်ဆင်တဲ့ ဥပဒေကို ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းပြီးပြီလို့ သိရပါတယ်။ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ ဆက်လက်အတည်ပြုထုတ်ပြန်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို သိချင်ပါတယ် ။**

**အဖိုးတန်သတ္တုများ**

ဖြေ ။ သတ္တုကဏ္ဍဟာ မြန်မာပြည်မှာ အလွန်အရေးကြီးတဲ့ကဏ္ဍဖြစ်ပါတယ်။ ကမ္ဘာမှာ အင်မတန်ရှားပါးပြီးတော့ မရှိတဲ့ အဖိုးတန်သတ္တုတွေ ကျွန်တော်တို့ တိုင်းပြည်မှာ အများကြီးတွေရှိရပါတယ်။ ဒီသတ္တုတွေ တူးဖော်တဲ့နေရာမှာ စည်းကမ်းတကျရှိစေဖို့အတွက် ဥပဒေတွေ ရှေးကတည်းက ရေးဆွဲထားပါတယ်။ အခု ခေတ်စနစ်နဲ့အညီ ဥပဒေတွေကို ပြန်လည်ရေးဆွဲတာရှိပါတယ်။ အဲဒီလိုပြန်လည်ပြင်ဆင်ရေးဆွဲတဲ့ ဥပဒေကို၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့မှာ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါတယ်။

ဒီဥပဒေကို အကောင်အထည်ဖော်ဖို့အတွက်




သယံဇာတ စာရင်းကောက်ယူနေစဉ်

နည်းဥပဒေကို ကျွမ်းကျင်တဲ့ ဥပဒေပညာရှင်တွေနဲ့ တိုင်ပင်ပြီး ရေးဆွဲခဲ့ပါတယ်။ ဒီနည်းဥပဒေကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ပေးပို့ထားပါတယ်။ ရှေ့နေချုပ်ရုံးက စိစစ်ပြီးရင် နိုင်ငံတော်အစိုးရအဖွဲ့ရုံးကို တင်ပြပြီးတော့ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မကြာခင် ကုန်ခန်း**

**မေး ။ မြန်မာနိုင်ငံသတ္တုသယံဇာတကဏ္ဍ တိုးတက်မြင့်မားရေးအတွက် သတ္တုတူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု (EITI)ဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ တွင်းထွက်သယံဇာတတွေကို ထုတ်ယူသုံးစွဲတဲ့နေရာမှာ ပွင့်လင်းမြင်သာမှုရှိဖို့ အလွန်အရေးကြီးပါတယ်။ ဒီနေရာမှာ ပွင့်လင်းမြင်သာမှုမရှိရင်လည်း တွင်းထွက်သယံဇာတတွေဟာ မကြာမီကုန်ခန်းသွားမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ EITI ကဏ္ဍ ကို ၂၀၁၂ ခုနှစ်က စတင်ပြီးတော့ ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံဟာ အဖွဲ့ဝင်လောင်းနိုင်ငံ (Candidate Country) ဖြစ်ခဲ့ပါတယ်။ အဲဒီလိုဖြစ်လာတဲ့အခါမှာ ပထမဦးဆုံးအစီရင်ခံစာကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ နိုင်ငံတကာ EITI Board ကို တင်ပြနိုင်ခဲ့ပါတယ်။

အဲဒီမှာတင်ပြပြီးတော့ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ အစိုးရအဖွဲ့ရယ်၊ ပုဂ္ဂလိကရယ်၊ အရပ်ဘက်အဖွဲ့အစည်းတွေရယ် သုံးပွင့်ဆိုင် ညွှန့်ပေါင်း အဖွဲ့ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ထိုနည်းတူ EITI လုပ်ငန်းတွေကို ပိုမိုလျင်မြန်ဖို့အတွက် လုပ်ငန်းဖော်ဆောင်မှုကော်မတီအဖွဲ့ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၈ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ EITI ရဲ့ ဒုတိယအကြိမ်အစီရင်ခံစာကို ၂၀၁၈ခုနှစ် မတ်လမှာ နိုင်ငံတကာ EITI Board ကို တင်ပြနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**သုံးပြီးရင်ကုန်**

**မေး ။ သစ်တောကဏ္ဍနဲ့သတ္တုကဏ္ဍရဲ့ အဓိကခြားနားမှုနဲ့ ဓာတ်သတ္တုနဲ့ ကျောက်မျက်ရတနာတွေကို ရေရှည်အကျိုးခံစားခွင့်ရရှိစေဖို့အတွက် စီမံဆောင်ရွက်ထားမှုတွေကို ပြောပြပေးပါဦးရှင့်။**

ဖြေ ။ သစ်တောကဏ္ဍနဲ့ သတ္တုကဏ္ဍရဲ့အဓိကခြားနားမှုကို တင်ပြရရင် သစ်တော သစ်ပင်ဆိုတာ ပြန်လည်သုံးစွဲလို့ရပါတယ်။ Renewable Energy လို့ခေါ်ပါတယ်။ သတ္တုကျတော့ Non Renewable Resources ဖြစ်နေပါတယ်။ ပြန်လည်ဖွံ့ဖြိုးမှု မရှိပါဘူး။ သုံးပြီးရင်ကုန်ပါတယ်။ ဒါကြောင့်မို့ သတ္တုကို ရေရှည်သုံးနိုင်ဖို့အတွက် ပစ္စုပ္ပန်ရော အနာဂတ်မှာ ရောက်ရှိလာမယ့် မျိုးဆက်သစ်တွေအတွက် အရန်သတ္တုသိုက်တွေ ချန်ထားဖို့အတွက် စီစဉ်ပြီးဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ ကျောက်မီးသွေးနဲ့ပတ်သက်ပြီး ဧကပေါင်း ၁၁၆၀၀၀၀ ကျော် ချန်ထားပါတယ်။ ထို့အတူ ဂရက်ဖိုက်ကိုလည်း မန္တလေးတိုင်းဒေသကြီးမှာ ဧကပေါင်း ၁၁၀၀၀ ကျော် ချန်ထားပါတယ်။ သံသတ္တုသိုက်ကိုလည်း ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကသိုဏ်းဘုရားတောင်ဒေသမှာ ဧကပေါင်း ၁၁၇၀၀၀ ကျော်ကို အရန်သတ္တုသိုက်တွေအဖြစ် ချန်ထားခဲ့မှာဖြစ်ပါတယ်။

သတ္တုတွေတူးဖော်တဲ့နေရာမှာ ၂၀၁၆-၂၀၁၇ အစိုးရသစ်လက်ထက်ကစပြီးတော့ EMP လို့ခေါ်တဲ့ Environmental Management Plan ကိုရေးဆွဲထားပါတယ်။ ရေးဆွဲပြီးအတည်ပြုပြီးကာမှ ဆက်လက်သတ္တုတူးဖော်ခွင့်ပေးတာဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ရင် တူးဖော်ခွင့်ကို ရပ်ထားပါတယ်။ တူးဖော်တာကိုလည်း အကန့်အသတ်နဲ့ ခိုင်းနေပါတယ်။ ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်နေ့ကစပြီးတော့ အကန့်အသတ်နဲ့ တူးဖော်ဖို့ဆုံးဖြတ်ပြီးတော့ ၂၀၁၆ခုနှစ် ဧပြီလ ၁ ရက်နေ့ကစပြီးတော့ လုံးဝနောက်ထပ် သတ္တုကွက်အသစ်ပေးခြင်းမလုပ်ဖို့ တားမြစ်ထားပါတယ်။ ဒါဟာလည်း အနာဂတ်မှာရှိမယ့် ပြည်သူပြည်သားတွေအတွက် ဖြစ်ပါတယ်။

**မေး ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာစေရေးအတွက် ရှေ့ဆက်ဆောင်ရွက်မယ့်အစီအစဉ်တွေ ရှိပါသလားရှင့်။**

ဖြေ ။ သစ်တောကဏ္ဍနဲ့ပတ်သက်လို့ ၂၀၁၅ ခုနှစ်မှာ FAO က သစ်တော သယံဇာတတွေ သုံးသပ်အကဲဖြတ်တဲ့ အစီရင်ခံစာ ထွက်လာပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ သစ်တောသယံဇာတ တတိယအပျက်အစီးဆုံးနိုင်ငံလို့ သုံးသပ်ထားတာ တွေ့ရပါတယ်။ ဒါကြောင့် သစ်တောတွေကိုပြန်လည်ထူထောင်ဖို့အတွက် သစ်တောစိုက်ခင်းများ စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ ဒီအတိုင်းကျန်ရှိတဲ့ သဘာဝသစ်တောတွေ အကြောင်းအမျိုးမျိုးကြောင့်ပျက်စီးတာကိုလည်း ထိန်းသိမ်းဖို့ ဘတ်ဂျက်တွေချပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**အချပ်ပို(ဆ)သို့**

အချပ်ပို(စ)မှ



ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောနေစဉ်

### နိုင်ငံခြားကနေ တင်သွင်း

နောက်တစ်ခုက သစ်တောတွေကို သစ်ခုတ်မှု ယာယီ တစ်နှစ်ပိတ်ခြင်းအားဖြင့် သစ်ကုန်ကြမ်းအခက်အခဲတွေရှိနိုင်မယ်လို့ ဝေဖန်ကြပါတယ်။ အဲဒီလို မဖြစ်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်တဲ့ သစ်ကုန်ကြမ်းတွေကို နိုင်ငံခြားကနေ သွင်းနိုင်ပါတယ်။ အဲဒီလိုသွင်းနိုင်အောင်လည်း အကောက်ခွန်ဌာနနဲ့ ကုန်သွယ်ခွန်တွေကိုလည်း ညှိနှိုင်းဆောင်ရွက်ပြီးတော့အခွန်တွေကို ဆက်လက်လျှော့ချပေးဖို့အတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

သစ်တောသယံဇာတပေါများတဲ့အတွက် အရင်ကတည်းက သစ်လုံးတွေ ရောင်းချခဲ့ပါတယ်။ သစ်လုံးရောင်းချတာတွေက ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့ကတည်းက ပိတ်ထားပါတယ်။ သို့သော်လည်း အစိုးရသစ်လက်ထက်မှာ သစ်လုံးတင်မဟုတ်ဘဲ ခွဲသားတွေကို တင်ပို့တဲ့နေရာမှာ အကန့်အသတ်နဲ့ တင်ပို့ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါမှသာလျှင် တန်ဖိုးမြင့် အချောထည်တွေကို များများထုတ်လုပ်နိုင်ပြီးတော့ ရောင်းချသူတွေအတွက် ပိုမိုစီးပွားဖြစ်ပြီး နိုင်ငံအတွက်လည်း ပိုမိုအကျိုးရှိစေမှာဖြစ်ပါတယ်။

သစ်တောထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး အင်မတန်အရေးကြီးတဲ့အတွက်ကြောင့် ၁၀ နှစ် စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကနေ ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်တွေမှာ ကျွန်တော်တို့ဌာန တစ်ခုတည်း ဆောင်ရွက်လို့ မရပါဘူး။ ကဏ္ဍအားလုံးနဲ့ ဆက်စပ်နေတဲ့ ဝန်ကြီးဌာနတွေ၊ ပုဂ္ဂလိက အဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ ပြည်သူပြည်သားတွေ၊ ပညာရှင်တွေ အကုန်လုံးပူးပေါင်းပြီး ဆောင်ရွက်မှသာလျှင် အောင်မြင်မှာဖြစ်ပါတယ်။ ကျောက်မျက်နဲ့ သတ္တုကဏ္ဍမှာ သားစဉ်မြေးဆက် ရေရှည်သုံးစွဲနိုင်ရေးအတွက်လည်း အကန့်အသတ်နဲ့ တူးဖော်ထုတ်လုပ်နိုင်ရေးကို ဦးတည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒေါက်တာညီညီကျော်**
**ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန**

**မေး ။ တစ်နှစ်တာကာလအတွင်း အဓိကပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုကို ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကစပြီး ခရိုင်အလိုက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း ၆၈ ခရိုင်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။ အဲဒီစီမံကိန်းအရ သစ်တောထိန်းသိမ်းခြင်းနဲ့ စိုက်ခင်းတည်ထောင်ခြင်း အပါအဝင် သစ်တောလုပ်ငန်း ၁၄ မျိုးကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သစ်ထုတ်လုပ်မှုကို ရပ်နားထားပြီး ရှိနေတဲ့ သဘာဝတောတွေရဲ့အခြေအနေကို ပြန်လည်ဆန်းစစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကစလို့ မြန်မာ့သစ်တောများ ပြန်လည် တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်ကနေ ၂၀၂၆-၂၀၂၇ ခုနှစ်ထိ ၁၀ နှစ်တာ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကို ၁၀နှစ်တာကာလ ရေးဆွဲခဲ့ပြီး သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ ပျက်စီးဆုံးရှုံးသွားတဲ့ သဘာဝတရားတွေကို ပြန်လည်ထိန်းသိမ်းခြင်း စတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### နည်းပညာအကူအညီ

**မေး ။ သစ်တောဦးစီးဌာနရဲ့ကဏ္ဍအလိုက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုတွေကိုလည်း သိပါရစေ။**

ဖြေ ။ တစ်နိုင်ငံလုံးမှာရှိတဲ့ သစ်တောတွေရဲ့အခြေအနေကို ပြန်လည်ဆန်းစစ်ခြင်းနဲ့ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်ဖို့အတွက် ဖင်လန်နိုင်ငံအစိုးရရဲ့ ငွေကြေးထောက်ပံ့မှု၊ FAO ရဲ့ နည်းပညာအကူအညီနဲ့ စီမံကိန်းတစ်ရပ်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အဲဒါကတော့ ရှေ့ပြေးစီမံကိန်းတစ်ရပ်အနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရှစ်ခုမှာရှိတဲ့ Pilot Sites ရှစ်နေရာရွေးချယ်ပြီးတော့ သစ်တောသယံဇာတစာရင်းကောက်ခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။

နောက်တစ်ခုကတော့ တစ်နိုင်ငံလုံးမှာ တရားမဝင်သစ်ခိုးထုတ်မှုတွေ လတ်တလောမှာ နေရာအနှံ့အပြားဖြစ်နေတဲ့အတွက် နိုင်ငံ့သယံဇာတတစ်ခုဖြစ်တဲ့ သစ်တောထွက်ပစ္စည်းတွေကို တရားမဝင်ခုတ်လှဲ ခိုးယူမှုမရှိစေရေး အရှိန်အဟုန်မြှင့်တားဆီးကာကွယ်လျက်ရှိပါတယ်။ တရားမဝင် သစ်ဖမ်းဆီးမှုအနေနဲ့ အခုအစိုးရလက်ထက်မှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ကျွန်း၊ သစ်မာနဲ့ အခြားသစ်တန် ၄၄၄၀၇ တန်ကို ဖမ်းဆီးရမိခဲ့ပါတယ်။

### တရားမဝင် သစ်ခိုးထုတ်မှု

ဒါဟာလည်း သစ်တောဌာနတစ်ခုတည်းကမဟုတ်ဘဲ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဆက်စပ်တဲ့ ဌာနတွေ ပူးပေါင်းပါဝင်မှုနဲ့ ဒေသခံပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှုကြောင့် အခုလို ဖမ်းဆီးရမိခဲ့တာ ဖြစ်ပါတယ်။ အခုလိုမျိုး တရားမဝင်သစ်ခိုးထုတ်မှုတွေမရှိအောင် ကင်းလှည့်ထိန်းသိမ်းခြင်း၊ ပညာပေးစည်းရုံးခြင်း၊ တရားမဝင်သစ်တွေကို တရားဝင်ကုန်သွယ်ခွင့်ရအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဥရောပသမဂ္ဂအဖွဲ့အစည်းနဲ့ ပူးပေါင်းပြီးတော့ သစ်တော ဥပဒေ စိုးမိုးသက်ရောက်စေခြင်း၊ ကုန်သွယ်ခြင်းကို အထောက်အကူပြုဖို့အတွက် FLEGT လုပ်ငန်းတွေကို ဥရောပသမဂ္ဂအကူအညီနဲ့အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဒီလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုရင် မြန်မာနိုင်ငံက ထုတ်လုပ်တဲ့ သစ်တောတွေကို ဥရောပသမဂ္ဂနိုင်ငံတွေကို တရားဝင်ရောင်းချနိုင်မှာ ဖြစ်ပါတယ်။



၂၀၁၆ ခုနှစ် (မိုးရာသီ)တွင် ကွက်လပ်ဖြည့် တမာပျိုးပင်များ စိုက်ပျိုးနေစဉ်

နောက်တစ်ခုကတော့ ဒီရေတောတွေထိန်းသိမ်းတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ဒီရေတောတွေဟာ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့မှာ ပျံ့နှံ့စွာပေါက်ရောက်ပါတယ်။ ဒီရေတောဟာ သဘာဝဂေဟစနစ်တွေဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေလို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အင်မတန်အထောက်အကူပြုပါတယ်။ ဒါကြောင့် ဒီရေတောတွေ ထိန်းသိမ်းရေးလုပ်ငန်းအတွက်လည်း နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတတွေ စီမံအုပ်ချုပ်တဲ့ ဗဟိုကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်နေတာရှိပါတယ်။ နိုင်ငံအဆင့် မဟာဗျူဟာနဲ့ လုပ်ငန်းစီမံချက်ကိုလည်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။

### ဇီဝအဝန်းနယ်မြေ

ကျွန်တော်တို့နိုင်ငံဟာ ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် သဘာဝအလျောက်ရှိနေတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကို ထိန်းသိမ်းနိုင်ဖို့အတွက် တစ်နိုင်ငံလုံးမှာ သဘာဝထိန်းသိမ်းရေးနယ်မြေတွေ တည်ထောင်ပြီးတော့ ထိန်းသိမ်းလျက်ရှိပါတယ်။ လက်ရှိအချိန်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၀ ကိုတည်ထောင်ပြီးဖြစ်ပါတယ်။ ဒီထဲမှာ MAB လို့ခေါ်တဲ့ ယူနက်စကိုရဲ့ လူသားနဲ့ဇီဝအဝန်းနယ်မြေအဖြစ် အင်လေးကန်ကြီးကို ၂၀၁၅ ခုနှစ်က သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ နောက်ပြီး အင်းတော်ကြီးကန်ဒေသကို ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်နိုင်ရေးကို ၂၀၁၆ ခုနှစ်က အဆိုပြုနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကမ္ဘာ့အမွေအနှစ် ဧရိယာတစ်ခုအဖြစ် သတ်မှတ်နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့မြောက်ဖျားဒေသဖြစ်တဲ့ ခါကာဘိုရာဇီ ဒေသကိုလည်း ကမ္ဘာ့သဘာဝ အမွေအနှစ်ဒေသအဖြစ် တင်သွင်းနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ရေဝပ်ဒေသတွေထိန်းသိမ်းဖို့အတွက်လည်း ရမ်ဆာလို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံမှာ ရမ်ဆာ site လို့ခေါ်တဲ့ ရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေ သုံးခုကို သတ်မှတ်နိုင်ပြီဖြစ်ပါတယ်။ ၂၀၁၅ခုနှစ်မှာ မိုးယွန်းကြီးတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၊ ၂၀၁၆ခုနှစ်မှာ အင်းတော်ကြီးကန်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၊ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်က မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောတို့ကို သတ်မှတ်နိုင်ခဲ့ပါတယ်။

သစ်တောတွေကို မှီခိုလုပ်ကိုင်စားသောက်နေကြတဲ့ ဒေသခံပြည်သူတွေအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကတော့ သစ်တောနယ်မြေအတွင်းမှာ ဒေသခံတွေအနေနဲ့ သစ်တောဦးစီးဌာနနဲ့ပူးပေါင်းပြီး သစ်တောစိုက်ခင်းတည်ထောင်တာ၊ သဘာဝတောတွေ ထိန်းသိမ်းခြင်းလုပ်ငန်းကို သူတို့ကိုယ်တိုင်ပူးပေါင်းပြီးတော့ ရရှိလာတဲ့ သစ်နဲ့ သစ်တောထွက်ပစ္စည်းတွေကို ထုတ်လုပ်ရောင်းချခြင်းဖြင့် အကျိုးကျေးဇူးတွေရရှိမှာ ဖြစ်ပါတယ်။

ဒေသခံပြည်သူတွေအနေနဲ့ သစ်တောလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တစ်နိုင်တစ်ပိုင် အဆင့်ကနေ စီးပွားဖြစ်အဆင့်ထိ ခွင့်ပြုဆောင်ရွက်စေခဲ့တဲ့ အတွက် ဝင်ငွေ၊ အလုပ်အကိုင်တွေရရှိပြီး တစ်ဖက်မှာလည်း သစ်တောထိန်းသိမ်းရေး လုပ်ငန်းတွေဆောင်ရွက်လာနိုင်ခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကိုလည်း အထောက်အကူပြုစေမှာဖြစ်ပါ တယ်။

**ဒေါက်တာရဲမြင့်ဆွေ၊ ညွှန်ကြားရေးမှူးချုပ်**
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**

**မေး ။ ဓာတ်သတ္တုနဲ့ ကျောက်မျက်ရတနာ တူးဖော်မှုလုပ်ငန်းတွေကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့ချနိုင်စေရေးဆောင်ရွက်ထားရှိမှုတွေကို သိပါရစေ။**

ဖြေ ။ သတ္တုတူးဖော်နေတဲ့ လုပ်ကွက်တွေကို သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)ရေးဆွဲစေပြီး EMP အတိုင်း လိုက်နာဆောင်ရွက်စေလျက်ရှိပါတယ်။ ပြန်လည်အပ်နှံတဲ့ လုပ်ကွက်တွေမှာလည်း တူးဖော်ပြီး လွန်တွင်းများ၊ ကလိုင်များ၊ တူးဖော်မှုလုပ်ငန်းပေးထားခြင်း ရှိ မရှိ ကွင်းဆင်း စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

### အခြေခံအချက်တွေ

ရတနာနယ်မြေအသီးသီးမှာ ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲရေးအတွက် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါတယ်။ ဖားကန့် ရတနာနယ်မြေအတွက် EMP ရေးဆွဲဖို့ တင်ဒါခေါ်ယူခဲ့ရာမှာ တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီက ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိမှု၊ နိုင်ငံတကာ၊ အစိုးရနဲ့ပြည်သူတွေရဲ့ လက်ခံနိုင်စေမှုစတဲ့ အခြေခံအချက်တွေအရ ကုမ္ပဏီတစ်ခုကို ရွေးချယ်ခဲ့ပါတယ်။ အခုအခါမှာ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေအတွက် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် EMP ရေးဆွဲခြင်းအတွက် ပြည်ပကုမ္ပဏီဖြစ်တဲ့ Valentis and Coffey ကုမ္ပဏီက ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ ရတနာနယ်မြေတွေမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ လုံးခင်း၊ ဖားကန့်ရတနာမြေမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဥရုချောင်းနဲ့ ချောင်းလက်တက်ရှင်းလင်းရေးလုပ်ငန်းတွေကို ၂၀၁၆ခုနှစ် ဧပြီလ ၁ ရက် ကနေ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ အပိုင်းလိုက်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ကစပြီး မေလ ၁၅ ရက်ထိ အပိုင်းလိုက်ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။

### လေ့ကားထစ်ပုံဖော် စွန့်ပစ်

မိုးညှင်းရတနာနယ်မြေမှာက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် လုပ်ကွက်များမှ မြေစာစွန့်ပစ်မှုကို လေ့ကားထစ်ပုံဖော် စွန့်ပစ်စေလျက်ရှိပါတယ်။ ခန္တီးရတနာနယ်မြေမှာ ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုကြောင့် လျှိုချောင်းလက်တက်နဲ့ ချောင်းများအတွင်း မုံကနယ်များ ကျရောက်မှုမရှိစေဖို့အတွက် နုန်းစစ်ကန်၊ မုံစစ်ကန်၊ ရေကြည်ကန်များ တည်ဆောက်ထားရှိပြီး မကျွန်ခချောင်းနဲ့ နန်စီဘွန်ချောင်းအတွင်း မုံကနယ်ကျရောက်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားပါတယ်။

ရတနာနယ်မြေတွေမှာရှိတဲ့ စုပေါင်းမြေစာပုံတွေမှာ သစ်ဝါးမျိုးစုံအပင် ၂၈၅၃၈၀ စိုက်ပျိုးထားပြီး မြေပြိုမှု၊ မြေလျှောကျမှုများကာကွယ်ဖို့အတွက် ၂၀၁၇ ခုနှစ်မိုးရာသီမှာ မြေထိန်းမြက်ရှည်များ စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး

အချပ်ပို(ဇ)သို့

**အချပ်ပို(ဆ)မှ**

Vetiver Grass ပင် ၅၄၀၀၀ ကျော်ပျိုးထောင်ထားရှိပြီးဖြစ်ပါတယ်။

**ရွှေရောင်ပုလဲ**

**မေး ။ ကမ္ဘာမှာ မြန်မာ့ပုလဲကို လူကြိုက်များလာတဲ့အတွက် ပုလဲအရည်အသွေးထိန်းသိမ်းဖို့နဲ့ တိုးတက်ကောင်းမွန်လာစေဖို့ စီမံဆောင်ရွက်ထားရှိမှုအခြေအနေကို သိလိုပါတယ်ရှင့်။**

ဖြေ ။ ကမ္ဘာမှာ ရွှေရောင်ပုလဲ (Deep Gold Pearl)ကို ဈေးကွက်မှာ လူကြိုက်များလာတဲ့အတွက် ရွှေရောင်ပုလဲများရရှိအောင် ရွှေရောင်နှုတ်ခမ်းသားမုတ်ကောင်တွေကို ရွေးချယ်ပြီး စမ်းသပ်မွေးမြူလျက်ရှိပါတယ်။ စမ်းသပ်သားဖောက်ပြီးရရှိလာတဲ့ အရွယ်ရောက် မုတ်ကောင်တွေကို ဝတ်ဆံသွင်းရာမှာ ရွှေရောင်ဆက်သားစကို ရွေးချယ်အသုံးပြုပြီး ဝတ်ဆံသွင်းပုလဲမွေးမြူလျက်ရှိပြီး တစ်နိုင်ငံလုံး ပုလဲထုတ်လုပ်မှုမှာ ရွှေရောင်ပုလဲပါဝင်မှုက ၃၅ ရာခိုင်နှုန်းရရှိနေပြီဖြစ်ပါတယ်။

**ဦးဌေးအောင်**
**ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

**မေး ။ အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်လျက်ရှိတဲ့ စိုက်ခင်းအမျိုးအစားတွေနဲ့ အဲဒီစိုက်ခင်းတွေကနေ ဒေသခံပြည်သူတွေနဲ့တိုက်ရိုက်သက်ဆိုင်တဲ့ လုပ်ငန်းတွေရှိရင် ပြောပြပေးစေလိုပါတယ်။**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကစလို့ မြန်မာ့သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်ကနေ ၂၀၂၆-၂၀၂၇ ခုနှစ်ထိ ၁၀ နှစ်တာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကို ၁၀ နှစ်တာကာလ ရေးဆွဲခဲ့ပြီး သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ ပျက်စီးဆုံးရှုံးသွားတဲ့ သဘာဝတရားတွေကို ပြန်လည်ထိန်းသိမ်းခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်**



သစ်တောများ ပြန်လည်တည်ထောင်ခြင်း ပျိုးဥယျာဉ်လုပ်ငန်းကို တွေ့ရစဉ်

**ငါးနှစ်နှင့်အထက်**

ဖြေ ။ အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်တဲ့စိုက်ခင်းအမျိုးအစား ငါးမျိုးရှိပါတယ်။ အဲဒါတွေကတော့ ကျေးရွာသုံးစိုက်ခင်း၊ တောင်တန်းစိမ်းလန်း စိုပြည်ရေးစိုက်ခင်း၊ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်း၊ သုတေသနစိုက်ခင်းနဲ့ အခြားစိုက်ခင်း ဆိုပြီးရှိပါတယ်။

အဲဒီစိုက်ခင်းတွေအနက် ကျေးရွာသုံးစိုက်ခင်းကတော့ ဒေသခံပြည်သူတွေရဲ့ထင်း၊ တိုင်၊ မျော၊ လယ်ယာသုံးကိရိယာစတဲ့ အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ တည်ထောင်စိုက်ပျိုးလျက်ရှိပါတယ်။ စတင်တည်ထောင်ဖို့ တည်နေရာရွေးချယ်ကတည်းက နောင်တစ်ချိန်မှာ လွှဲအပ်ပေးမယ့် ကျေးရွာဒေသကိုပါ တစ်ပါတည်း ရည်ရွယ်ပြီးသတ်မှတ်ခဲ့ပါတယ်။ တည်ထောင်ပြီး ကျေးရွာသုံးစိုက်ခင်းတွေကို စိုက်ပျိုးပြီး သက်တမ်းငါးနှစ်နဲ့အထက်ရောက်ရင် စောစောကပြောခဲ့သလို မူလသတ်မှတ်ထားတဲ့ အကျိုးပြုကျေးရွာတွေကို ဆက်လက်ဆောင်ရွက်ထုတ်နိုင်မယ့် စီမံအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွေကို ဒေသခံတွေနဲ့ ညှိနှိုင်းရေးဆွဲပြီး လွှဲပြောင်းပေးအပ်လျက်ရှိပါတယ်။

ဒီနေ့အထိ တည်ထောင်ပြီး ကျေးရွာသုံးစိုက်ခင်း ဧက ၁၈၀၀၀၀ ကျော်အနက် ဧကပေါင်း ၃၅၀၀၀ ကျော်ကို ကျေးရွာပေါင်း ၂၉၄ ရွာကို လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါတယ်။ အဲဒီလို လွှဲပြောင်းပေးအပ်တဲ့ စိုက်ခင်းတွေအနက် ဒေသခံတွေရဲ့ဆန္ဒအရ ရေးဆွဲထားတဲ့ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်နဲ့အညီ ထုတ်ယူသုံးစွဲခဲ့တဲ့ စိုက်ကွက် ၅၀၊ ဧက ၂၅၀၀ ကျော်ကနေ ထင်းတန် ၁၃၀၀၊ တိုင် ၃၁၃၁ လုံး၊ မျော ၅၀၀၀ ခန့် ထုတ်ယူလွှဲပြောင်းသုံး စွဲပြီးဖြစ်ပါတယ်။

**ဦးလှမောင်သိန်း**
**ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**မေး ။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနဲ့ပတ်သက်လို့ သိလိုပါတယ်။**

ဖြေ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးနဲ့ လိုက်လျောညီထွေရှိစေရေးကိစ္စရပ်တွေ ဆောင်ရွက်တဲ့အခါမှာ နည်းပညာအခက်အခဲရှိပါတယ်။ အလားတူ စွမ်းဆောင်ရည်ကျွမ်းကျင်မှု အားနည်းချက်တွေ ရှိပါတယ်။ ဘဏ္ဍာရေး အခက်အခဲတွေရှိတယ်။ ဒါကြောင့် နိုင်ငံတကာအဖွဲ့အစည်းတွေဆီကနေ နည်းပညာအကူအညီတွေ၊ ဘဏ္ဍာငွေအကူအညီတွေရရှိအောင် စီမံကိန်းတွေ၊ ကျွန်တော်တို့ဌာန အပါအဝင်ဆက်စပ်ကဏ္ဍတွေပေါင်းစပ်ပြီးတော့ စီမံကိန်း၊ နည်းပညာအကူအညီအပါအဝင် ၁၅ ခုလောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထူးထူးခြားခြားပြောရမယ်ဆိုရင် ဘဏ္ဍာငွေအထောက်အပံ့နဲ့ပတ်သက်လို့ဌာနက ကမ္ဘာမှာ ပတ်ဝန်းကျင်နဲ့ပတ်သက်လို့ရန်ပုံငွေအထောက်အပံ့ Global Enviromental Facility လို့ခေါ်တဲ့ GEF အဖွဲ့ကနေပြီးတော့ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဆင်းရဲတဲ့နိုင်ငံတွေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှုကိုအကူအညီပေးတဲ့ အဖွဲ့ဖြစ်ပါတယ်။ ဒီအဖွဲ့ကနေပြီး ၂၀၁၅-၂၀၁၆ ခုနှစ်က စီမံကိန်း ၅၃ ခုကို ဒေါ်လာ ၂၈ ဒသမ ၅ သန်းအထိ ဌာနရဲ့ ပေါင်းစပ်ဆောင်ရွက်မှုနဲ့ ကဏ္ဍအသီးသီးဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကဏ္ဍ၊ ပင်လယ်ကမ်းရိုးတန်းထိန်းသိမ်းရေးကဏ္ဍတွေမှာ စီမံကိန်းငါးခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

**လိုက်လျောညီထွေ**

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်မှာလည်း ဒီအဖွဲ့အစည်းကို စီမံကိန်းအဆိုပြုလွှာ ၇ ခု ဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍ၊ ငါးလုပ်ငန်း၊ ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေးကဏ္ဍ ၊ ကမ်းရိုးတန်းဒေသမှာနေတဲ့ ဒေသခံတွေရဲ့ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေရှိစေရေးကိစ္စ၊ နောက်ပြီး စက်ရုံအလုပ်ရုံတွေကနေ ကာဗွန်ထုတ်လွှတ်ရေးဆိုတဲ့ ကိစ္စတွေပါတယ်။ ဒီစီမံကိန်းတွေကို ဘဏ္ဍာရန်ပုံငွေအနေနဲ့ အမေရိကန် ဒေါ်လာငွေ ၂၅ ဒသမ ၆ သန်းရရှိအောင် အဆိုပြုတင်ပြထားပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့အားနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေနဲ့ စွမ်းဆောင်ရည်မြှင့် တင်ခြင်းလုပ်ငန်းတွေ၊ မူဝါဒ၊ မဟာဗျူဟာတွေ ရေးဆွဲတဲ့ အခါမှာ နည်းပညာအကူအညီတွေ၊ အလားတူ ကွင်းထဲမှာ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါ ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေဖို့အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုတဲ့ ကဏ္ဍတွေ မှာ ပူးပေါင်းဆောင်ရွက်ဖို့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးတော့လည်း နိုင်ငံတကာအကူအညီတွေနဲ့ဒီထက်မက ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။**



ကန့်ဘလူမြို့နယ် ကျေးရွာသုံးစိုက်ခင်း ၇၅ ဧကမှ ထွက်ရှိသော ထင်းတိုင်၊ မျောများအား ဒေသခံပြည်သူများသို့ ဖြန့်ဝေပေးစဉ်



စစ်ကိုင်းတိုင်းဒေသကြီး ကုန်းကြီးရေကန် ရေသုံးစွဲနေမှုကို တွေ့ရစဉ်